
www.burmeseclassic.com



BURMESE CLASSIC

# ကိုကိုကြီး ပြောချင်လို့ ပြောခဲ့တာတွေ

အင်တာဗျူးများ (၁)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | - ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | - ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာအုပ်အမှတ် - ၁

# ပြောချင်လို့ ပြောခဲ့တာတွေ

## ကိုကိုကြီး

### အင်တာဗျူးများ(၁)

ဒေါင်းပျံစာပေတိုက်
အမှတ် (၄၁)၊ ဗိုလ်မှူးဗထူးလမ်းမကြီး၊ ၄၅ ရပ်ကွက်၊ မြောက်ဒဂုံ
ဖုန်း-၀၉၄၃၁၀၆၅၆၁၂

www.burmeseclassic.com

www.burmeseclassic.com


## ထုတ်ဝေမှုမှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၂၂၈၀၇၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၂၂၉၀၁၁၂

မျက်နှာဖုံးပန်းချီ - မျိုးမင်းလတ်

အတွင်းဒီဇိုင်း - အရှေ့ကြယ်

ထုတ်ဝေသူ - ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစွန်ကျော်ယု (မြ - ၀၅၅၅၇)
မာကျူရီပုံနှိပ်တိုက်၊ ၄၉၊ ရေမကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

၈၀၈.၁၁၁
ကိုကိုကြီး
ပြောချင်လို့ပြောခဲ့တာတွေ အင်တာဗျူးများ(၁)
- ရန်ကုန်
ပန်းဝေဝေစာပေ၊ ၂၀၁၂။
၁၂၀ - စာ၊ ၁၃ စင်တီ × ၂၀ စင်တီ၊
(၁) ပြောချင်လို့ပြောခဲ့တာတွေ အင်တာဗျူးများ(၁)


## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| အမှာစာ | | | |
| ကျေးဇူးတင်လွှာ | | | |
| ကိုကိုကြီး(ကိုယ်ရေးရာဇဝင်) | | | |
| ၁။ | ၁၅.၁.၂၀၁၂ | Monitor ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၁ |
| ၂။ | ၁၆.၁၀.၂၀၁၂ | ဒီလိုင်းဂျာနယ်နှင့် တွေ့ဆုံခြင်း | ၅ |
| ၃။ | ၁၉.၁.၂၀၁၂ | 7 Day News ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၉ |
| ၄။ | ၁၈.၁.၂၀၁၂ | မြန်မာပို့စ်ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၁၃ |
| ၅။ | ၁၉.၁.၂၀၁၂ | Monitor ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၂၁ |
| ၆။ | ၁၉.၁.၂၀၁၂ | ပြည်သူ့ခေတ်ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၂၉ |
| ၇။ | ၁၉.၁.၂၀၁၂ | ပေါ်ပြူလာနယူးစ်ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၃၃ |
| ၈။ | ၃၀.၁.၂၀၁၂ | The Messenger ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၃၉ |
| ၉။ | ၉.၂.၂၀၁၂ | ပေါ်ပြူလာနယူးစ်ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၅၃ |
| ၁၀။ | ၁၃.၂.၂၀၁၂ | The Messenger ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၆၀ |
| ၁၁။ | ၆.၃.၂၀၁၂ | အိပ်စ်ပရက်စ်တိုင်းဂျာနယ်နှင့် တွေ့ဆုံခြင်း | ၆၅ |
| ၁၂။ | ၆.၃.၂၀၁၂ | ကုမုဒြာဂျာနယ်နှင့် တွေ့ဆုံခြင်း | ၆၉ |
| ၁၃။ | ၂၂.၃.၂၀၁၂ | The Messenger ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၇၃ |
| ၁၄။ | ၂၂.၃.၂၀၁၂ | Hot News Journal ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၇၇ |
| ၁၅။ | | Ref; Internet | ၈၅ |
| ၁၆။ | ၉.၄.၂၀၁၂ | The Messenger ဂျာနယ်နှင့် တွေ့ဆုံခြင်း | ၈၉ |


◆

www.burmeseclassic.com

www.burmeseclassic.com

အမှာ.....

## အတွေးငှက်နှင့် မိတ်ဆက်ခြင်း

တစ်ခါက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗ·က·သ များ အဖွဲ့ချုပ်) ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ဖူးသူ သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ပြောဖူးသည်။

"အသိသစ် အတွေးသစ် အမြင်သစ် မပါလျှင် စာအုပ်သစ် မရေးနှင့်"

ကိုကိုကြီးသည် (ဗ·က·သ)များအဖွဲ့ချုပ် ခေါင်းဆောင်ဟောင်းတစ်ဦး ဖြစ်၏။ ယခုစာအုပ်မှာ အသစ်တွေ မည်မျှပေးမည်ဆိုတာထက် ယခင်ကလူတွေ (သီးခံပါခင်ဗျ၊ လူတွေယခင်က ဟု ပြောလိုရင်းပါ။) နားလည်ထားသည့် ဝေါဟာရများ၊ ရုပ်ပုံလွှာများ၏ အဓိပ္ပာယ်များကို သူက ကြိုးထုံးတွေဖြည်သလို လည်းဖြည်ပြသည်။

ရေငွေ့ရိုက်နေသောမှန်ကို သန့်စင်သလိုလည်း ပြရန်ကြိုးစားနေရှာသည်။

တကယ်ဖြည်ရဲ့လား

တကယ်ကြည်ရဲ့လား ဆိုတာ စာဖတ်သူတွေကိုယ်တိုင် ဆုံးဖြတ်ကြရုံသာ။

သေချာတာကတော့ ဒါတွေကို သူအမှတ်တမဲ့ ပြောခဲ့တာမဟုတ်။

သံတိုင်အုတ်ရိုး ဆူးကြိုးတွေကြား အကန့်အသတ် အထပ်ထပ်ကြားမှ ဖေါက်ထွက် ပျံသန်းလာရသည့် အတွေးအမြင်တွေဟာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူညီမျှခြင်းတွေဆီ ရူးရူးရဲရဲ ပျံနေမှာမလွဲ။

သည်အတွေးငှက်၏ တောင်ပံခတ်သံက ဒီစာအုပ်ထဲမှာ သူ့စကားတွေအဖြစ် ပေါ်လာသည့် အရုပ်ဖော်ဂီတဟုသာ။

မင်းကိုနိုင်

## ကျေးဇူးတင်လွှာ

Monitor၊ ဒီလှိုင်း၊ 7 Day News၊ မြန်မာပို့စ်၊ ပြည်သူ့ခေတ်၊ ပေါ်ပြူလာနယူးစ်၊ The Messenger၊ အိပ်စ်ပရက်စ်တိုင်း၊ ကုမုဒြာ၊ Hot News Journal တို့မှ အယ်ဒီတာများနှင့် သတင်းထောက်များကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

www.burmeseclassic.com



## ကိုကိုကြီး
## (ကိုယ်ရေးရာဇဝင်အကျဉ်း)

၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ အဖဦးသောင်းထွန်း အမိဒေါ်အေးကြည်တို့မှ မွေးဖွားသည်။ မွေးချင်း (၂)ယောက်အနက် သားကြီးဖြစ်သည်။ ငယ်စဉ်က ၁၉၆၆ ခုနှစ်မှစ၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်ပြီး ၁၉၇၆ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ၊ အမှတ် (၁) အစိုးရအထက်တန်းကျောင်း (တောင်ဥက္ကလာပ)တွင် အခြေခံပညာအထက်တန်း (ခ)အဆင့်ဖြင့် ဖြေဆိုအောင်မြင်သည်။] ၁၉၈၀-၈၃ ခုနှစ်တွင် AGTI (EP) ၊ စက်မှု လက်မှုသိပ္ပံမှ လျှပ်စစ်အင်ဂျင်နီယာ ဒီပလိုမာရရှိအောင်မြင်သည်။ ၁၉၈၄ ခုနှစ်တွင် အခြေခံပညာစာမေးပွဲကို အလွတ်ဖြေဆိုပြီး သင်္ချာ၊ ရူပ၊ ဓာတု ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၈၄-၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာ ပထမဦးဆုံးအသုတ်အဖြစ် တက်ရောက်သင်ကြားသည်။ ၁၉၈၆ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲ (HGP) ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေဘာသာရပ် ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၈၈ ခုနှစ်မတ်လ ၆ရက်နေ့ ကျောင်းသားလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ပြီး ဩဂုတ်လ-၂၈ ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ဒု-ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သည်။ ၁၉၈၉ ခုနှစ် ဧပြီလတွင် စတင်ထိန်းသိမ်းခြင်းခံရသည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ထပ်မံ ထိန်းသိမ်းခြင်းခံရပြီး ၁၉၉၂ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခံရ၍၊ ၁၉၉၄ ခုနှစ်ဇွန်လ ၁၁ ရက်နေ့တွင် အင်းစိန်ထောင်မှ သရက် အကျဉ်းထောင်သို့ ပြောင်းရွှေ့ခံရသည်။ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် လွတ်မြောက်လာသည်။ ၂၀၀၇ ခုနှစ်တွင် ပြန်လည်ထိန်းသိမ်းခြင်းခံရပြီး ထောင်ဒဏ် (၆၅)နှစ် (၆)လ ချမှတ်ခံရ၍ ရှမ်းပြည်နယ်၊ မိုင်းဆက်ထောင်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာသည်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

◆



www.burmeseclassic.com



" အခုတော့ ဒီလူတွေကို လွှတ်ပေးပြီး

နိုင်ငံအတွက် ကျွန်တော်တို့ ယုံကြည်ချက်တွေ၊

စေတနာတွေကို အသုံးချခွင့် ရမယ် ဆိုရင်

ကာယကံရှင်ဆိုတာထက် ...

ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက်

အများကြီးအထောက်အကူဖြစ်မယ်လို့

ကျွန်တော် မျှော်လင့်ပါတယ် ... "



## အပိုင်း (၁)

## မော်နီတာဂျာနယ်နှင့် အင်တာဗျူး

(၁၅၈၂၀၁၂)

ရန်ကုန်မြို့သို့ ကိုမင်းကိုနိုင် မရောက်မီ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော သူများအား လွှတ်ငြိမ်းချမ်းသာခွင့်ပေးသည့် (၂၀၁၂) ခုနှစ် ဇန်နဝါရီ (၁၃)ရက် ညနေပိုင်း၌ (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင် ဒုတိယ ဦးကိုကိုကြီးအား မော်နီတာဂျာနယ်မှ အနည်းငယ် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

"ကျွန်တော် ထောင် (၆၅)နှစ် နှင့် (၆)လ ကျတယ်။ အထဲမှာတော့ (၄)နှစ်နှင့် (၃)လ နေခဲ့ရပြီးပြီ။ ကျွန်မာရေးစောင့်ရှောက်မှုက မိုင်းဆတ်ထောင် အနေနဲ့ပြောရရင် နယ်စွန်နယ်ဖျားဖြစ်နေတော့ ဆရာဝန်မရှိဘူး။ အခါအားလျော်စွာ လာပြီးတော့ကြည့်ရှုတာတော့ ရှိတယ်။ ကျွန်တော်နဲ့အတူ ဟိုကလွှတ်လာတဲ့အထဲမှာ နစက အဖွဲ့တွေတော့ များတယ်။ စစ်ထောက်လှမ်းရေးအဖွဲ့တွေ၊ လဝက တွေပါတယ်။ နိုင်ငံရေးအကျဉ်းသားလို့ပြောရမှာက ကျွန်တော်နှင့် ဓာနေထူး နှစ်ယောက်ပဲပေါ့။

(၂၀၁၂) နိုင်ငံရေးအတွက် ဘာအစီအစဉ်ရှိလဲ ဆိုတော့ အခု ထောင်ကထွက်လာတော့ လောလောဆယ် ကျွန်တော်တို့ သူငယ်ချင်းတွေ ပြန်ဆုံချင်သေးတယ်။ ဘာဆက်လုပ်မလဲဆိုပြီးတော့ တိုင်ပင်ရဦးမယ်။

ထောင်ကလွှတ်လာတဲ့ ခံစားချက်ဆိုရင် အကျဉ်းကျတယ်ဆိုတာလဲ လူမပြောနဲ့၊ သာမန်ကြောင်ကလေး၊ ခွေးကလေးတောင် ချုပ်ထားရင်၊ ပိတ်ထားရင် မနေတတ်ကြဘူး။ ကျွန်တော်တို့လည်း ကာယကံရှင်တစ်ယောက်အနေနဲ့ ဆလိုလားပေမယ့် ကိုယ့်ယုံကြည်ချက်တစ်ခုအတွက် ဒီခရီးကိုဖြတ်ရမယ်ဆိုတဲ့

www.burmeseclassic.com



အသိနဲ့ ဖြတ်ခဲ့ကြတာ။

လွတ်လာတဲ့အခါကျတော့လည်း နိုင်ငံရေးသမား တစ်ယောက်အနေနဲ့ ပြောရင် ထောင်ကျနေတယ်ဆိုတာ ကျွန်တော်တို့စေတနာတွေ၊ စိတ်ကူးစိတ်သန်းတွေ ဘာမှ အကောင်အထည်ဖော်ခွင့်မရဘူး။ အခုတော့ ဒီလူတွေကိုလွှတ်ပေးပြီး နိုင်ငံအတွက် ကျွန်တော်တို့ယုံကြည်ချက်တွေ၊ စေတနာ တွေကို အသုံးချခွင့်ရမယ်ဆိုရင် ကာယကံရှင်ဆိုတာထက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အများကြီး အထောက်အကူဖြစ်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

အခု လွတ်လပ်တယ်၊ ပြုပြင်ပြောင်းလဲတယ်ဆိုတာကို ကျွန်တော်တို့က အုတ်တံတိုင်းအတွင်းမှာ နေရတဲ့သူတွေဆိုတော့ အငွေ့ပဲရှူရတာပေါ့။ အခု ကျွန်တော်ကတော့ ကိုယ်တိုင် စမ်းသပ်ကြည့်ရဦးမှာပေါ့။ ဘယ်လောက် လွတ်လပ်ခွင့်ရှိသလဲ၊ ပြောင်းလဲမှုတွေက တကယ့်ကို စစ်စစ်မှန်မှန်နဲ့ ပြောင်းလဲမှာလားဆိုတာ လေ့လာစမ်းသပ်ရမယ့် အခြေအနေမှာ ရှိပါတယ်။

အန်တီစုနှင့် ကျွန်တော်တို့ကတော့ ခရီးတစ်ခုတည်းလျှောက်ကြတယ်လို့ ပြောလို့ရပါတယ်။ အန်တီစုနှင့် ကျွန်တော်တို့ မတွေ့ဖြစ်တာကလည်း ပြောရရင် တမင်လုပ်ထားသလိုတောင် ဖြစ်နေတာ။ အန်တီစုလွတ်ရင် ကျွန်တော်တို့က အထဲမှာ၊ ကျွန်တော်တို့လွတ်ရင် အန်တီစုကအထဲမှာ။ အခု အနှစ်(၂၀)ကျော်မှာ ပထမဦးဆုံးအကြိမ် အန်တီနဲ့ ပြန်ဆုံရမှာ။ ကျွန်တော်လည်း ရင်ခုန်ပါတယ်။ စိတ်လှုပ်ရှားပါတယ်။

ကျွန်တော်ရဲ့ ကျန်းမာရေးအခြေအနေဆိုရင် တစ်ကိုယ်ရည်အနေနဲ့ စစ်ဆေးကုသစရာ အများကြီးရှိပါတယ်။ ထုတ်ပြီးတော့ ညည်းတာမျိုးတော့ မလုပ်ချင်၊ မပြောချင်တော့ဘူး။ ကျန်းမာရေးဆိုတာကတော့ အပြင်မှာရှိလည်း မလွှဲမရှောင်သာ ဖြစ်ကြမှာပဲလေ။ စိတ်ထဲမှာ ထားလိုက်ပါတော့။

လေယာဉ်ပေါ်က ဆင်းဆင်းချင်း လေဆိပ်မှာ လူတွေအများကြီးတွေ့ရတယ်။ ပထမတစ်ခေါက်လွတ်တုန်းက ကျွန်တော်တစ်ယောက်တည်းလေ။ ကျွန်တော်တို့ မိုင်းဆတ်က ဝင်းလေးက တိုက်ခန်းလေးခန်းပဲရှိတယ်။ အဲဒီမှာ အဘတူနိုင်ငံရေး အကျဉ်းသားတွေရှိနေရာက နောက်ဆုံး ကျွန်တော်တစ်ယောက်တည်း အဲဒီတိုက်ခန်းလေးမှာ။ နောက်ဆုံး ရယ်စရာတောင် ပြောဖြစ်တယ်။





တောရကျောင်းလေးတစ်ခုလို ဖြစ်နေတယ်လို့။ အဲလို တစ်ယောက်တည်း နေနေရာက လူစုလူဝေးတွေ၊ ဖလက်ချ်မီးတွေ၊ ကင်မရာတွေ တစ်ပြုံတစ်မကြီးနဲ့ တွေ့လိုက်ရတော့ ဘာပဲပြောပြော အတွေ့အကြုံတစ်ခုပါပဲ" ဟု **မော်နီတာ ဂျာနယ်သို့ ပြောပြခဲ့သည်။**

*မိုးမိုင်း၊ ကျော်ကျော်*

*(မော်နီတာဂျာနယ်)*

*၁၅.၁.၂၀၁၂*


◆



www.burmeseclassic.com

www.burmeseclassic.com





" အဲဒီတော့ လွှတ်တော်နိုင်ငံရေး ဆိုတာကတော့ သူဟာ ကိုယ်စားပြုဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်တာလို့ ကျွန်တော်မြင်ပါတယ်။ အဲဒီတော့ လက်ရှိ ရှိနေတဲ့ နိုင်ငံရေး အခြေအနေအရ ဒီမိုကရေစီမြှင့်တင်ဖို့ ဖော်ဆောင်ဖို့အတွက်ကို ကိုယ်စားပြုဒီမိုကရေစီ ဆိုတာဟာလည်း လိုအပ်တဲ့နည်းလမ်းတစ်ခုပါပဲ။ တစ်ချိန်တည်းမှာပဲ လူထုက တိုက်ရိုက်ကျင့်သုံးတဲ့ တိုက်ရိုက်ဒီမိုကရေစီနည်းလမ်းဟာလည်း ဆက်ပြီးတော့ လိုအပ်နေဦးမှာပဲ ဖြစ်တယ်။ "



## (၂)

### ဒီဂျိုင်းရှုနယ်နှင့်အင်တာဗျူး
### (၁၆.၁.၂၀၁၂)

**အခုလို လွှတ်ပြောက်လာတဲ့အပေါ် အစ်ကို ဘယ်လိုခံစားပါသလဲ။**

၂၀၁၀ ရွေးကောက်ပွဲ ပြီးသွားပြီဆိုရင် နိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ ကိစ္စဟာ သူတို့ မလွှဲမရှောင်သာ လုပ်ကိုလုပ်ရမယ့်ကိစ္စလို့ မျှော်လင့်ထားခဲ့ပါတယ်။ ပြောရရင်တော့ မျှော်မှန်းတာထက်တောင် နောက်ကျတယ်လို့ ပြောရမှာပါ။

**အခုအချိန်မှာ NLD ကလည်း ကြားဖြတ်ရွေးကောက်ပွဲဝင်မယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ကော့မှူးမြို့နယ်မှာ ကိုယ်စားလှယ်အဖြစ်နဲ့ရွေးချယ်ခံမယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ အစ်ကို့အမြင်ဘယ်လိုရှိလဲ။**

ကျွန်တော်မြင်တာကတော့ ဒီမိုကရေစီမှာ တိုက်ရိုက်ဒီမိုကရေစီနှင့် ကိုယ်စားပြုဒီမိုကရေစီဆိုပြီးတော့ နှစ်မျိုးရှိတယ်။ အဲဒီတော့ လွှတ်တော်နိုင်ငံရေးဆိုတာကတော့ သူဟာ ကိုယ်စားပြုဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်တာလို့ ကျွန်တော်မြင်ပါတယ်။ အဲဒီတော့ လက်ရှိ ရှိနေတဲ့ နိုင်ငံရေးအခြေအနေအရ ဒီမိုကရေစီမြှင့်တင်ဖို့ ဖော်ဆောင်ဖို့အတွက်ကို ကိုယ်စားပြုဒီမိုကရေစီ ဆိုတာဟာလည်း လိုအပ်တဲ့နည်းလမ်းတစ်ခုပါပဲ။ တစ်ချိန်တည်းမှာပဲ လူထုက တိုက်ရိုက်ကျင့်သုံးတဲ့ တိုက်ရိုက်ဒီမိုကရေစီနည်းလမ်းဟာလည်း ဆက်ပြီးတော့ လိုအပ်နေဦးမှာပဲဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် မြစ်ဆုံရေကာတာ တည်ဆောက် တဲ့ကိစ္စမှာ လူထုဆန္ဒဖော်ထုတ်တာမျိုးကအစ နောက် ဒီထက်ပိုပြီးတော့ လေးနက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့၊ မဲဆန္ဒရှင်တွေနဲ့ ထိတွေ့ပြီးတော့ သူတို့သဘောထားတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကို တိုက်ရိုက်တင်ပြတာမျိုးက ဒါသက်ဆိုင်ရာ မဲဆန္ဒနယ်မြေမှာ ကျင့်သုံးရမယ့် တိုက်ရိုက်ဒီမိုကရေစီလို့ ကျွန်တော်မြင်ပါတယ်။

အဲဒီရွေးကောက်ပွဲကတစ်ဆင့် လွှတ်တော် ထဲသွားမယ့်ဟာကတော့ ကျွန်တော်တို့ ဒါဟာ ကိုယ်စားပြုဒီမိုကရေစီလို့ ကျွန်တော် မြင်ပါတယ်။ ဒီနည်းလမ်းနှစ်ခုစလုံးက ဘန်ချက်ညီညီနဲ့ ဆက်ပြီး တော့ ကျင့်သုံးသွားရမှာပဲလို့ ကျွန်တော် မြင်ပါတယ်။

**နောက်ဆုံးအနေနဲ့ အစ်ကို ဘာများပြောချင်တာ ရှိပါသေးလဲ။**


အမိကကတော့ နိုင်ငံရေးသဘောထားကွဲလွဲလို့ ဖမ်းဆီးခံရတယ်ဆိုတာမျိုးဟာ ကျွန်တော်တို့နိုင်ငံမှာ ဆက်လက်မရှိသင့်တော့ပါဘူး။ ဒီမိုကရေစီ ကျင့်သုံးမယ်လို့ပြောရင် လွတ်လပ်စွာ သဘောထားဆန္ဒဖော်ထုတ်ခွင့်၊ ရေးသားတင်ပြခွင့်ဆိုတာဟာ မလွဲမသွေ ခွင့်ပြုရမယ်၊ ကျင့်သုံးရမယ့် ကိစ္စတွေပါ။ အဲတော့ ဒီကိစ္စတွေကြောင့်မို့လို့ ဖမ်းဆီးတယ်ဆိုတာမျိုးဟာ နောက်လည်းမရှိသင့်တော့ဘူးလို့ ပြောနေရမယ့်အစား အဖမ်းခံရလို့ စိတ်မကောင်းဖြစ်ရပါတယ်၊ ဝမ်းနည်းရပါတယ်လို့ ကျွန်တော်က မြင်ပါတယ်။

*ဒီရှိုင်းစာစောင်*
*ဒီရှိုင်းသတင်းထောက်*
၁၆.၁.၂၀၁၂

◆

www.burmeseclassic.com





"

ကျွန်တော့်စိတ်ထဲမှာ

အလွန်တန်ဖိုးထားတဲ့ ကောင်းမွန်တဲ့

အစိုးရတစ်ရပ်ဖြစ်ဖို့

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ဖို့ဆိုတာ

မဖြစ်မနေလုပ်ရမယ့် အခြေခံကျတဲ့ အချက်တွေပဲ...

"

(၃)

**7 Days News Journal နှင့်အင်တာဗျူး**

**(၁၄.၁.၂၀၁၂)**

**ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သောကိုကိုကြီးနှင့်တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

ပထမဆုံး ထိန်းသိမ်းခံရတဲ့ အခြေအနေကို ပြောပြပေးပါဦး။

၂၀၀၇ ဩဂုတ်လက ထိန်းသိမ်းခံရပြီးတော့ အီလက်ထရွန်နစ်ဥပဒေ၊ အသင်းအဖွဲ့ ဖွဲ့စည်းတဲ့ဥပဒေ၊ တရားရုံး မထီမဲ့မြင်ပြုမှုနဲ့ စုစုပေါင်း နှစ်ပေါင်း ၆၅ နှစ်နှင့် ခြောက်လ ထောင်ကျခဲ့တယ်။ အင်းစိန်ထောင်တွင်း တရားရုံးမှာတော့ တရားရုံး မထီမဲ့မြင်ပြုမှုကို ချမှတ်ခဲ့တယ်။ မအူပင်မှာက ၆၅ နှစ်ထပ်ချတယ်။ ပြီးတော့ အဲဒီကနေ အင်းစိန်ပြောင်း၊ အင်းစိန်ကနေ ကျိုင်းတုံပြောင်း၊ ဒီထောင်မှာ မိုင်းဆတ်ကို ထပ်ပြောင်းခဲ့ရတယ်။ မိုင်းဆတ်ကနေ ပြန်လွတ်လာတာပဲ။

ထောင်ထဲမှာ စားရေးနေရေး အခြေအနေကရော ဘယ်လို အခြေအနေရှိပါသလဲ။

ရပ်ဝေးထောင်ဆိုတော့ ထောင်ဝင်စာက ခက်တယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်တယ်။ တစ်လတစ်ကြိမ် မလာနိုင်ဘူး။ အဲဒီ လမ်းပန်းဆက်သွယ်ရေးကလည်း လေယာဉ်ပဲ အားကိုးနေရတယ်။ လေယာဉ်ခ တုန်းကဆို တစ်လတစ်ခေါက်တောင် လေယာဉ်က မဆင်းဘူး။ အခုတော့ တစ်ပတ်နှစ်ခါ ဆင်းတယ်။ အခုတော့ အိမ်က money order နဲ့ ငွေလွှဲပြီး နှစ်ပတ်တစ်ခါ ဈေးဝယ်ပြီး စားသောက် ရပ်တည်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ထောင်ထဲမှာ စာအုပ်တို့ ဂျာနယ်တို့ ရေဒီယို တီဗီတို့ရော ဖတ်လို့ ကြည့်လို့ရလား။**

သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်းဖတ်ခွင့်ရှိတယ်။ ဒါပေမဲ့လည်း မိုင်းဆက်က အရမ်းခေါင်တဲ့မြို့လေးဖြစ်နေတော့ သတင်းစာကလည်း တစ်ခါတလေဆို တစ်လလောက်တောင် ကြာတယ်။ ဂျာနယ်လည်း မြို့မှာရှိတဲ့ စာအုပ်ဆိုင် တွေမှာ မှာလို့မရဘူး။ အထူးသဖြင့် ဘောလုံးဂျာနယ် လောက်ကို ပုံမှန်ရတယ်။ တခြားဂျာနယ်တွေက ပြောက်ကျား ပြောက်ကျားပဲရတယ်။ အိမ်ကနေ ပါဆယ် ထည့်ပေးလိုက်တဲ့ စာစောင် ဂျာနယ်တွေတော့ ဖတ်ရတယ်။ ပုံမှန်တော့မဟုတ်ဘူး။

**လက်ရှိ နိုင်ငံရေးအပေါ်မှာရော ဘယ်လိုများ မြင်ပါသလဲ။**

ပုံသဏ္ဌာန်ပြောင်းလဲလာတာတော့ သတိထားမိပါတယ်။ အရင်ဆုံး လေဆိပ်မှာကြုံခဲ့ရတဲ့ မြင်ကွင်းက မီဒီယာပွင့်လင်းလာမှုပါ။ မီဒီယာသမားတွေ ထဲမှာလည်း လူငယ်တွေများလာတော့ အရမ်းအားရတယ်။ မျှော်လင့်ချက်ထား၊ မီဒီယာပွင့်လင်းလာခြင်းက နိုင်ငံရဲ့ဒီမိုကရေစီပွင့်လင်းလာမှုရဲ့ အခြေခံအုတ်မြစ် တစ်ခုပဲ။ ဒီအခြေအနေမျိုးကို ဆက်ထိန်းသိမ်းပြီး ပိုပြီးမြှင့်တင်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။**

ဒေါ်စုက နိုင်ငံတကာရဲ့ ထောက်ခံလေးစားမှု၊ ချီးကျူးဂုဏ်ပြုမှုတွေရော၊ ပြည်တွင်းကပြည်သူတွေရော ထောက်ခံအားပေးမှုရထားတဲ့ ခေါင်းဆောင် တစ်ယောက်ပါ။ တကယ့်ကို ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုမှာ သူက အရေးပါတဲ့ သော့ချက်တိုင်တစ်ခုဖြစ်ပါတယ်။

**လက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပေါ်မှာ အစ်ကို့ရဲ့အမြင်ကိုလည်း ပြောပြပေးပါဦး။**

ကျွန်တော်တို့က သမ္မတကြီးနဲ့ လူပုဂ္ဂိုလ်ချင်း တွေ့ဆုံခွင့်မရသော်လည်း သတင်းစာထဲကတစ်ဆင့် သမ္မတကြီးရဲ့ပြောကြားချက်တွေ ဖတ်ရှုရတယ်။ ဖတ်ရတဲ့အခါမှာတော့ အထူးသဖြင့် **ကျွန်တော့်စိတ်ထဲမှာ အလွန် တန်ဖိုးထားတဲ့ ကောင်းမွန်တဲ့အစိုးရတစ်ရပ်ဖြစ်ဖို့ တရားဥပဒေစိုးမိုးရေး ဆောင် ရွက်ဖို့ဆိုတာ မဖြစ်မနေလုပ်ရမယ့် အခြေခံကျတဲ့ အချက်တွေပဲ။** အဲဒီ သဘော တရားကို လက်တွေ့ခံစားနိုင်အောင် ကျွန်တော်တို့နိုင်ငံသားတွေ ခံစားနိုင်အောင်





ချက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့လိုတယ်လို့ ထင်ပါတယ်။

**ရှေ့မှာ နိုင်ငံရေး ဆက်လုပ်မှာလား။**

၈၈ မျိုးဆက်ကျောင်းသားတွေအားလုံး ဆုံပြီးတော့မှ ဒီကိစ္စကိုဆွေးနွေး ညှိနှိုင်းပြီး ပြောပါ့မယ်။

**အစ်ကို့ကို ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရုပ်ချင်းဆင်တူတယ်လို့ ပြောကြတယ်။ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိရိုက်ဖို့ ကမ်းလှမ်းလာရင် လက်ခံမလား။**

ကျွန်တော်ကိုယ်တိုင်တော့ ဘာမှမကြားရသေးပါဘူး။ နောက်တစ်ခု ကလည်း သူတို့ သင့်တော်တဲ့လူတွေကို သမိုင်းရှုထောင့်ကရော၊ အနုပညာ ရှုထောင့်ကရော စဉ်းစားကြမှာပါ။ ကျွန်တော်က နိုင်ငံရေးထဲရောက်ခါမှ ဟင်မရာတို့ ဘာတို့နဲ့ ဆုံဖူးတာဆိုတော့ အတွေ့အကြုံသိပ်မရှိပါဘူး။

**ပြည့်သိမ်း**

*(7 Days News Journal)*

*၁၉-၁-၂၀၁၂*

◆



www.burmeseclassic.com

www.burmeseclassic.com





“

လူထုက ငါးနှစ်တစ်ကြိမ် မဲပုံးထဲ မဲထည့်ရင်

ဒီမိုကရေစီဖြစ်သွားပြီလို့ ယေဘုယျသိတဲ့အသိက

မလုံလောက်ဘူး။ ဒီကာလတစ်လျှောက်လုံးမှာ

လွှတ်တော်ကိုယ်စားလှယ်တွေက

မဲဆန္ဒရှင်တွေနဲ့

ဘယ်လောက် ထိတွေ့နေသလဲ၊ ထိစပ်နေလဲ၊

မဲဆန္ဒရှင်တွေရဲ့ ဆန္ဒကို လွှတ်တော်မှာ

ဘယ်လောက်ပွင့်ပွင့်လင်းလင်း တင်ပြနေသလဲ

ဆိုတာကို တိုင်းတာရမှာ ဖြစ်တယ်။ ”



(၄)

**ပြန်ဆုံကြရစဉ်နှင့်အင်[illegible]**

**(၁၁.၁.၂၀၁၂)**

ဇန်နဝါရီ ၁၃ ရက်တွင် ယုံကြည်ချက်ဖြင့် အကျဉ်းကျသူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးတို့ လွှတ်မြောက်လာခဲ့ကြောင်း သတင်း ရရှိ၍ မြန်မာပို့စ်ဂျာနယ် မှ ကိုကိုကြီးနှင့် တွေ့ဆုံရန် ညနေ ၆ နာရီကျော်တွင် ကိုကိုကြီးနေအိမ် တောင်ဥက္ကလာ ရဲစခန်း အနီး အောင်ရတနာရွှေဆိုင်သို့ သွားရောက်ခဲ့ပါသည်။

အိမ်ရှေ့အရောက်တွင် ကိုကိုကြီးမှာ မိတ်ဆွေသူငယ်ချင်းများ မိသားစုဝင်များနှင့် ပျော်ရွှင်စွာစကားပြောနေသည်ကို တွေ့လိုက်ရပါသည်။ လွတ်လွတ်ချင်း ထမင်းမစားသေး ဘဲဝင်လာသမျှဖုန်းတိုင်းကို လက်ခံပြောဆိုနေပါသည်။ မိတ်ဆွေတစ်ယောက် က ‘ကိုကိုကြီး ထမင်းစားဦး’ ထောင်ထဲမှာနေတုန်းက ထမင်းစားရတယ်၊ အခု ပြန်လွတ်တော့မှ ထမင်းမစား ရသေးဘူး။ အပြင်ရောက်ရင်လည်း ဒုက္ခ’ ညည်းတွားစကားဆိုသည်။ ည ၇ နာရီ ၁၀ မိနစ်တွင် အငှားယာဉ်တစ်စီး ရောက်ရှိလာခဲ့ရာ ‘ကိုကိုကြီးရေ ဂျပန်သတင်းထောက်တွေ လာပြီ။ ထမင်းစားဖို့ စိတ်မကူးနဲ့ဦး’

တက္ကစီကားပေါ်မှ နီကွန်တယ်လီဗေးရှင်းမှ သတင်းထောက်များ ဆင်းလာကာ ကိုကိုကြီးနှင့် မိတ်ဆက်စကားများ ပြောကြသည်။ နောက် ဂျပန်သတင်းဌာနမှ အင်တာဗျူး လုပ်နေသဖြင့် ခေတ္တစောင့်ဆိုင်းနေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ည ၇ နာရီခွဲတွင် ကိုကိုကြီးအား တွေ့ဆုံမေးမြန်း ခဲ့ပါသည်။

**ထောင်ကလွတ်တယ်ဆိုတာကို သက်ဆိုင်ရာက ကြိုပြောသလား ဘယ်တော့မှသိရလဲ**

၁၃ ရက် မနက်ကျမှ ထောင်ပိုင်က လာအကြောင်းကြားတာ။

သတင်းစာထဲမှာ ကြေညာတာကိုက ၄၀၁(၁) ကျင့်ထုံးဖြစ်တယ်လို့ ပြောထားတယ်။ ကျွန်တော့်ရဲ့သဘောထားကတော့ ၄၀၁(၁) ကို လက်မှတ်ထိုး ဆိုရင် မထိုးဘူးလို့ ဆုံးဖြတ်ထားတယ်။ ၄၀၁(၁) ကို ထိုးခဲ့တဲ့လူတွေကို ကျွန်တော်က ရှုတ်ချတာ၊ ကန့်ကွက်တာ လုံးဝမဟုတ်ဘူး။ ခံစားခဲ့ရတဲ့ တရားစီရင်မှုဟာ လုံးဝ တရားမျှတမှုမရှိတဲ့၊ မဖြစ်သင့်တဲ့ တရားစီရင်မှုဖြစ်လို့ ဒီတရားစီရင်မှု တစ်ခုလုံးကို အသိအမှတ်မပြုဘူး။

ဒါကြောင့်မို့လို့ ၄၀၁(၁) ကို ကာယကံရှင်အဖြစ်နဲ့ လက်မှတ်ထိုးပါ ဆိုရင် မထိုးတာဖြစ်တယ်။ ထိုးလိုက်ရင် ၆၅ နှစ် နှင့် ၅ လ ချလိုက်တာ အသိအမှတ်ပြုရာ ရောက်မှာစိုးလို့ မထိုးတာ။ ကျန်တဲ့ ၄၀၁(၁) ကို ထိုးတဲ့ သူတွေကို ရှုတ်ချတဲ့သဘော၊ ကန့်ကွက်တဲ့သဘော လုံးဝ မဟုတ်ဘူး။

ကျွန်တော်က အီးမေးလ် ၄ စောင်၊ စာပါ အကြောင်းအရာဟာလည်း နိုင်ငံရေးထိပါးစေနိုင်တာ မဟုတ်ဘူး။ အဲဒီ ၄ စောင်ကို တစ်စောင်ကို၁၅နှစ်နဲ့ ၄စောင်၊ ထောင်အနှစ် ၆၀ ဆိုပြီး ချခဲ့တာပါ။ ကျွန်တော်တို့သိသလောက် ဆိုရင် ဒီ အီလက်ထရွန်နစ်ပုဒ်မ ၃၃(က) ဟာ ကိုးကားစီရင်ထုံးမရှိသေးဘူး။

ကျွန်တော်တို့ကို ပထမဆုံးချတဲ့ပုဒ်မဟာ ဥပဒေဆိုင်ရာ မှတ်တိုင်တစ်ခု ဖြစ်တယ်။ နိုင်ငံရေးအရ သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်။ ဒီလို ပြစ်မှုပြစ်ဒဏ် မမျှတတဲ့ ဆုံးဖြတ်ချက်မျိုးကို အသိအမှတ်မပြုဘူးဆိုပြီးတော့ တရားရုံးကိုလည်း အသိအမှတ်မပြုဘူး။ တရားရုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုးကိုလည်း မလုပ်ဘူး။ အဲဒီဖြစ်ရပ်ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ၄၀၁(၁) ကိုလည်း လက်မှတ်မထိုးဘူး။ အဲဒါဟာ နိုင်ငံရေးသဘောထားနဲ့ မဆိုင်ဘူး။ ဥပဒေဆိုင်ရာ ကျွန်တော်တို့ရဲ့ အမြင်နှင့် ရပ်တည်ချက်ဖြစ်တယ်။ နိုင်ငံရေး သဘောတရားအရ ညှိနှိုင်း ဆောင်ရွက်ရမယ်။ ၄၀၁(၁) အပေါ်ထားတဲ့ သဘောထား ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံရေးအပေါ်ထားတဲ့ သဘောထားနဲ့ မဆိုင်ဘူး။ ဒီပုဒ်မ အပေါ် ဥပဒေအရ





ကျွန်တော်တို့ရဲ့ သဘောထားသာ ဖြစ်တယ်။ အဲဒါလေးတော့ နည်းနည်း လေးတော့ တူညီစေချင်တယ်။

**၄၀၁(၁) အပေါ်မှာ လက်မှတ်မထိုးပေမယ့် စာရွက်ပေါ်မှာ ရေးပေးလိုက်တာကရော⋯**

လုပ်ထုံးလုပ်နည်းအရ ကျင့်သုံးတာက အာဏာပိုင်တွေရဲ့အပိုင်းဖြစ် တယ်။ အသိအမှတ်ပြုတဲ့သဘောနဲ့ လက်မှတ်ထိုးခိုင်းတာကို မထိုးတာက ကျွန်တော့်အပိုင်းဖြစ်တယ်။ ဝရမ်စာအုပ်မှာ ၄၀၁(၁)နဲ့ လွတ်တယ်ဆိုပြီး မှတ်ချက်ရေးတာက သူတို့လုပ်ထုံးလုပ်နည်းဖြစ်တယ်။ ကျွန်တော်ကတော့ အသိအမှတ်မပြုဘူး။ ထောင်ထွက်လက်မှတ်နဲ့ ဒါဟာ လုပ်ရိုးလုပ်စဉ်အရ သူတို့ကလုပ်တာဖြစ်တယ်။ ကျွန်တော့်ဘက်ကတော့ တရားဝင်လက်မှတ်ထိုး ခဲ့ခြင်းလည်းမရှိဘူး၊ သဘောတူညီခဲ့ခြင်းလည်းမရှိဘူး။

**အခုတော်သောင်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ ဘယ်လို ရှေ့ဆက်သွားဖို့ရှိလဲ။ ဘယ်လို မြင်လဲ။**

၉၀ ရွေးကောက်ပွဲရလဒ်ကို ရပ်တည်မယ်ဆိုပြီး NLD ကို ၉၀ ရွေးကောက်ပွဲမှာ လူထုက ကိုယ်စားပြုတဲ့ အင်အားစုအဖြစ်နဲ့ ရပ်တည်ခဲ့ကြတာ ပါ။ အခု ထွက်လာတဲ့အချိန်မှာ ၂၀၀၈ ဖွဲ့စည်းပုံနဲ့ ၂၀၁၀ ပြည့်နှစ်ရလဒ် ရှိနေတယ်။ လက်ရှိတည်ဆဲလွှတ်တော်ရှိနေတယ်။ လက်ရှိတည်ဆဲအစိုးရအဖွဲ့ ရှိနေတယ်။ ဆိုလိုတာက ကျွန်တော် အခုရင်ဆိုင်နေရတာက အရှိတရားတစ်ခု ဖြစ်နေတယ်။ ဒီမိုကရေစီနည်းလမ်းတစ်ခုဖြစ်နေတယ်။

ဒီမိုကရေစီနည်းလမ်း လုပ်ဆောင်မယ့် အဖွဲ့အစည်းတွေ ရှိနေမယ်။ တစ်ဖက်ကလည်း တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးဖို့ ကြိုးစားနေတဲ့ အင်အားစု တွေလည်း ရှိနေမယ်။ ကျွန်တော် ဆိုလိုတာက လွှတ်တော်ရွေးကောက်ပွဲဆို တာက ကိုယ်စားပြုဒီမိုကရေစီကျင့်သုံး တာဖြစ်တယ်။ တိုက်ရိုက်ဒီမိုကရေစီ ဆိုတာက မြစ်ဆုံရေကာတာ လူထုဆန္ဒ ဖော်ထုတ်ပွဲလိုမျိုးပါ။ ဒီထက် တစ်ဆင့်ထပ်ပြောရရင် လူထုက ငါးနှစ်တစ်ကြိမ် မဲပုံးထဲ မဲထည့်ရုံနဲ့ ဒီမိုကရေစီဖြစ်သွားပြီလို့ ယေဘုယျသိတဲ့အသိက မလုံလောက် ဘူး။ ဒီကာလတစ်လျှောက်လုံးမှာ လွှတ်တော်ကိုယ်စားလှယ် တွေက မဲဆန္ဒရှင်တွေနဲ့ ဘယ်လောက်ထိတွေ့နေသလဲ၊ ထိစပ်နေလဲ၊ မဲဆန္ဒရှင်တွေရဲ့ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်မှာ ဘယ်လောက် ပွင့်ပွင့်လင်းလင်း တင်ပြနေ သလဲဆိုတာကို တိုင်းတာရမှာဖြစ်တယ်။

မဲဆန္ဒရှင်နှင့် လွှတ်တော်ကိုယ်စားလှယ် ထိတွေ့နေရတဲ့ ဆက်ဆံရေးဟာ တိုက်ရိုက်ဒီမိုကရေစီဖြစ်တယ်။ တစ်ဖက်က ငါးနှစ်တစ်ကြိမ် ရွေးကောက်လိုက်တာဟာ ကိုယ်စားပြုဒီမိုကရေစီ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့က လွှတ်တော်ထဲဝင်တဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ်စားလှယ်တွေ ဘယ် နည်းလမ်းကိုရွေးချယ်နေသလဲ၊ ကိုယ်စားပြုဒီမိုကရေစီကို ကျင့်သုံးတဲ့လူတွေ ဖြစ်ပြီး ကျန်တဲ့အင်အားစုတွေက တိုက်ရိုက်ဒီမိုကရေစီတွေကို ကျင့်သုံးခွင့်လည်း ရှိတယ်၊ ကျင့်သုံးဖို့လည်း လိုအပ်တယ်လို့ ယူဆတယ်။ အဲဒီပုံစံနှစ်ရပ်စလုံးက ဆက်ပြီးတော့ ရှိနေဦးမယ့် နိုင်ငံရေးပုံစံနှစ်ခုပဲလို့ ကျွန်တော်မြင်ပါတယ်။

**အခု လူငယ်တွေကို တွေ့နေရတယ်။ အပျော်အပါးဘက်ကို အရမ်းအားသန်နေကြတယ်။ နိုင်ငံရေးကို စိတ်မဝင်စားကြဘူး။ အဲဒီအပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် ၈၈ ကာလတုန်းက လမ်းစမမြင်ခဲ့ဘူး၊ ပိန်းပိတ်အောင်မှောင်နေတဲ့လမ်းကို လျှောက်ခဲ့ရတယ်။ ကျောင်းထဲမှာ တက္ကသိုလ်တက်နေရင်းနဲ့ မူးယစ်ဆေးဝါးသုံးစွဲနေတာ ရှိပါတယ်။ နောက်တစ်ခုက ထွက်ပေါက်မရှိတဲ့အခါမှာလည်း လွဲမှားတဲ့ စိတ်ထွက်ပေါက်ကိုလည်း ရှာကြတယ်။ နိုင်ငံရေးဘက်ကိုလည်း မထွက်နိုင်ကြတော့ ဒီလူ့အဖွဲ့အစည်းတွေထဲမှာပဲ မွန်းကျပ်နေကြတယ်ဆိုတော့ ကျွန်တော်တို့လူငယ်တွေဟာ လူညံ့တွေမဟုတ်ကြဘူး။

သူတို့ လေ့လာချင်တဲ့ ဆန္ဒတွေရှိတယ်။ သူတို့ အများအကျိုးဆောင်ရွက်ချင်ကြတဲ့ ပရဟိတစိတ်တွေလည်း ရှိတယ်။ အဲဒါကို ကျွန်တော်တို့နောက်မှာ ရော၊ အခုလက်ရှိဖြစ်နေတဲ့ လူ့အဖွဲ့အစည်းတွေမှာရော တက်တက်ကြွကြွ လုပ်နေတာ ကြားနေရတယ်။ ဒီလူငယ်တွေဟာ လုပ်ခွင့်မရလို့ ရွေးချယ်မှု ပျောက်ဆုံးနေတာ လို့မြင်တယ်။ နိုင်ငံတော်က ပွင့်လင်းတဲ့လူ့အဖွဲ့အစည်းတွေ ဖြစ်လာပြီဆိုရင် လူငယ်တွေရဲ့တန်ဖိုးတွေက မြင့်တက်လာမှာပါ။

ကျွန်တော်ကိုယ်တိုင်က နှစ်ဘဝဖြစ်နေတယ်။ ကိုယ့်ကိုယ်ကို ကျောင်းသားလို့ပဲထင်နေတယ်။ ထောင်လည်းကျဖူးပြီ။ အဲဒီ စိတ်ခံစားမှုက အခု





၅၀ ရယ်လို့ သိလိုက်တဲ့အခါမှာ အလန့်တကြား ဖြစ်သွားတယ်။ သိလိုက်တဲ့ စိတ်ခံစားမှုကတစ်ခု၊ တစ်ခါတလေတော့ ကိုယ့်ကိုယ်ကိုယ် လူငယ်လို့ပဲ မြင်တယ်။

ကျွန်တော်တို့က အခုလူငယ်တွေကို အများကြီး မျှော်လင့်ချက်ထားပါတယ်။ တစ်ချိန်တုန်းက လူကြီးတွေမြင်တဲ့ အဖြစ်မျိုးတွေကို ပြန်ပြီးသတိထားမိတယ်။ ကျွန်တော်တို့က ဒီအသက်အရွယ် ရောက်လာတဲ့အခါကျတော့ အဲဒီလူငယ်တွေကို မင်းတို့ ဘာမှ မသိပါဘူးကွာ၊ ငါတို့ဖြစ်တုန်းက ဘယ်လိုမျိုးပါလို့၊ အဲဒီလို ဆက်ဆံတာမျိုး စိတ်ခံစားမှုတွေနဲ့ ဆက်ဆံလို့မဖြစ်ပါဘူး။

**နိုင်ငံရေးအကျဉ်းသားတွေ ကျန်သေးတယ်လို့ ခုနက ပြောတယ်။ အဲဒီအပေါ်မှာရော အန်တီစုနဲ့ အစိုးရဘက်နဲ့ နှစ်ဦးနှစ်ဖက်တွေ့ဆုံမှုရဲ့ အသီးအပွင့်လို့ ထင်ပါသလား။**

အကျိုးရလဒ်တစ်ခုဆိုတာ အကြောင်းရလဒ်တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ အကြောင်းကြောင်းတိုက်ဆိုင်မှုကြောင့် အကျိုးဖြစ်လာတာပါ။ တွေ့ဆုံဆွေးနွေးမှုက အကြောင်းတွေအများထဲက တစ်ခုပါ။

နိုင်ငံတကာ က တောင်းဆိုတာ၊ ဖိအားပေးတာ၊ ကာယကံရှင်ဦးဆောင်တဲ့ လူတွေကိုယ်၌ ကလည်း နိုင်ငံကအရမ်းကို ခေတ်နောက်ကျနေပြီး နိုင်ငံတော် ပြုပြင်ပြောင်းလဲမှုကို လုပ်မှကိုဖြစ်လိမ့်မယ်။ အမြန်ဆုံး လုပ်သင့်ပြီ။ သူတို့ကိုယ်၌ကလည်း နားလည် တာက အကြောင်းတစ်ခု၊ အကျဉ်းသားလွှတ်ပေးတာပဲဖြစ်ဖြစ်၊ အကြောင်းကြောင်းကြောင့် ဖမ်းထားဖို့လည်းမကောင်းဘူး။

နောက်ဆိုရင် ဒီမိုကရေစီ စနစ်ကျင့်သုံးတဲ့နိုင်ငံက ကွဲလွဲမှုကြောင့် ဖမ်းတယ်၊ ဆီးတယ်၊ မဖြစ်စေချင်ဘူး။ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ ကြွေးကြော်နေတာက သူတို့ကိုယ်တိုင်က အပြုသဘော မဆောင်သေးပါဘူး။

**လိုအပ်ချက်တွေရှိနေတယ်ဆိုတော့ နိုင်ငံတော်သမ္မတကို ဘယ်လိုသဘောထားလဲ။**

အခု နိုင်ငံတော်သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံတာကို ဓာတ်ပုံဖော်ပြချက်တွေအရ ကျွန်တော်တို့သိရတယ်။ ဘယ်လိုရလဒ်တွေထွက်လာတယ်။ တွေ့ဆုံဆွေးနွေးမှုနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို မရသေးဘူး။ လက်တွေ့ထင်သာမြင်သာတဲ့ ကျွန်တော်တို့ပြည်သူတွေ ခံစားရတဲ့ ရလဒ်မျိုးတွေ ထွက်လာဖို့လိုတယ်။ အလားတူပဲ တိုင်းရင်းသားဒေသတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံဆွေးနွေးနေတာကြားရတယ်။ အပစ်အခတ်ရပ်စဲရေးဟာ ပထမအဆင့်ပဲ။ ထာဝရငြိမ်းချမ်းရေးဟာ အဲဒီဒေသပြည်သူတွေ စိတ်အေးလက်အေး စီးပွားရှာနိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို အချိန်ယူပြီး ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်တယ်လို့ နားလည်ရမှာဖြစ်ပါတယ်။

**ဦးခင်ညွန့်နဲ့ သူတို့ထောက်လှမ်းရေးက လူအချို့ လွှတ်လာမှုအပေါ် ဘယ်လိုမြင်ပါသလဲ။**

တစ်ချိန်တုန်းက သူတို့က ကျွန်တော်တို့ကို ဖမ်းဆီးစစ်ဆေးခဲ့တာ။ အခု ပြန်လွှတ်လာတော့ ဘဝတူအကျဉ်းသားအနေနဲ့ ပြန်လွှတ်လာတာ။ အဲဒီအပေါ်မှာ ကျွန်တော်နားလည်တာက ဒီမိုကရေစီကို နားလည်လက်ခံမှုမရှိတဲ့အတွက်ကြောင့် သဘောထားကွဲလွဲတဲ့အပေါ်မှာ ဒီစနစ်ဆိုးကြီးရဲ့သားကောင်အဖြစ်နဲ့ ကျွန်တော်တို့လည်းခံခဲ့ရသလို သူတို့လည်းခံခဲ့ရတယ်။

ဖိနှိပ်ခံရတဲ့လူတွေတင်မဟုတ်ဘဲနဲ့ အဲဒီစနစ်ကိုကျင့်သုံး တဲ့လူတွေကိုယ်တိုင် သားကောင်ဖြစ်သွားတာ။ ၈၈ မှာ ဦးနေဝင်းနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စနစ်ရဲ့ သားကောင်တွေဖြစ်သွားတယ်ဆိုတာကို နောက်လူတွေက လူကြီးတွေအနေနဲ့ရော၊ လူငယ်တွေအနေနဲ့ရော သင်ခန်းစာယူရမယ်လို့ မြင်ပါတယ်။

**ရှေ့ဆက်လာမယ့် မြန်မာ့နိုင်ငံရေးနဲ့ ၈၈ မျိုးဆက် လူငယ်တွေထဲက လွှတ်တော်ထဲဝင်ချင်တဲ့သူတွေအပေါ်မှာရော ဘယ်လိုမြင်လဲ။**

ကျွန်တော်ကတော့ ကွဲလွဲမှုလို့ မမြင်ပါဘူး။ သူတို့ခံစားချက်အရပါ။ ကိုယ်စားပြုဒီမိုကရေစီကို ရွေးချယ်တဲ့သူက သူ့ရဲ့စေတနာနဲ့ ရည်ရွယ်ချက်မှန်ဖို့ပဲလိုပါတယ်။ (စေတနာကောင်းတိုင်းအတွက် အတတ်ပညာလည်း လိုပါတယ်။ ကိုယ်ရွေးချယ်တဲ့လမ်းပိုင်းကို ထိရောက်အောင်လုပ်နိုင်တဲ့သူဖြစ်ဖို့ လိုအပ်တယ်။) ပြီးတော့ ကျွန်တော်တို့ဆီမှာ နိုင်ငံရေးသင်တန်းကျောင်းမရှိဘူး။ နိုင်ငံရေးသင်တန်းကျောင်းက ထောင်ပဲ။ အဲဒီတော့ ထောင်ထဲမှာပဲ အချင်းချင်းလေ့ကျင့်ပျိုးထောင်ရတယ်။ အဓိကကတော့ အကျိုးပြုနိုင်တဲ့သူဖြစ်ဖို့ လိုအပ်တယ်။

ကျွန်တော်က အနာဂတ်ဆိုတာထက်ကို ပစ္စုပ္ပန်တည့်တည့်ကိုပဲ ရှုချင်တယ်။ လွှတ်လာတာကို လွှတ်လာတယ်လို့ပဲ မှတ်လိုက်တယ်။ ထပ်ဖမ်း





ရင်လည်း ဖမ်းတယ်လို့ပဲ မှတ်လိုက်တယ်။ ဆက်ပြီးတော့ လှုပ်ရှားခွင့်ရတယ်ဆိုရင်လည်း ဪ ဒါကတော့ တိုးတက်လာတယ်လို့ပဲ သတ်မှတ် လိုက်မယ်။ သူတို့ဆောင်ရွက်တဲ့ ကာလအပိုင်းလိုက်တစ်ခုစီမှာပဲ ကျွန်တော်က စောင့်ကြည့်ချင်တာ။

*လှမင်းသောင်းထွန်း၊ယဉ်ယဉ်ရာ*

*(မြန်မာ့ဝိုင်စ်)*

*၁၀-၁-၂၀၀၂*

◆



www.burmeseclassic.com

www.burmeseclassic.com





" အမိကကတော့တစ်ယောက်အပေါ်မှာတစ်ယောက်ရှိနေတဲ့ သံသယတွေကိုဖျောက်ဖို့၊ ထိတွေ့ဆက်ဆံမှု လုံးဝမရှိတဲ့ အခြေအနေကနေပြီးတော့ထိတွေ့ဆက်ဆံဖို့၊ နောက်ဒီထက်ပိုပြီးအနုစိပ်ဖို့၊ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခန်းကဏ္ဍတွေကိုရှာဖွေဖို့အဲဒါတွေကအရေးကြီးဆုံးပါပဲ။ ပူးပေါင်းဆောင်ရွက်မှုနဲ့ပဲ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ "

## (၅)

### Monitor Journal နှင့်အင်တာဗျူး
### (၁၉.၁.၂၀၁၂)

(၂၀၁၂) ခုနှစ်၊ ဇန်နဝါရီ (၁၅)ရက်နေ့ နံနက်ပိုင်းက (၈၈) မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ယောက်ဖြစ်သူ ကိုကိုကြီးနှင့် အင်တာဗျူးခွင့်ရခဲ့သည်။ ကိုကိုကြီးသည် ကျွန်တော်သိချင်သည်များကို စိတ်ရှည်လက်ရှည်ဖြေပေးသည်။ သူ့ဘဝတွင် နိုင်ငံရေး အတွက် ပေးဆပ်ရင်းနှီးခဲ့ရသည်များ၊ မြန်မာပြည်တိုးတက်ဖို့၊ မြန်မာပြည်သူတွေဘဝ တိုးတက်မြင့်မားဖို့ ဘက်ပေါင်းစုံက စဉ်းစားထားသူ၊ အမြင်ကျယ်သူ၊ စိတ်ရင်းကောင်းသူ၊ နားလည်မှုရှိသူ ကိုကိုကြီး။ (၂၀၀၇) ခုနှစ်တွင် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များအကြောင်းကို ကျွန်တော်တို့ ပြည်တွင်းမီဒီယာများတွင် ဖော်ပြခွင့်မရခဲ့ပေ။ ယနေ့အချိန်တွင်တော့ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့် ပတ်သက်သော သတင်းများ၊ အင်တာဗျူးများက လူတိုင်းသိချင်၊ ဖတ်ချင်နေကြသော သတင်းများဖြစ်သည်။ မြန်မာပြည် နိုင်ငံရေးသမိုင်းကို ပြောကြမည်ဆိုလျှင် မပါမဖြစ် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီး၏ အင်တာဗျူးခဲ့သည်များကို မော်နီတာဂျာနယ် ပရိသတ်အတွက် ဖော်ပြပေးလိုက်ပါသည်။

**အစ်ကိုတို့ကို လွတ်ငြိမ်းချမ်းသာခွင့် လက်မှတ်ရေးထိုး [illegible] သမ္မတကြီး ဦးသိန်းစိန်ကို အစ်ကိုအနေနဲ့ ဘာပြောချင်လဲ။**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ထောင်ကလွတ်မလာခင်ကတည်းက သမ္မတကြီးဦးသိန်းစိန်ရဲ့ မိန့်ခွန်းတွေ၊ နောက်တစ်ခါ သမ္မတကြီးဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဓာတ်ပုံတွေကို တွေ့ရကတည်းက ကျွန်တော်တို့ အများကြီး မျှော်လင့်ချက်ထားပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ အပြောင်းအလဲကို တကယ့်ကို အမြော်အမြင်ရှိရှိနဲ့ ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ချက်လည်းထားပါတယ်။

ကျွန်တော်ပြောချင်တာက လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်းကို ပြောတာမဟုတ်ဘဲနဲ့ သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့ရော၊ လွှတ်တော်နိုင်ငံရေး အခင်းအကျင်းကြီး တစ်ခုလုံးဟာ မြန်မာ့နိုင်ငံရေး အပြောင်းအလဲ၊ ပါတီစုံဒီမိုကရေစီကိုပြောင်းလဲမယ့် အပြောင်းအလဲကို စိတ်ရှည်သည်းခံပြီးတော့ တဖြည်းဖြည်းချင်း အကောင်အထည် ဖော်သွားလိမ့်မယ်။ သို့သော် သူတို့ထဲမှာ နည်းနည်းစိုးရိမ်ထိတ်လန့်တဲ့ ပုဂ္ဂိုလ်အချို့လည်း ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ အားလုံးဟာ နားလည်မှုရှိရှိနဲ့ ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်သွားနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရားရေးမဏ္ဍိုင်က ဘယ်လောက်ထိ အရေးကြီးလဲ။**

တရားရေးမဏ္ဍိုင်အကြောင်း ပြောရင်တော့ (၁၉၈၈)ကနေ အခု ပြန်လွတ်လာတဲ့ အချိန်ထိ တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေရဲ့ ခံစားခွင့်တွေကို ကျွန်တော်တို့ ကိုယ်တိုင် တစ်ခါမှ မခံစားခဲ့ရပါဘူး။ ဘာတစ်ခုမှ မရခဲ့ပါဘူး။ ဆုံးရှုံးခဲ့ပါတယ်။

**ကိုကိုကြီးတို့ (၈၈)မျိုးဆက် ကျောင်းသားတွေ အနစ်နာခံပြီးလုပ်ခဲ့တာလို့ ပြောလို့ရပါတယ်။ (၂၀၀၇)တုန်းက တပ်မတော်အစိုးရ။ အခု အစ်ကိုတို့ ပြန်လွတ်လာတဲ့ အချိန်မှာက အရပ်သားအစိုးရ ဖြစ်နေပြီ။ ပေါ်ပေါက်နေပြီ။ လွှတ်တော်နိုင်ငံရေးလည်းပေါ်လာပြီ။ အစိုးရနဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့လည်း ညှိနှိုင်းမှုတွေလုပ်နေကြပြီ။ ဒေါ်အောင်ဆန်းစုကြည်လည်း ကြားဖြတ်ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေပြီ။ လုပ်နေပြီ။ မြန်မာပြည်နိုင်ငံရေးက ရှေ့လျှောက် ဘယ်လို ပုံသဏ္ဌာန်တွေ ပေါ်ထွန်းလာမလဲ။ အဲဒါတွေဆက်ဖြစ်မလဲ။ သုံးသပ်ပြပါဦး။**

မြန်မာပြည်နိုင်ငံရေးက ပြောင်းလဲနေတယ်ဆိုတာကတော့ အသေအချာ



ပါပဲ။ တစ်ခုတော့ရှိတယ်။ အင်အားစုအသီးသီးကြားထဲမှာ ပြောင်းလဲချင်တဲ့ အရှိန်နဲ့၊ ပြောင်းလဲချင်တဲ့ ပမာဏအပေါ်မှာတော့ အနည်းနှင့်အများ ကွဲပြားတာမျိုးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်တော် ယေဘုယျ နားလည်တာကတော့ ပြုပြင်ပြောင်းလဲမှု ဖြစ်တော့မယ်။ ပြုပြင်ပြောင်းလဲမှု အနည်းဆုံး အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုအဆင့်၊ အာဆီယံအဆင့်ကို မီနိုင်လိမ့်မယ်ဆိုတာကို သိနေကြပြီလို့ ကျွန်တော်မြင်ပါတယ်။

အဲဒီအတွက်လည်း ဒါဟာ တိုးတက်တဲ့ဖြစ်စဉ် တစ်ခုလို့ပဲ ကျွန်တော် နားလည်ပါတယ်။ အဓိက က ပြောင်းလဲတဲ့အခါမှာတော့ ပုံသဏ္ဌာန်တွေမျိုးစုံ ရှိပါလိမ့်မယ်။ အခု ဒေါ်အောင်ဆန်းစုကြည် ကြားဖြတ်ရွေးကောက်ပွဲဝင်တဲ့ ကိစ္စဆိုရင်တော့ ဒါဟာ ပြုပြင်ပြောင်းလဲမှုတွေထဲက နည်းလမ်းတစ်ခုပါပဲ။ ဒီမိုကရေစီရဲ့သမိုင်းကြောင်းကို ပြန်ကြည့်ရင်လည်း မြို့ပြနိုင်ငံတွေ လက်ထက်တုန်းက တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးခဲ့တာပါ။ ဒီထက်ပိုပြီး ကျယ်ပြန့်လာတဲ့လူ့အဖွဲ့အစည်းတွေ ဖြစ်လာတဲ့အခါကျတော့မှ ကိုယ်စားပြု ဒီမိုကရေစီကို ကျင့်သုံးခဲ့တာဆိုတော့ အခု လွှတ်တော်ကတစ်ဆင့် သွားမယ့် ရွေးကောက်ပွဲ ပုံသဏ္ဌာန်ဟာ ကိုယ်စားပြု ဒီမိုကရေစီကို ကျင့်သုံးတာပါ။

အိမ်ထဲမှာပဲ လူထုတစ်ဦးချင်းကနေ ကိုယ်တိုင်ပါဝင် ဆင်နွှဲရမယ့် တိုက်ရိုက်ဒီမိုကရေစီ နည်းလမ်းလည်း ရှိပါတယ်။ ဥပမာ မြစ်ဆုံဆည်နဲ့ ပတ်သက်လို့ လူထုရဲ့ဆန္ဒသဘောထား ထုတ်ဖော်တဲ့ကိစ္စမျိုး၊ အခုနောက်ဆုံးဆိုရင် ထားဝယ်က ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့ ကိစ္စ၊ ဒါတွေက လူထုက တိုက်ရိုက်ကျင့်သုံးတဲ့ ဒီမိုကရေစီပါ။ ဒီပုံသဏ္ဌာန်နှစ်ခုစလုံးဟာ ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲရေးမှာ ဆက်ပြီးတော့ ရှိလည်းရှိနေသင့်တဲ့၊ ဆက်လည်းလုပ်ရမယ့် ပုံသဏ္ဌာန်တွေပဲလို့ ကျွန်တော် မြင်ပါတယ်။

**အစ်ကိုတို့ (၈၈)မျိုးဆက် ကျောင်းသားအဖွဲ့နဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ တွေ့ဆုံခွင့်ရခဲ့မယ်ဆိုရင် နိုင်ငံတော်သမ္မတကြီးကို အစ်ကိုတို့ (၈၈)မျိုးဆက် ကျောင်းသားတွေ ဘာပြောမလဲဗျ။**

ကျွန်တော်တို့ကိုယ်တိုင်ကလည်း အများကြီးမျှော်လင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုမရှိရင် သံသယတွေက ရှိနေမှာပဲ။ ထိတွေ့မှုရှိလာတာနဲ့အမျှ တစ်ယောက်အပေါ်မှာ တစ်ယောက် ယုံကြည်မှုတွေ တိုးလာမယ်။ အခုကကတော့ ရဲရဲတင်းတင်း ထိတွေ့ပါ။ ကျွန်တော်တို့ဘက်က တံခါးဖွင့်ထားတယ်။ ကျွန်တော်တို့မှာ သမ္မတကြီးနဲ့ ပတ်သက်လို့ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောမယ်။ ကျွန်တော်တို့ တူညီတဲ့ ကိစ္စတွေမှာဆိုရင် အပြည့်အဝ ထောက်ခံအားပေးသွားမယ်။ တကယ်လို့ မတူညီသေးတဲ့ကိစ္စတွေရှိရင် (သို့) ကျွန်တော်တို့နဲ့ပတ်သက်လို့ စိုးရိမ်ကြောင့်ကြမှု သံသယတွေရှိနေမယ်ဆိုရင်လည်း ထိတွေ့ခြင်းအားဖြင့် ကျွန်တော်တို့က ဒါတွေကို ဖြေလျှော့ပေးနိုင်လိမ့်မယ်၊ ယုံကြည်မှု တည်ဆောက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**ကိုကိုကြီးတို့ (၈၈)မျိုးဆက် ကျောင်းသားတွေအနေနဲ့ လွှတ်တော်နိုင်ငံရေးလုပ်ဖို့ အစီအစဉ်ရှိလား။ အားလုံးကိုယ်စား မပြောနိုင်ရင်တောင်မှ အစ်ကို့သဘောထားကို ပြောပြပါဦး။**

ရေရှည်မှာတော့ ကျွန်တော်တို့ကိုယ်၌က ကျောင်းသားနာမည်ခံထားပေမယ့် ကျွန်တော်ဆို (ရယ်စရာပြောလေ့ရှိပါတယ်။ ငါ ထိပ်စီးပြောင်းသွားပြီ) လို့ ပြောလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာမှာ ကျွန်တော် (၅၀) ပြည့်သွားပါပြီ။ ဆိုလိုတာက တကယ့်တကယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရေးကို ထဲထဲဝင်ဝင်၊ တည်တည်ငြိမ်ငြိမ် ပုံသဏ္ဌာန်တစ်ခုနဲ့ လျှောက်လှမ်းကြရတော့မှာပါ။ အဲတော့ အခုအခြေအနေမှာကတော့ ကျွန်တော်တို့ လွတ်လာတာကလည်း ရက်သားပဲ ရှိသေးတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေအားလုံး ပြန်စုစည်းနိုင်ဖို့၊ ဆွေးနွေးနိုင်ဖို့ ကြိုးစားနေပါတယ်။ အဲဒါပြီးတာနဲ့ ကျွန်တော်တို့ ပုံသဏ္ဌာန်တစ်ခုခု၊ သဘောထား တစ်ခုခုကိုတော့ ထုတ်ပြန်နိုင်လိမ့်မယ် ထင်ပါတယ်။

**အစ်ကိုတို့ (၈၈)မျိုးဆက် ကျောင်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဖို့ အစီအစဉ်ရှိလား။**

ရှိပါတယ်။ အရင်ကလည်း ၈၈၊ ၈၉ မှာကတည်းက ထိတွေ့ပြီးသား၊ ရင်းနှီးပြီးသားသူတွေပါ။ လေးစားပြီးသားပါ။ အခုလည်းပဲ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး ဆုံပြီးတဲ့အချိန်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအင်အားစုအသီးသီးနဲ့ ကျွန်တော်တို့ တွေ့ဆုံပြီးတော့ ရင်းရင်း





နှီးနှီး ထပ်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာပါ။

**ကျွန်တော်တို့တိုင်းပြည်မှာက လိုအပ်ချက်တွေ ပြုပြင်ရမှာတွေ အများကြီးပဲ အစ်ကို။ ဘယ်ဘက်ကကြည့်ကြည့် ကျွန်တော်တို့တိုင်းပြည်က သူများတိုင်းပြည်တွေထက်ယှဉ်ရင် နောက်ကျ ကျန်ခဲ့ပါပြီ။ (၈၈)မျိုးဆက် ကျောင်းသားတွေအနေနဲ့ ဘယ်ကနေစပြီး ပြုပြင်ပြောင်းလဲမှု စလုပ်ရ မလဲလို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြောချင်လဲ။**

အခုကကတော့ တစ်ယောက်အပေါ်မှာတစ်ယောက် ရှိနေတဲ့သံသယတွေကိုဖျောက်ဖို့၊ ထိတွေ့ဆက်ဆံမှု လုံးဝမရှိတဲ့ အခြေအနေကနေပြီးတော့ ထိတွေ့ဆက်ဆံဖို့၊ နောက် ဒီထက်ပိုပြီး အနီးစပ်ဖို့၊ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခန်းကဏ္ဍတွေကို ရှာဖွေဖို့ အဲဒါတွေက အရေးကြီးဆုံးပါပဲ။ ပူးပေါင်းဆောင်ရွက်မှုနဲ့ပဲ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

**(၂၀၀၇)တုန်းက အနေအထားနဲ့ (၂၀၁၂) အနေအထားမှာ လူတွေရဲ့နိုင်ငံရေးနိုးကြားမှု မြင့်တက်လာပြီလို့ (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ အစ်ကို့အနေနဲ့ ထင်မြင်ယူဆပါသလား။ ဘာဖြစ်လို့ ဒီမေးခွန်းမေးရတာလဲဆိုတော့ အစ်ကိုတို့ (၈၈)မျိုးဆက် ကျောင်းသားတွေ ပြန်လွတ်မြောက်ပြီး ရက်ပိုင်းအတွင်းမှာပဲ ပြည်တွင်းမီဒီယာတွေဖြစ်တဲ့ သတင်း ဂျာနယ်တွေ တော်တော်လေး ရောင်းအားကောင်းကြတယ်။ အစ်ကိုတို့နဲ့ ပတ်သက်တဲ့သတင်းတွေ ကို လူတွေတော်တော်များများက စိတ်ဝင်စားကြတယ်။ လွန်ခဲ့တဲ့ (၄၊ ၅)နှစ်က အစ်ကိုတို့ (၈၈) မျိုးဆက် ကျောင်းသားတွေကို ပြည်တွင်းမီဒီယာတွေမှာ ဖော်ပြခွင့်မရခဲ့ဘူးလေ။ အဲဒီအပေါ် ဘယ်လိုမြင်လဲ။**

ကျွန်တော် ပထမဦးဆုံးအတွေ့အကြုံအရ လေဆိပ်မှာ မီဒီယာသမားတွေ၊ ဂျာနယ်သတင်းထောက်တွေ ကင်မရာပေါင်းများစွာနဲ့ ကျွန်တော် 'ရှော့ခ်' ဖြစ်လောက်အောင်၊ တအံ့တဩဖြစ်လောက်အောင် ကြုံတွေ့လိုက်ရတာက ပထမ ဦးဆုံး ထူးခြားမှုပါပဲ။ ဒါက ဘာကိုပြသလဲဆိုတော့ လေဆိပ်ခန်းမထဲ ထွက်လိုက်တာနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ပွင့်လင်းမှု၊ ပြောင်းလဲမှုတစ်ခုကို ခံစားလိုက်ရ တယ်။ ပြန်ရောက်တဲ့အခါကျတော့လည်း ကျွန်တော်တို့ကို မသိတဲ့သူတွေအပါအဝင် ဝမ်းပန်းတသာ လာပြီး နှုတ်ဆက်ကြတာကို ကြည့်လိုက်ရတော့ တစ်နိုင်ငံလုံးက နိုင်ငံရေးဆိုတာ မစားကောင်းတဲ့အသီးလိုဖြစ်နေရာက အခုတော့ အားလုံးပါဝင် ဆောင်ရွက်နိုင်တဲ့ နိုင်ငံရေးပုံသဏ္ဌာန်အသစ်တစ်ခုကို ဦးတည်နေပြီလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ယူဆပါတယ်။

ပြီးတော့လည်း လူထုက နိုင်ငံရေးဆိုတာ ကိုယ်နဲ့မဆိုင်သလို နေလို့မရဘူး။ ကိုယ်ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရမယ့် ကိစ္စဖြစ်တယ်။ ပါဝင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေ၊ အခွင့်အလမ်းတွေလည်း ရှိတယ်ဆိုတာကို လူထုက ယုံကြည်နားလည်လာပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း ကျွန်တော် တိုက်တွန်းပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မျှော်လင့်ပါတယ်။

အုန်းလှိုင်းဝေ
(မော်နီတာဂျာနယ်)
၁၉.၁.၂၀၀၂

◆



www.burmeseclassic.com

www.burmeseclassic.com





" ကျွန်တော်တို့ ပြည်သူတွေဟာ တစ်ချိန်တုန်းက

နိုင်ငံရေးဆိုတာဟာမစားကောင်းတဲ့အသီးလို ဖြစ်နေရာကနေ

ဒါ ငါတို့နဲ့ ဆိုင်တဲ့ကိစ္စ၊ ဒီကိစ္စတွေဟာ

ငါတို့ကိုယ်တိုင် တက်တက်ကြွကြွနဲ့

ပါဝင်ဆောင်ရွက်ရမယ့်ကိစ္စတွေလို့နားလည်လာအောင်၊

ကျင့်သုံးနိုင်လာအောင်နိုင်ငံရေးနိုးကြားမှုတွေကို

တည်ဆောက်ပေးရမှာပါပဲ.... "



## (၆)

## (၁၉၈၈ ပြည်သူ့ဒီမိုကရေစီမျိုးဆက်လူငယ်ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း)

ကျွန်တော်တို့နိုင်ငံကို ပြုပြင်ပြောင်းလဲမှု လုပ်တော့မယ်ဆိုရင် အခြေခံအကျဆုံးပြဿနာက ခင်ဗျားပြောတဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုင်ရာပြဿနာနှင့် တိုင်းရင်းသား တန်းတူညီမျှရေး၊ ပြည်တွင်းစစ်ရပ်စဲရေး ပြဿနာ ဒါတွေက အခြေခံအကျဆုံး ပြဿနာ၊ အဲဒီတော့ ဒီမိုကရေစီမရှိဘဲနဲ့ တိုင်းပြည်ငြိမ်းချမ်းဖို့၊ ပြည်တွင်းစစ်ရပ်စဲဖို့၊ ဒီပြဿနာတွေကို မဖြေရှင်းဘဲနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လိုမှ မလုပ်နိုင်ဘူး။ အဲဒီတော့ ဒီပြဿနာကို တစ်ခုပြီးမှတစ်ခု လုပ်မယ်လို့ ဦးစားပေးအစီအစဉ်အနေနဲ့ သတ်မှတ်တာထက်ကို တစ်ပြိုင်နက်တည်းမှာ ဒီနှစ်ခုစလုံးကိုဖြေရှင်းဖို့ ကြိုးစားကြရလိမ့်မယ်လို့ မြင်တယ်။ သို့သော် ဒီဟာက တစ်ထိုင်တည်းနဲ့ ပြေလည်သွားမယ့်ကိစ္စတော့ မဟုတ်ဘူး။

အခုလတ်တလော ကျွန်တော်တို့ကြုံတွေ့ရမယ့်ဟာက ကျွန်တော်တို့ ထောင်မကျခင်တုန်းက နိုင်ငံရေးအခြေအနေနှင့် ထောင်ကလွတ်လာတဲ့ နိုင်ငံရေး အခြေအနေက ဘာပဲပြောပြော နိုင်ငံရေးအသွင်သဏ္ဌာန်ပြောင်းသွားပြီ။ အရင် တပ်မတော်အစိုးရလက်ထက်က ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးတော့ အခု လွတ်လာ တဲ့အခါကျတော့ လွှတ်တော်ဆိုတဲ့ နိုင်ငံရေးအခင်းအကျင်းတစ်ခုပေါ်လာပြီ။ တစ်ချိန်တည်းမှာ ကြားဖြတ်ရွေးကောက်ပွဲတွေက လာတော့မယ်။

ဒီကြားဖြတ် ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီတော်လှန်ရေး ဒီမိုကရေစီ မြှင့်တင်ဖို့ လုပ်တဲ့နေရာမှာ ကိုယ်စားပြုဒီမိုကရေစီနည်းလမ်းကို ကျင့်သုံးတဲ့ပုံစံလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မြင်ပါတယ်။ ကိုယ်စားပြုဒီမိုကရေစီကို ကျင့်သုံးတယ်ဆိုတာက တော့ ပုံစံတစ်မျိုးပါ။ အဲ နောက်တစ်ခုက တစ်ချိန်တည်းမှာပဲ လူထုတွေက တိုက်ရိုက် ဒီမိုကရေစီကို ကျင့်သုံးလို့ရတယ်။ ဉပမာအားဖြင့်ဆိုရင် မြစ်ဆုံ ရေကာတာ စီမံကိန်းလိုကိစ္စမျိုး၊ နောက်ပြီးတော့ အခု ကျွန်တော်တို့သိရတာ ထားဝယ်ဘက်မှာဆိုရင် ကျောက်မီးသွေးသုံးတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိစ္စမျိုး။ ဒီတော့ လူထုက ကိုယ့်လိုအပ်ချက်၊ ကိုယ့်ရဲ့နစ်နာချက်တွေကို ကိုယ်တိုင်ဖော်ထုတ်နိုင်တဲ့ တိုက်ရိုက်ဒီမိုကရေစီပုံစံကို ကျင့်သုံးဖို့လည်းလိုပါ တယ်။ ဒီနှစ်ခုစလုံးဟာ ရှေ့ဆက်ပြီးတော့လည်း ဒါက ရှိနေသင့်တဲ့ ကျင့်သုံး ရမယ့်ပုံစံတွေလို့ ကျွန်တော်မြင်ပါတယ်။

အဲဒီကနေတစ်ဆင့် ကျွန်တော်တို့ပြည်သူတွေဟာ တစ်ချိန် တုန်းက နိုင်ငံရေးဆိုတာ မစားကောင်းတဲ့အသီးလို ဖြစ်နေရာကနေ ဒါ ငါတို့နဲ့ဆိုင်တဲ့ကိစ္စ၊ ဒီကိစ္စတွေဟာ ငါတို့ကိုယ်တိုင် တက်တက်ကြွကြွနဲ့ ပါဝင် ဆောင်ရွက်ရမယ့်ကိစ္စတွေလို့ နားလည်လာအောင်၊ ကျင့်သုံးနိုင်လာအောင် နိုင်ငံရေးနိုးကြားမှုတွေကို တည်ဆောက်ပေးရမှာပါပဲ။ ဒီနည်းနဲ့ပဲ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန် မြှင့်ပေးနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဟုတ်ပြီ။ အခု ကျွန်တော်တို့ကတော့ အုတ်ရိုးလေးဘက်ကြားက လွတ်လာခဲ့ပြီ။ ကျွန်တော်တို့ ၈၈ မျိုးဆက် ကျောင်းသားများအနေနဲ့က ဒီ ၁၉၈၈ ဒီမိုကရေစီဆိတ်သုဉ်းနေတဲ့ အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ခဲ့တဲ့ အခြေအနေတွေကနေ ဖောက်ထွက်လာခဲ့တဲ့ ကျွန်တော်တို့အင်အားစု တွေဟာ ကျွန်တော့်အမြင်ပြောရရင် မြန်မာနိုင်ငံရေးဖြစ်စဉ်မှာ အရေးပါတဲ့ အချိုးအကွေ့ကြီးတွေ ရှိပါတယ်။

၁၉၄၈ မြန်မာနိုင်ငံ အင်္ဂလိပ်နယ်ချဲ့လက် အောက်ကနေ လွတ်မြောက် လာခဲ့တာဟာ အရေးပါတဲ့ကွေ့တစ်ခုပါ။ နောက် တစ်ခုကတော့ ၁၉၆၂ခုနှစ် ပါလီမန်ဒီမိုကရေစီ ပျက်စီးပြီး၊ စစ်အင်အားစုတွေရဲ့ လက်အောက်ကို ရောက်ခဲ့ ရတဲ့ကာလဟာ အရေးပါတဲ့ အချိုးအကွေ့တစ်ခုပါ။ နောက်တစ်ခုကတော့ တစ်ပါတီ (အာဏာရှင်)စနစ်အောက်ကနေ ဖောက်ထွက်ပြီးတော့ ပါတီစုံ





ဒီမိုကရေစီလမ်းကြောင်းပေါ်ကို အခုလိုမျိုး ပြုပြင်ပြောင်းလဲမှု အငွေ့အသက်တွေ ခံစားလာရတဲ့ အခြေအနေအထိ ဖြစ်ခဲ့ရပါတယ်။

အဲဒီတော့ ဒီအချိုးအကွေ့ကနေ ပေါ်ထွက်လာခဲ့တဲ့ အင်အားစုတွေဟာ ကျွန်တော်တို့ သက်ဆုံးတိုင်၊ ကျွန်တော်တို့တတ်နိုင်သလောက် ဒီနိုင်ငံရေး လှုပ်ရှားမှု၊ ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေး ပွင့်လင်းလွတ်လပ်မှု ကိုကျွန်တော်တို့ နိုင်ငံသားတွေ အပြည့်အဝခံစားနိုင်တဲ့ ကာလတိုင်အောင် ကျွန်တော်တို့တစ်တွေ ဆက်ပြီး ဒီတာဝန်ကိုထမ်းဆောင်သွားဖို့၊ ကြိုးပမ်းသွားဖို့ ဟာ ကျွန်တော်တို့ ၈၈ မျိုးဆက်ရဲ့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပေးအပ် ထားတဲ့၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ခံယူထားတဲ့ သမိုင်းပေးတာဝန်ပဲလို့ နားလည်လက်ခံထားပါတယ်။

*နိုးစံ*

*(ပြည်သူ့ခေတ်ဂျာနယ်)*

*၁၉·၁·၂၀၀၂*

◆



www.burmeseclassic.com

www.burmeseclassic.com





“ ကျွန်တော်တို့က ၈၈ မျိုးဆက်လို့ပြောရင် ထောင်ကျနေတဲ့သူတွေကိုပဲ မြင်နေကြတယ်။ တကယ်တော့ ကျွန်တော်တို့ကျောင်းမှာတက်ခဲ့တဲ့ သူငယ်ချင်းတွေက တပ်ထဲမှာ အနည်းဆုံး ဗိုလ်မှူးကြီးအဆင့်လောက်ရောက်နေပြီ။ စီးပွားရေးနယ်ပယ်မှာလည်း ထင်ရှားတဲ့ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြပြီ။ ဒါတွေအကုန်လုံးက ကျွန်တော်ပြောခဲ့တဲ့ အရေးကြီးတဲ့ အကွေ့တစ်ခုကို ဖြတ်သန်းလာတဲ့ မျိုးဆက်တွေပဲ။ ဒီအင်အားစုတွေ အကုန်လုံးက သဘောတရားရေးရာအရ မတူရင်တောင် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပြီး အင်အားစု တစ်ခုအနေနဲ့ ရပ်တည်ရင် တိုင်းပြည်အတွက် အရမ်းကို အရေးကြီးတယ်။ ”



(၇)

**[illegible]**

**(၁၇.၁.၂၀၁၂)**

**လက်ရှိအစိုးရနဲ့ နိုင်ငံရေးအခြေအနေပေါ်ကို ဘယ်လိုမြင်ပါသလဲ။**

မလွှတ်ခင်ကတည်းက ကျွန်တော်နဲ့အတူနေခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း မှာလိုက်ပါတယ်။ ကျွန်တော့် နိုင်ငံရေးသဘောထားနဲ့ပတ်သက်ပြီး မလွှတ်ခင်နဲ့ အခု နိုင်ငံရေးဟာ အလွန်နူးညံ့သိမ်မွေ့တဲ့ အနုပညာတစ်ရပ်လို့ မြင်တဲ့အတွက် ပျော့ပျော့ပျောင်းပျောင်းနဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဖို့ လက်တွေ့ဆန်တဲ့သဘောတရားရေးရာတွေ ကျွန်တော့်ခေါင်းထဲမှာ ရှိပါတယ်။

**၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အစ်ကို့ရဲ့အမြင်ကို ပြောပါဦး။**

၂၀၁၀ ရွေးကောက်ပွဲက အငြင်းပွားစရာအပြည့်နဲ့ လုပ်သွားတဲ့ ရွေးကောက်ပွဲပါ။ ဒီဟာက စစ်မှန်တဲ့ ဒီမိုကရေစီရလဒ်လို့မမြင်ဘူး။ သို့သော် လမ်းစတစ်ခုတော့ ပေါ်လာတာပေါ့။ ဒီဟာပေါ်ကပဲ ကျွန်တော်တို့က ပိုပြီး ချောမွေ့အောင်လုပ်ဖို့ ဖြစ်သွားကြရမှာပါပဲ။

**NLD ရွေးကောက်ပွဲလမ်းကြောင်းပေါ်တက်သွားတာနဲ့ပတ်သက်ပြီး [illegible] ချင်ပါသလဲ။**

NLD ရွေးကောက်ပွဲလမ်းကြောင်းပေါ် တက်လာတာက တိုယ်စားပြု ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်တယ်လို့မြင်တယ်။ [illegible] သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ခတိုက်ဆိုင်သူတွေကလည်း တိုက်ရိုက်ဒီမိုကရေစီကိုကျင့်သုံးပြီး ဦးတည်ချက်တစ်ခုတည်းကို သွားနေကြတာပါပဲ။

ရွေးကောက်ပွဲလမ်းကြောင်းအပေါ် ဘယ်လိုမြင်ပါသလဲ။

ရွေးကောက်ပွဲကို လိုအပ်တဲ့ လမ်းကြောင်းတစ်ခု အရှိတရားအနေနဲ့ လက်ခံတယ်။ ၂၀၁၀ ရွေးကောက်ပွဲဖြစ်သွားတယ်။ လွှတ်တော်ပေါ်တယ်။ ဒီအစိုးရပေါ်တယ်။ ဒါတွေဟာ လုံးဝ ငြင်းလို့မရတဲ့ အကြောင်းအရာတွေပဲ။ အဲဒီအပေါ်မှာ တစ်ဖက်က ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးရလဒ်ထွက်အောင် ကြိုးစားသွားကြရမှာ ဖြစ်တယ်။ အဓိက ကတော့ လူထုရဲ့နိုင်ငံရေးနိုးကြားမှု အပေါ်မှာ အခြေခံကြတာဖြစ်တယ်။ အင်ဒိုနီးရှားနိုင်ငံ ဒီမိုကရေစီပြောင်းကာစတုန်းကလည်း သူတို့နိုင်ငံသားတွေက ဂိုကာပါတီကိုပဲ မဲထည့်ခဲ့ကြတယ်။ တခြားပါတီကို မဲပေးရမယ်ဆိုတာကိုလည်း မသိဘူး။ ဒါကြောင့် အဲဒီတုန်းက အင်ဒိုနီးရှားဒီမိုကရေစီက စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်မလာခဲ့ဘူး။ ကျွန်တော် မိုင်းဆတ်မှာနေခဲ့တုန်းကလည်း မြန်မာစကားတောင် ကောင်းကောင်းမပြောနိုင်တဲ့ တကယ့်ကိုရိုးသားတဲ့ မြန်မာတိုင်းရင်းသားတွေကို တွေ့ခဲ့ရတယ်။ ပေးကားပေး၏ မရဘူး။ တကယ်ပေးပြီး တကယ်လက်ခံကျင့်သုံးနိုင်တဲ့၊ နားလည်မှု၊ သိမှုတွေရှိအောင် လုပ်ရမယ်။ ကျွန်တော်တို့တာဝန်တွေ အများကြီးရှိတယ်။ ကျွန်တော်တို့က ၈၈ မျိုးဆက်လို့ပြောရင် ထောင်ကျနေတဲ့သူတွေကိုပဲ မြင်နေကြတယ်။ တကယ်တော့ ကျွန်တော်တို့ကျောင်းမှာ တက်ခဲ့တဲ့သူငယ်ချင်းတွေက တပ်ထဲမှာ အနည်းဆုံး ဗိုလ်မှူးကြီးအဆင့်လောက် ရောက်နေပြီ။ စီးပွားရေးနယ်ပယ်မှာလည်း ထင်ရှားတဲ့ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြပြီ။ ဒါတွေ အကုန်လုံးက ကျွန်တော်ပြောခဲ့တဲ့ အရေးကြီးတဲ့အကွေ့တစ်ခုကို ဖြတ်သန်းလာတဲ့မျိုးဆက်တွေပဲ။ ဒီအင်အားစုတွေအကုန်လုံးက သဘောတရားရေးရာအရ မတူရင်တောင် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပြီး အင်အားစုတစ်ခုအနေနဲ့ ရပ်တည်ရင် တိုင်းပြည်အတွက် အရမ်းကို အရေးကြီးတယ်။

အခု လက်ရှိအစိုးရအနေနဲ့သွားနေတာ ပြောင်းလဲမှုတစ်ခုလို့ ယူဆမယ်ဆိုရင် အဲဒီ ကြားထဲမှာ မပြောင်းလဲချင်တဲ့သူတွေကို ရန်-ငါ သတ်မှတ်လို့ရမလား။





ခုနကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ညီညွတ်ရေးဆိုတာ ကွဲလွဲခွင့်ပဲ။ မင်း ငါနဲ့ သဘောထားကွဲလွဲခွင့် မရှိဘူးဆိုတာမျိုးကို တောင်းလည်း မတောင်းဆိုသင့်သလို ပြောလည်းမပြောသင့်ပါဘူး။ အစိုးရကို စိတ်ရှည်လက်ရှည်နဲ့ ကြိုးစားစောင့်ရမယ်။

တကယ်လို့ စိတ်ရှည်လက်ရှည်နဲ့ ခေါ်လို့မရရင်ရော။

ကျွန်တော်တို့က ချန်ခဲ့တာမဟုတ်ဘူး။ သူ့ဘာသာသူ ကျန်ခဲ့ပါလိမ့်မယ်။

ပြည်သူတွေရဲ့ နိုင်ငံရေးနိုးကြားမှု အပိုင်းကိုရော ဘယ်လိုမြင်ပါသလဲ။

ကျွန်တော်တို့ ၈၈ က ဆန္ဒကျင်ခဲ့တဲ့ ၁၉၇၄ ဖွဲ့စည်းပုံမှာလည်း နိုင်ငံသားအခွင့်အရေးဆိုတဲ့ အခန်းကဏ္ဍပါတာပါပဲ။ ကျယ်ကျယ်ပြန့်ပြန့် မတွေ့ နဲ့ ကျွန်တော်တို့ ပညာတတ်အသိုင်းအဝိုင်းမှာတောင် နှံ့နှံ့စပ်စပ်သိတဲ့သူ နည်းပါတယ်။ ဥပမာ မကျေနပ်ချက်တစ်ခုကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းကို တိုင်ကြားနိုင်တယ်ဆိုတာ မသိဘူး။ သိရင်လည်း ကျယ်ကျယ်ပြန့်ပြန့် မတိုင်ရဲဘူး။ အဲဒါကြောင့် အရင်ဆုံး သူတို့တွေအနေနဲ့ အဲဒီအချက်တွေကို နံပါတ်(၁) သိရမယ်။ သိပြီးရင် လက်တွေ့တကယ်ကျင့်သုံးရမယ်။ တစ်ဆင့်ပြီးတစ်ဆင့် သွားရမယ်။

လက်ရှိအစိုးရက စကားလုံးအားဖြင့် ပြုပြင်ပြောင်းလဲရေးတွေ ပြောသွားတယ်။ တကယ့်လက်တွေ့အနေနဲ့ကရော ဘယ်လိုရှိပါသလဲ။

အောက်ခြေအဖွဲ့အစည်းတွေကအစ ဒီသဘောထားပြုပြင်ပြောင်းလဲမှုတွေကို လက်ခံဖို့လိုတယ်။ ဥပမာ ကျွန်တော် ထောင်မှာနေခဲ့တယ်။ ထောင်အကြောင်းပြောရရင် အင်းစိန်မှာ ၁၀ ရက်စခန်းတို့ ဘာတို့ တရားခေါင်းတွေဖွင့်တာ ရှိတယ်။ အဲဒီမှာ ယုံကြည်ချက်အကျဉ်းသားတွေရော၊ ဘာသာတွေမှာ အကုန်ရောပြီး လုပ်တယ်။ ဒါ ဗဟိုထောင်မှာ ပြောင်းသွားပြီ။ ကျွန်တော်နေခဲ့တဲ့ မိုင်းဆတ်ထောင်မှာဆိုရင် ယုံကြည်ချက်အကျဉ်းသားကို ဘာသာရေးအခမ်းအနား တစ်ခုကိုဖိတ်ဖို့ သူတို့မှာကြောက်နေတယ်။ ယုံကြည်ချက် အကျင့်တွေကို အခြားအကျဉ်းသားတွေနဲ့ ပေးတွေ့လိုက်ရင် သူတို့မှာ အမှုရေယ်မီလာဆိုတဲ့ စိုးရိမ်စိတ်တွေ ရှိနေတယ်။ အဲဒီတော့ သူဟာ ကျွန်တော်တို့ကို တန့်သတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာ မကောင်းတဲ့စိတ်နဲ့မဟုတ်ဘဲ သူ့ရဲ့စိုးရိမ်စိတ်ကြောင့် ကန့်သတ်တာ။ အဲဒီတော့ ဆိုလိုတာက အင်းစိန်အကျဉ်းထောင်မှာ ကျင့်သုံးနေရင် ကျန်တဲ့အကျဉ်းထောင်တွေကလည်း သိရမယ်။ အဲဒီတော့ နိုင်ငံရေးကို ကောင်းကောင်းနားမလည်တဲ့ ပြည်သူဆိုတာတော့ အဝေးကြီးပဲပေါ့။ အဲဒီတော့ စနစ်တစ်ခုပြောင်းသွားပြီဆိုရင် အဲဒါကို ပြည်သူ့ဝန်ထမ်း၊ အောက်ခြေဝန်ထမ်းတွေကစပြီးတော့ ရဲရဲတင်းတင်း ကျင့်သုံးဖို့အတွက် အရင်လုပ်ရမှာဖြစ်ပါတယ်။

**ပြုပြင်ပြောင်းလဲရေး အနေအထားတွေကိုရော အစ်ကို့အနေနဲ့ ခံစားခဲ့ရသလား။**

ပြုပြင်ပြောင်းလဲမှုတွေက ခံစားရပါတယ်။ ကျွန်တော်တို့ အရင်အကျဉ်းထောင်တွေမှာ တစ်ချိန်တုန်းက ကျွန်တော် သမံတလင်းပေါ်မှာ ကိုးနှစ်လောက် အိပ်ခဲ့ရတယ်။ နောက် ကွပ်ပျစ်ရလာတယ်။ ရေလောင်းအိမ်သာ ရလာတယ်။ ဒါဟာ ထူးခြားမှုပဲ။ ကျွန်တော်တို့ ပြီးခဲ့တဲ့အခေါက်တွေနောက်ပိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာတယ်။ ဖြစ်လာတာရဲ့ နောက်မှာ ဝန်ထမ်းတွေရဲ့ စိတ်တွေ ပြောင်းလဲမှုပါဖြစ်လာတယ်။

**အခု လွှတ်တော်ထဲကို ရောက်နေတဲ့သူတွေကိုရော၊ နောက်လာမယ့် ရွေးကောက်ပွဲတွေ ဝင်ပြိုင်မယ့်သူတွေကိုရော အစ်ကို့အနေနဲ့ ဘာများ ပြောချင်ပါသလဲ။**

လွှတ်တော်ကိုယ်စားလှယ်ဆိုတာ မဲဆန္ဒရှင်တွေကို ကိုယ်စားပြုတာ။ ကိုယ်က လွှတ်တော်ထဲရောက်ရုံနဲ့ လွှတ်တော်ကိုယ်စားလှယ် မဖြစ်ပါဘူး။ ကျွန်တော့်အမြင်အရ ဒါဟာ အမည်ခံလွှတ်တော်ကိုယ်စားလှယ်ပဲ။ မဲဆန္ဒနယ်က မဲဆန္ဒရှင်တွေရဲ့ပြဿနာတွေကို ယူသွားနိုင်မှ၊ တာဝန်ခံနိုင်မှ၊ တကယ်တာဝန်ယူနိုင်မှဖြစ်မှာ။ အဲလိုမဟုတ်ဘဲ လွှတ်တော်ထဲသွားထိုင်နေရုံလောက်နဲ့တော့ မဖြစ်နိုင်ဘူး။

**ပညာရှင် တော်တော်များများက ပြောနေကြပါတယ်။ မြန်မာ့နိုင်ငံရေးသမား အများစုဟာ Activist အဆင့်မှာပဲ ကျန်နေကြတယ်။ တကယ့်တကယ် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်တဲ့ Technical Tools တွေဘက်မှာ အရမ်းအားနည်းနေတယ်လို့ ပြောပါတယ်။ အဲဒီအပေါ် ဘာများပြောချင်ပါသလဲ။**

ရှိပါတယ်။ ကျွန်တော်တို့ တစ်လျှောက်လုံး Activist လုပ်ခဲ့တယ်။





ကျွန်တော်တို့မှာ ပါလီမန်အတွေ့အကြုံမရှိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ မျိုးဆက်အတိုင်းအတာနဲ့ပြောရင် ထိုက်သင့်တဲ့ အတိုင်းအတာတစ်ခုထိတော့ လေ့လာပါတယ်။ Tools တွေ ရှိသင့်သလောက်ရှိပါတယ်။ ဒီမှာက ပါလီမန်ဒီမိုကရေစီ ခါးပြတ်သွားတာ နှစ် ၅၀ လောက်ရှိပါပြီ။ အသက် ၇၀ အထက် ပုဂ္ဂိုလ်တွေပဲ။ Tools တွေ ပါလီမန်ဒီမိုကရေစီ အတွေ့အကြုံတွေရှိတယ်လို့ ပြောရမှာပါ။

*မျိုးညွန့်၊ စံကျော်*
*(ပေါ်ပြူလာနယူးစ်ဂျာနယ်)*
*၁၉.၁.၂၀၁၂*


◆



www.burmeseclassic.com

www.burmeseclassic.com





“ ကျွန်တော်တို့ရင်ဆိုင်နေရတာက အမျိုးသားချင်းဖြစ်တဲ့ ပြဿနာ၊ တပ်မတော်အင်အားစု ဆိုတာကလည်း ကျွန်တော်တို့ အသွေးအသားထဲက မိသားစုအစိတ်အပိုင်း ဖြစ်နေတယ်။ သူတို့နဲ့ ရင်ဆိုင်ဖြေရှင်းရတဲ့အခါမှာ သမားရိုးကျနည်းလမ်း တျင့်သုံးတာထက်စာရင် လက်တွေ့ကျတဲ့၊ ပူးပေါင်းဆောင်ရွက် နိုင်တဲ့နည်းလမ်းကို ရွေးချယ်ရတာ။ ”



## (ခ)
## Messenger ဂျာနယ်နှင့် အင်တာဗျူး
## (၃၀.၁.၂၀၁၂)

ဇန်နဝါရီလ ၁၃ ရက်နေ့က စတုတ္ထအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မိုင်းဆတ်ထောင်မှ လွတ်မြောက်လာသော ၈၈ မျိုးဆက်ကျောင်းသား ကိုကိုကြီးနှင့် The Messenger ဂျာနယ်က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**လွတ်မြောက်လာတာ (၁၄)ရက်ရှိနေပြီဆိုတော့ လွတ်လာခါစက သုံးသပ်မိတဲ့ နိုင်ငံရေး အခြေအနေနဲ့ အခုလက်ရှိ နိုင်ငံရေးအခြေအနေကို ပြောပြပေးပါလား။**

မလွတ်ခင်တုန်းက အထူးသဖြင့် မိုင်းဆတ်ထောင်ပေါ့၊ အဲဒီမှာ သတင်းတော်တော်ပြတ်တယ်။ သတင်းစာက တစ်လလောက်နီးပါးနောက်ကျ တယ်။ ရောက်လာရင်လည်း မစုံတော့ဘူး။ အဲဒီကရသမျှနဲ့ တတ်နိုင်သမျှတော့ လေ့လာခဲ့တယ်။လေ့လာတော့အထဲမှာတွေ့ရတာတွေက ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးသိန်းစိန် တွေ့တယ်။ KNU တွေ့ဆုံဆွေးနွေးတယ်ဆိုတာတို့ [illegible] အချိန်နဲ့ထိသိခဲ့ရတော့ အများကြီးမျှော်လင့်ချက်ထားတယ်။ သမ္မတ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့က အပြောင်းအလဲတွေကို ဖော်ဆောင်မယ်လို့ နားလည်လက်ခံထားတယ်။

အဲဒီကြားထဲမှာ လွတ်ငြိမ်းချမ်းသာခွင့် (၄) ကြိမ်ပေးတယ်။ တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်ဆင့် တဖြည်းဖြည်းနဲ့ နိုင်ငံရေးတင်းကျပ်ထားတာတွေကို ဖြေလျှော့ဖို့ ကြိုးစားတာတွေ့ရတယ်။ တစ်ဖက်ကလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံမှာပါတဲ့ အချက်တချို့ဟာ ကျွန်တော်တို့ကိုယ်တိုင်က ကန့်ကွက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့လွှတ်လာတဲ့အခါမှာ ၂၀၀၈ ဖွဲ့စည်းပုံက အတည်ဖြစ်သွားပြီ။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အငြင်းပွားစရာ အများကြီးရှိတဲ့ ရလဒ်တွေပါ။ အဲဒါတွေကို ရနိုင်သမျှ သိထားပြီးပြီ။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ လွှတ်လာတဲ့အချိန်မှာ ကြားဖြတ်ရွေးကောက်ပွဲ လစ်လပ်တဲ့ ၄၈ နေရာပေါ်လာပြီ။ အဲဒီအချက်ပေါ်မှာမူတည်ပြီး အပြင်ရောက်တဲ့အခါ ထောင်အသီးသီးက ထွက်လာတဲ့ ၈၈ မျိုးဆက်တွေအားလုံး ပြန်စုဖို့ကြိုးစားတယ်။ကြိုးစားပြီး လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီးတော့ သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့တယ်။

ကျွန်တော်တို့ ၈၈ မျိုးဆက် ကျောင်းသားများရဲ့ လက်ရှိအခြေအနေပေါ်မှာ ဘာဆက်လုပ်မယ်ဆိုတဲ့ သဘောထားကို သတင်းစာရှင်းလင်းပွဲလုပ်ပြီး သဘောထားထုတ်ပြန်ချက် ကြေညာခဲ့တယ်။ အဲဒီမှာ အရေးကြီးတဲ့အချက်တစ်ချက်က အနီးကပ်ဆုံးကာလမှာ ကြားဖြတ်ရွေးကောက်ပွဲ ရင်ဆိုင်ရမယ်။ အဲဒီရင်ဆိုင်ရမယ့်အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရွေးကောက်ပွဲဝင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီဆုံးဖြတ်တဲ့ကိစ္စဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုတဲ့ လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်အဖြစ်နဲ့ ကျွန်ကော်တို့က ထောက်ခံခဲ့တယ်။ ဒါက နောက်ဆုံးသတင်းစာရှင်းလင်းပွဲလုပ်တဲ့အချိန်အထိ နိုင်ငံရေးသုံးသပ်ချက်ပေါ့။

တကယ်တော့ ကျွန်တော်တို့ ဒီမိုကရေစီ ခရီးစဉ်ရှည်ကြီးကို ဆက်ကြရဦးမှာ။ ဒီကြားဖြတ်ရွေးကောက်ပွဲဆိုတာနဲ့ လက်ရှိအခင်းအကျင်းဆိုတာက ကျွန်တော်တို့လွှတ်လာပြီး ပထမဆုံးခြေလှမ်းပဲ။ ကျွန်တော်တို့ရေရှည် အနာဂတ်အတွက် ပြင်ဆင်ရမယ့်ကိစ္စတွေအများကြီးရှိမယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ကတော့ ရွေးကောက်ပွဲကတစ်ဆင့် ပါလီမန်ကတစ်ဆင့် ဖြတ်သန်းတဲ့ကိစ္စက ကိုယ်စားပြုဒီမိုကရေစီပဲ။ ကိုယ်စားပြုဒီမိုကရေစီ ရင့်ကျက်လာပြီးတော့ အခြေခိုင်လာပြီဆိုရင် ဒီဟာကိုပဲ အဓိကအားပြုရတော့မှာဖြစ်တယ်။ အခုအချိန်မှာကတော့ စပ်ကူးမတ်ကူးကာလမှာ အသွင်ကူးပြောင်းတဲ့ကာလ ဖြစ်နေတော့ ဒီကိုယ်စားပြု





ဒီမိုကရေစီကိုကျင့်သုံးဖို့အတွက် လွှတ်တော်ကတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်းကိုသွားဖို့ ကြိုးစားတဲ့ နည်းလမ်းတစ်ခုရှိတယ်။ တိုက်ရိုက်ဒီမိုကရေစီတို့ လက်လွှတ်လို့မရသေးဘူး။

အထူးသဖြင့် မြစ်ဆုံကိစ္စလိုမျိုး လူထုဆန္ဒဖော်ထုတ်တဲ့ ကိစ္စမျိုး၊ ထားဝယ်ကျောက်မီးသွေးအားသုံးပြီး လျှပ်စစ်ဓာတ်အားထုတ်တဲ့ စက်ရုံကိစ္စ အစရှိသဖြင့် ဒေသခံပြည်သူတွေရဲ့ နစ်နာမှုတွေ၊ လိုအပ်ချက်တွေ၊ ဆန္ဒတွေကို တိုက်ရိုက်ဖော်ထုတ်ဖို့ လိုအပ်နေဆဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ၈၈ မျိုးဆက် ကျောင်းသားများအနေနဲ့က ကိုယ်စားပြုဒီမိုကရေစီကိုကျင့်သုံးမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံတယ်။ ဝန်းရံအားပေးမယ်ဆိုတာနဲ့ တစ်ပြိုင်နက်တည်းပဲ ကျွန်တော်တို့ တိုက်ရိုက်ဒီမိုကရေစီကို ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့နေရာတွေမှာ တာဝန်ယူဖို့အတွက်လည်း လိုအပ်တယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဒါက အနီးဆုံးကြုံတွေ့ရမယ့် နိုင်ငံရေးအခင်းအကျင်းပေါ်မှာ ကျွန်တော်တို့အမြင်ပါ။ တကယ်ကတော့ ရေရှည်အတွက် အများကြီးပြင်ဆင်ကြရမယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်အလက်အချို့ကို ပြင်ဆင်ပြီးတဲ့နောက်မှာ NLD အနေနဲ့ တရားဝင်မှတ်ပုံတင်တယ်။ ကြားဖြတ်ရွေးကောက်ပွဲဝင်တယ်။ ၈၈ မျိုးဆက် ကျောင်းသားတွေအနေနဲ့ အများစုက ကြားဖြတ်ရွေးကောက်ပွဲအပေါ်မှာ ပါဝင်ခဲ့ခြင်းမရှိဘူး။ အဲဒီအခြေအနေ ကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ၈၈ မျိုးဆက် ကျောင်းသားတွေကြားမှာ ဟသွားတဲ့အခြေအနေ ထားရှိနိုင်ဘူးလား။

အဲဒီလိုတော့ မရှိနိုင်ပါဘူး။ မရှိနိုင်ဘူးဆိုတာက ကျွန်တော်တို့ တောက်လျှောက်ရပ်တည်ခဲ့တဲ့ပုံစံက နိုင်ငံရေးပါတီတစ်ခုအသွင်နဲ့ ရပ်တည်ခဲ့တာမဟုတ်ဘူး။ အထူးသဖြင့် ၁၉၈၈ ကျောင်းသားလှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ အင်အားစုတွေ အကုန်လုံးလိုလိုပေါ့။ ၂၀၀၄-၂၀၀၅ မှာ ပြန်လွှတ်လာတယ်။ တော်တော်များများက လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ လွှတ်လာကြပြီး လွှတ်လာပြီးတော့ အရင်တုန်းက တစ်ယောက်နဲ့တစ်ယောက် သိန်းခိုလှုပ်ခဲ့တာတွေပြန်စုပြီးတော့ ၈၈ မျိုးဆက် ကျောင်းသားများဆိုတဲ့အနေနဲ့ လုပ်ခဲ့တယ်။ အဲဒီအချိန်က ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိန်းသိမ်းခံနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာလမှာ နိုင်ငံရေးကွက်လပ်တစ်ခုကို တတ်နိုင်သမျှ ကျွန်တော်တို့ဝင်ဖြည့်ခဲ့တာပဲ။

ဒါပေမဲ့ ကျွန်တော်တို့က နိုင်ငံရေးပါတီတစ်ခုအသွင်အနေနဲ့ မဟုတ်ဘူး။ နောက်ဆုံးအချိန်ထိ မူတစ်ရပ်အနေနဲ့ ရပ်ခံကာကွယ်ပေးရမယ်။ ဝန်းရံပေးရမယ်ဆိုတဲ့ အခြေခံမူနဲ့ရပ်တည်ခဲ့တာ။ ဒါက ပြီးခဲ့တဲ့အခေါက် အဖမ်းမခံရခင်အထိ နိုင်ငံရေးအခြေအနေပေါ့။

အခု အခြေအနေကပြောင်းသွားပြီ။ ပြောင်းသွား တဲ့အချိန်မှာ ၂၀၀၈ ဖွဲ့စည်းပုံပေါ်လာတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် ပေါ်လာတယ်။ ပေါ်လာတော့ ကြားဖြတ်ရွေးကောက်ပွဲ ဝင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံရေးအရ စွန့်စားမှုတစ်ခုပဲဆိုတော့ အခြေအနေတွေကိုမသိဘူး မဟုတ်ဘူး။ ဒါပေမဲ့ တစ်ဖက်က ကျွန်တော်တို့အတိတ်က အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းရေး ကာလတုန်းက ရင်ဆိုင်ခဲ့ရတာတွေက တိုင်းတစ်ပါးနိုင်ငံခြားသားတွေ၊ အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ် တိုက်ခိုက်လို့ပဲဖြစ်ဖြစ်၊ ဆွေးနွေးညှိနှိုင်းလို့ပဲဖြစ်ဖြစ် ပြီးသွားရင် သူတို့က သက်ဆိုင်ရာနိုင်ငံပဲ ပြန်သွားမှာ။

ကျွန်တော်တို့ ရင်ဆိုင်နေရတာက အမျိုးသားချင်း ဖြစ်တဲ့ပြဿနာ။ တပ်မတော်အင်အားစု ဆိုတာကလည်း ကျွန်တော်တို့အသွေးအသားထဲက မိသားစုအစိတ်အပိုင်း ဖြစ်နေတယ်။ သူတို့နဲ့ရင်ဆိုင်ဖြေရှင်းရတဲ့အခါမှာ သမားရိုးကျနည်းလမ်း ကျင့်သုံးတာထက်စာရင် လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ နည်းလမ်းကိုရွေးချယ်ရတာ။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရွေးကောက်ပွဲလမ်းကြောင်းကို ရွေးချယ်တယ်ဆိုတာဟာ တစ်ဖက်က တပ်မတော်အင်အားစုတွေနဲ့ နားလည်မှုတည်ဆောက်နိုင်ဖို့ပါ။

ဒေါ်အောင်ဆန်းစု ကြည်ပြောတဲ့စကားတစ်ခုတော့ ကျွန်တော်အမှတ်ရနေတယ်။ ဂုဏ်သိက္ခာဆိုတာထက်ကို နိုင်ငံသားတွေအကျိုးစီးပွားကိုပဲ ရှေ့ရှုဖို့ တစ်ခါတစ်လေကျတော့ နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တဲ့အချိန်မှာ ကိုယ့်ရဲ့ နိုင်ငံရေးဂုဏ်သိက္ခာကိုများ ထိပါးမလားဆိုတဲ့ ကြောင့်ကြမှုက တော်တော်များများမှာ ရှိကြတယ်။ ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်က





သူ့ပုဂ္ဂိုလ်ရေးထက်ကို နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ရှေ့ရှုမယ့်၊ လက်တွေ့ကျမယ့် ဆုံးဖြတ်ချက်မျိုး ချမှတ်ခဲ့တာဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ထောက်ခံခဲ့တယ်။

ဒါကြောင့်မို့လို့လည်း ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ကျွန်တော့်သဘောထားဟာ ကျွန်တော်တို့ကိုယ်တိုင် မသိလို့မဟုတ်ပါဘူး။ ဖြစ်နေတဲ့ အခြေအနေတွေကို အဲဒီကနေပြီးတော့ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းကို ဆက်ပြီး ချဲ့ထွင်သွားနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ထောက်ခံခဲ့တာ။

ကြားဖြတ်ရွေးကောက်ပွဲဝင်မယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်ကို ၈၈ အနေနဲ့ ထောက်ခံတယ်။ ၈၈ မျိုးဆက်ရဲ့ သဘောထားထုတ်ပြန်ချက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံသွားမယ်လို့ ဆိုထားတယ်။ ဘယ်လိုဝန်းရံမှုမျိုးလဲဆိုတာ... အတိမ်အနက် သိချင်ပါတယ်။

ဝန်းရံသွားမယ်ဆိုတဲ့အခါမှာ တစ်ချက်ကတော့ ကျွန်တော်တို့သေချာတာက ပုဂ္ဂိုလ်ရေးကိုးကွယ်မှုပုံစံနဲ့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့တာ မဟုတ်ဘူး။ တိုင်းပြည်ရဲ့လိုအပ်ချက်အဖြစ်နဲ့ ကျွန်တော်တို့ အလေးအနက်ထား စဉ်းစားခဲ့တာ။

နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းတစ်ခု၊ ခေတ်တစ်ခုမှာ လူထုကလည်း ယုံကြည်ကိုးစားမယ်၊ နိုင်ငံတကာကလည်း အသိအမှတ်ပြု လေးစားလက်ခံမယ်ဆိုတဲ့ ခေါင်းဆောင်တစ်ယောက် ပေါ်ထွက်လာဖို့ဟာ ကျွန်တော်တို့အတွက် ဒုလ္လဘတရားတစ်ခုပါ။ ဒီလိုအခြေအနေမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တန်ဖိုးကို နိုင်ငံတော်အတွက်၊ ပြုပြင်ပြောင်းလဲမှုအတွက် အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် ကျွန်တော်တို့ဆုံးဖြတ်ခဲ့တာ။

NLD ပါတီမှာ ပညာတတ်နိုင်ငံရေးသမားလိုတယ်လို့ မြန်မာ့နိုင်ငံရေးမှာ ထင်ရှားစွာ ပါဝင်ဆောင်ရွက်နေသူတစ်ဦးက ပြောဖူးတယ်။ ပညာတတ်တိုင်း နိုင်ငံရေးလုပ်လို့ရလား။ ဒီလို ဆိုတဲ့အမြင်ဟာ ၈၈ မျိုးဆက် ကျောင်းသားတွေအနေနဲ့ ဘယ်လိုအမြင်ဟာမျိုးလဲ။

ကျွန်တော်ကိုယ်တိုင်က ပညာကို အင်မတန် လေးစားတန်ဖိုးထားပါ တယ်။ ကျွန်တော်ကျောင်းသားဘဝ ဖြစ်သန်းမှုက သူများထက် [illegible] ကျွန်တော် AGTI (electrical power) ပြီးမှ တက္ကသိုလ် [illegible] နိုင်ငံတကာဆက်ဆံရေးဘာသာ ပထမဆုံးအသုတ် ၈၈ မှာ [illegible] ရပ်သွားတယ်။ အထက်တန်းရှေ့နေစာမေးပွဲ ဝင်ဖြေတယ်။ [illegible] ဖွဲ့စည်းပုံအခြေခံ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေဘာသာရပ်ကို ဂုဏ်ထူးနဲ့အောင်ပါတယ်။ ဆိုလိုတာက ပညာကို ကျွန်တော် အင်မတန် တန်ဖိုးထားပါတယ်။

နောက် ၈၈ ဖြစ်တော့ ကိုယ့်စိတ်ထဲမှာ တစ်ခါတစ်လေ မျှော်လင့်မိတယ်။ ဒါ ကျွန်တော်တို့ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဆိုတာ နိုင်ငံရေးနဲ့ အနီးစပ်ဆုံးဘာသာရပ်ပေါ့။ အဲဒီမှာ ဒီပညာရှင်တွေဟာ နိုင်ငံရေးသမားဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲဆိုတဲ့ အတွေးမျိုး တောင့်တခဲ့ဖူးတယ်။ ဒါပေမဲ့ ပညာရှင်ဆိုတာ ပညာရှင်ပဲ။ နိုင်ငံရေးသမားက စက်နဲ့ရိုက်ထုတ်သလို ထုတ်လို့မရဘူး။ ဒါက သီးခြားကျွမ်းကျင်မှု လုပ်ငန်းတစ်ခုပဲ။

ကျွန်တော်တို့နိုင်ငံမှာ ၆၂ အာဏာသိမ်းပြီးချိန်ကစပြီး နိုင်ငံရေးသမား သင်းသတ်သလို ဖြစ်သွားတယ်။ ခါးဆက်ပြတ်သွားတယ်။ နိုင်ငံရေးသမားကို ဘယ်သင်တန်းကျောင်းကမှ မွေးထုတ်လို့မရဘူး။ ကွန်ပျူတာပညာရှင် မွေးထုတ်လို့ရတယ်။ အင်္ဂလိပ်စာ ဘာသာစကားပညာရှင်တွေ မွေးထုတ်လို့ရတယ်။ နိုင်ငံရေးလက်တွေ့လုပ်ငန်း ခွင်ထဲမှာလုပ်တဲ့ နိုင်ငံရေးကျတော့ လူတွေရဲ့စိတ်ခံစားမှုတွေ၊ လူတွေရဲ့ အတွေးအခေါ်တွေ ပြောရရင် လက်ဆုပ်လက်ကိုင်ပြလို့ မရတဲ့ကိစ္စတွေနဲ့ ဆက်စပ်နေတာ။ ကျွန်တော်တို့သမိုင်းကို စာအုပ်ထဲမှာဖတ်လို့ရတယ်။ ဒါပေမဲ့ သမိုင်းရဲ့ မြုပ်ကွက်တွေကို စာအုပ်ထဲမှာ ဖတ်လို့မရဘူး။

ဒီနေ့ ဒီရက်မှာ ဒီလူ ဒီလူတွေ ဘယ်နေရာမှာ တွေ့ဆုံဆွေးနွေးပြီး ဘာဆုံးဖြတ်ချက်တွေ ချလိုက်တယ်ဆိုတာကို မှတ်တမ်းတင်လို့ရတယ်။ အဲဒီလူတွေရဲ့ စိတ်ခံစားချက်၊ ဒီလူတွေရဲ့နောက်ကွယ်က ရည်ရွယ်ချက်တွေကို ကျွန်တော်တို့ စာအုပ်ထဲမှာ ဖတ်လို့မရဘူး။ အထူးသဖြင့် ဒီမိုကရေစီလို သိမ်မွေ့တဲ့ ကိစ္စတစ်ရပ်၊ အဲဒါကိုကျင့်သုံးတဲ့ နေရာမှာ လူတွေအများကြီး ကြားထဲမှာ အလုပ်ဖြစ်နိုင်တဲ့ ဆုံးဖြတ်ချက်တစ်ခုကျအောင် ဆောင်ရွက်နိုင်တဲ့ ကိစ္စမှာ အတွေ့အကြုံနဲ့ပဲ သင်ယူလို့ရတယ်။

ပညာရှင်တွေတော့ မွေးထုတ်လို့ ရရင် ရမယ်။ နိုင်ငံရေး ဆောင်ရွက်ဖို့ အတွက်ကတော့ နိုင်ငံရေးသမားက လက်တွေ့လုပ်ငန်းခွင်ထဲက လုပ်ရင်း သင်ယူရတဲ့ကိစ္စလို့ မြင်တယ်။

ကျွန်တော်တို့ဆိုရင် ထောင်ထဲမှာ သင်ယူရတယ်။ ကျွန်တော်တို့





နိုင်ငံရေးလုပ်သက် ၈၈ က စတယ်။ ၂၃ နှစ်ဆိုပေမယ့် အနှစ် ၂၀ ကထောင်ထဲမှာ။ ကျွန်တော်ဆို ၁၈ နှစ်ကျော် ထောင်ထဲမှာနေခဲ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ပြုစုပျိုးထောင်တဲ့ ကိစ္စ၊ နောက်တစ်ခါ ကိုယ်သိထားတဲ့ ဗဟုသုတလေးတွေ မျှဝေတဲ့ကိစ္စလေးတွေ ထောင်ထဲမှာလုပ်ရတယ်။ ဒါ ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားတဲ့ ဝိသေသတစ်ခုပါ။

ဆိုတော့ နိုင်ငံခြားတက္ကသိုလ်ကနေ ဘာဘွဲ့တွေရလာတယ်။ ကျွန်တော်တို့ သိပ်အားကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ပညာရေးကို သိပ်မြတ်နိုးတာကိုး။ ဒါပေမဲ့ သူတို့ဝေဖန်တဲ့၊ ချဉ်းကပ်တဲ့ပုံစံတွေဟာ သိပ်ပြီး ပညာရှင်ဆန်နေတယ်။ လက်တွေ့နိုင်ငံရေးနဲ့ တချို့ ကွာဟနေတဲ့ကိစ္စတွေ ကျွန်တော်တို့က သတိပြုမိပေမဲ့ အခုအချိန်မှာတော့ သူတို့နဲ့ အပြန်အလှန် ငြင်းချက်ထုတ်နိုင်တဲ့အခြေအနေ မရှိသေးဘူး။ တမင်ရှောင်တာလည်း ပါမှာပါ။

ဆိုလိုတာက နိုင်ငံရေးကို ထဲထဲဝင်ဝင် နားလည်ဖို့ဆိုရင် လူမှုဗေဒရှိရမယ်။ အခြား သိပ်သိမ်မွေ့တဲ့ အချက်အလက်တွေကို ခြုံငုံစဉ်းစားပြီးမှ နိုင်ငံရေးကို ရုပ်လုံးပေါ်အောင် လေ့လာလို့ရမယ်လို့ ကျွန်တော်မြင်တယ်။

၈၈ မျိုးဆက်ရဲ့ ကြေညာချက်ထဲမှာ ဒီမိုကရေစီဖော်ဆောင်ရေး ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်သို့ ဦးတည်ကြိုးပမ်းရမယ့်အချိန်ဖြစ် တယ်လို့ ပြောထားတယ်။ ၈၈ အနေနဲ့ ဒါတွေဖြစ်လာအောင် ဘယ်လို Plan တွေချထားလဲ၊ အခုရော ဘာတွေလုပ်နေပြီလဲ။

အဓိကကတော့ နိုင်ငံရေးဆိုတာ နိုင်ငံသားတွေ ဘယ်လောက်များများ ပါဝင်ဆောင်ရွက်သလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ဆုံးဖြတ်လို့ရပါတယ်။

ဒီမိုကရေစီ ဖော်ဆောင်မယ်ဆိုရင် နိုင်ငံသားတွေက နိုင်ငံရေးက ငါတို့အရေးဖြစ်တယ်ဆိုတာကို ဘယ်လောက်ကျယ်ကျယ်ပြန့်ပြန့် နားလည်လက်ခံနိုင်သလဲ၊ ဘယ်လောက်ကျင့်သုံးနိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက ဆုံးဖြတ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်သူနဲ့ဆို ထက်တွဲလုပ်ဆောင်မယ်လို့ ၈၈ က

www.burmeseclassic.com



ကြေညာထားတယ်။ အခု လက်ရှိအစိုးရကရော အဲဒီအတွက် ဘယ်လိုကမ်းလှမ်းမှုတွေရှိလဲ။ ဂဂ အနေနဲ့ကရော ဘာတွေကမ်းလှမ်းထားသလဲ။ ဘယ်သူက ဘယ်သူ့ကို ကမ်းလှမ်းမှုဆိုတဲ့ အခြေအနေကို စောင့်နေမှာလား။ နှစ် ၂၀ ကျော် ဖြတ်သန်းမှု အတွေ့အကြုံအရ ဂဂ အနေနဲ့ ဒီအတွက် အဆင်သင့်ဖြစ်နေပြီလား။

အဓိကကတော့ ကျွန်တော်တို့က ကလေးတွေရန်ဖြစ်သလို နင်ခေါ်မှ ငါခေါ်မယ်ဆိုတာမျိုး၊ နိုင်ငံရေးလို အင်မတန်ကြီးမားကျယ်ပြန့်တဲ့ အရေးကိစ္စမျိုးမှာ ကလေးဆန်လို့မရဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဘယ်သူက စခေါ်ခေါ် မခေါ်ခေါ် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိတယ်ဆိုတာကို လူသိရှင်ကြားကမ်းလှမ်းထားပြီးသားပါ။ ကျွန်တော်တို့က မျှော်လင့်နေတယ်။

တစ်ခုရှိတာက ကျွန်တော်တို့က အခြေအနေကို ကိုင်တွယ်ကျင့်သုံးနိုင်တဲ့အဆင့်မှာ မရှိပါဘူး။ ကျွန်တော်တို့ ဘယ်နယ်ပယ်မှာ ပူးပေါင်းဆောင်ရွက်ရမလဲ။ ကျွန်တော်တို့က အသင့်ပါ။ ဥပမာအားဖြင့် လူထုအသိပညာနှိုးကြားရေးကိစ္စမျိုးတွေမှာပေါ့။ အထူးသဖြင့် နိုင်ငံတည်ဆောက်ရေးကိစ္စဟာ တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုကနေ ဦးဆောင်ပြီး ဆောင်ရွက်လို့ရတဲ့ကိစ္စမဟုတ်ဘူး။ အားလုံးပါဝင်နိုင်ဖို့အတွက် လမ်းဖွင့်ထားရမယ်၊ ဖိတ်ခေါ်ရမယ်။ ပူးပေါင်းဆောင်ရွက်ရမယ်။ ဒါ ကျွန်တော်တို့ဘက်ကအမြင်ပါ။

ကျွန်တော်တို့ စိတ်ထဲမှာ ဘယ်သူနဲ့တော့ မဆက်ဆံဘူး။ ဘယ်သူကတော့ သဘောထား တင်းမာတဲ့သူဖြစ်တယ်ဆိုတဲ့ ကန့်သတ်ချက်မျိုး မရှိဘူး။ ကျွန်တော်တို့ကတော့ ခံခဲ့ရတယ်။ ဆိုလိုတာက လက်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးကနေပြီး တော့ ပြီးခဲ့တဲ့ ခေတ်တစ်လျှောက်လုံးမှာ နိုင်ငံရေးသမားက နိုင်ငံရေးလုပ်တာ မဟုတ်ဘဲနဲ့ ဝန်ထမ်းက နိုင်ငံရေးလုပ်တဲ့ ခေတ်တစ်ခေတ်ဖြတ်သန်းခဲ့ရတယ်။ အထူးသဖြင့် စစ်အစိုးရဆိုရင် သူတို့က ဝန်ထမ်းအစစ်အဖြစ်နဲ့ နိုင်ငံရေးကို ပါဝင်ဆောင်ရွက်ခဲ့တာ။ အဲဒီတော့ သူတို့က နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဆောင်ရွက်တာမဟုတ်ဘဲနဲ့ သူ့စားပွဲပေါ်တက်လာတဲ့ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေကို ကိုင်ပြီးတော့ ဒီလူကတော့ သဘောထားတင်းမာတယ်။ ဒီလူက အစွန်းရောက်တယ်။ ဒီအဖွဲ့အစည်းက သဘော





ထားတင်းမာတယ်။ အဲဒါတွေကို စာရွက်ပေါ်မှာတက်လာတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချတယ်။

အဲဒီတော့ ပူးပေါင်းဆောင်ရွက်မှုရနိုင်တဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကို ချေမှုန်းပစ်တာတွေ၊ အရေးယူတာတွေ လုပ်ခဲ့တယ်။ အဲဒါ နားလည်မှုလွဲတာ၊ အဓိကက ထိတွေ့မှုအားနည်းတာ၊ ထိတွေ့မှု ကြိမ်ဖန်များစွာ ဖြစ်လာလေလေ၊ နားလည်မှုတိုးမြင့်လာလေလေ ကျွန်တော်တို့အရေးကြီးတာတာ တစ်ခါတလေကျတော့ ကျွန်တော်တို့မှာ ရယ်စရာဖြစ်တယ်။ အမေရိကန်က ကြားဝင်မှ ရမှာလား၊ ဥရောပသမဂ္ဂက ကြားဝင်မှ ရမှာလား၊ မလိုပါဘူး။ မြန်မာ မြန်မာချင်း ပြောတဲ့ကိစ္စပဲ။ ဘာမှ ဘာသာပြန်မလိုပါဘူး။ ကျွန်တော်တို့ အချင်းချင်း မျက်နှာချင်းဆိုင် ထိတွေ့ဆွေးနွေးရင် တစ်ကြိမ်တည်းတော့ အဆင်ပြေချင်မှ ပြေမှာပေါ့။ ထိတွေ့ပြီးရင် တစ်ယောက်အကြောင်းတစ်ယောက် နားလည်လာနိုင်မယ်။

နောက်ထပ်ဆွေးနွေးရင် တစ်ကြိမ်နဲ့ အဆင်မပြေရင် နှစ်ကြိမ်အဆင်ပြေမယ်။ အရေးကြီးတာက ကျွန်တော်တို့စကားပြောကြဖို့ပဲ။ ထိတွေ့ဖို့ပဲ။ အဲဒီတော့ ကြားခံမလိုပါဘူး။

တိုင်းပြည်ရဲ့ လိုအပ်မှုတွေကို လွှတ်တော်ထဲရောက်အောင် လွှတ်တော်အမတ်တွေက တစ်ဆင့်ပြောကြားမယ်လို့ ပြောခဲ့တာရှိပါတယ်။ အစ်ကိုတို့အနေနဲ့ လွှတ်တော်ထဲမှာ ကိုယ်တိုင် ဝင်ပြီးပြောချင်ဘူးလား၊ ဝင်ပြောဖို့ မစဉ်းစားဘူးလား။ ဂဂ မျိုးဆက် ကျောင်းသားတွေအနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ မဝင်ပေမဲ့ နောင်လာမယ့်ရွေးကောက်ပွဲမှာ အစ်ကိုတို့အနေနဲ့ ဝင်ဖို့စဉ်းစားဘူးလား။ အဲဒါတွေ မလုပ်ဖြစ်ဘူးဆိုရင်တောင် ဂဂ မျိုးဆက် ကျောင်းသားတွေအနေနဲ့ အသင်းအဖွဲ့မှတ်ပုံတင်ဖို့ မရှိဘူးလား။

ကျွန်တော်တို့က ရက်သားပဲရှိပါသေးတယ်။ အပြင်ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ကိုယ်တိုင်က အချို့ ရှောခ်တွေ အများကြီးကြုံရပါတယ်။ အခုပြောတဲ့ ရွေးကောက်ပွဲကိစ္စဆိုရင် ကျွန်တော်တို့ နိုင်ငံရေးထဲဝင်လာတဲ့အစတိုင်းခင်ကတည်းက ကျွန်တော်တို့ရဲ့ စံပြမော်ဒယ်က မိုလ်ချုပ်အောင်ဆန်းပဲ။ ၁၉၃၆ ခုနှစ်မှာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ၊ ၁၉၃၈ ခုနှစ်ကျတော့ ရန်ကုန်နိုင်ငံလုံးကို ကိုယ်စားပြုတဲ့ ဒို့ဗမာအစည်းအရုံးရဲ့ အတွင်းရေးမှူးဖြစ်ရော ပြီး သိမ်းအားကျ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ စံပြဝိုလ်ဖြစ်နေပြီ။ ကျွန်တော်တို့က အခု အသက် ၅၀ ရှိသွားပြီဆိုတော့ ကျွန်တော်တို့ရေးရှည် နိုင်ငံရေးမှာ ကျောင်းသားနိုင်ငံရေးဆိုတာက လက်တွေ့မကျဘူး။ တကယ်လက်တွေ့ကျတဲ့ နိုင်ငံရေးကို ထဲထဲဝင်ဝင်ဆောင်ရွက်မယ့် ပုံသဏ္ဌာန်တစ်ခုကိုတော့ ပြောင်းသွားမှာပါ။ ကျွန်တော် ခုလောလောဆယ် ဒီလောက်ပဲ ပြောနိုင်သေးတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ပါဝါဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်ကနဲ့မတူတဲ့ အရမ်းကိုကြီးထွားလာတယ်။ အဲဒါနဲ့တစ်ပြိုင်တည်း အမေရိကန်၊ အီးယူ အစရှိတဲ့ နိုင်ငံတွေက မြန်မာနိုင်ငံရေးအပေါ် ချဉ်းကပ်လာတဲ့သဘောထားက အရင်ကနဲ့မတူတဲ့ အလေးအနက် ရှိလာတာ တွေ့လာရတယ်။ အဲဒီအပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။

၁၉၆၂ ခုနှစ် တပ်မတော်အာဏာသိမ်းပြီး ဘက်မလိုက်နိုင်ငံများအဖွဲ့ထဲမှာ ကျွန်တော်တို့ပါတယ်။ ဘယ်သူကမှလာပြီး ဖိအားမပေးဘူး။ စစ်အေးကာလရှိနေတယ်။ လက်ဝဲ၊ လက်ယာပြဿနာကြားထဲမှာ ဘယ်ဘက်မှ မလိုက်တာကိုက အနေချောင်နေတယ်။ ၈၈ ဖြစ်ပြီးနောက်ပိုင်းမှာ ကမ္ဘာ့ရေစီးကြောင်းက ပြောင်းသွားပြီ။ အားလုံးက ယေဘုယျအားဖြင့် ဒီမိုကရေစီနဲ့ဈေးကွက်စီးပွားရေးကို ပြောင်းသွားပြီ၊ ထူးခြားတာတစ်ခုက နည်းပညာတိုးတက်ပြောင်းလဲမှုနောက် ထူးခြားတာက ကျွန်တော်တို့ရဲ့ မဟာဗျူဟာမြောက် ပထဝီဝင် အနေအထားပေါ့။ တရုတ်ဆိုရင် ပင်လယ်ထွက်ပေါက်အတွက်ပေါ့။

ကျွန်တော် တို့နိုင်ငံက ကမ္ဘာ့အခင်းအကျင်း အသစ်ထဲမှာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပုံစံချရမှာ။ ပုံစံချတဲ့နေရာမှာ နိုင်ငံတွင်း အမျိုးသား ညီညွတ်ရေး ပြိုကွဲနေရင် ကျွန်တော်တို့မှာရှိတဲ့ အင်အားစုတစ်စုက ဒီနိုင်ငံရဲ့ ကျောထောက်နောက်ခံကိုယူမယ်။ အခြားတစ်စုက အခြားနိုင်ငံ အခြားအင်အားကြီးအဖွဲ့အစည်းတွေရဲ့ ကျောထောက်နောက်ခံကို ယူမယ်ဆိုရင် လွတ်လပ်ဝင် လွတ်လပ်ကြွားသော်လည်း အချုပ်အခြာအာဏာ ပြိုကွဲနေတယ်လို့ ပြောလို့ရတယ်။

ကျွန်တော်တို့ မှာ အမျိုးသားလုံခြုံရေးအတွက်ပါ အလေးအနက်ထား စဉ်းစားရမယ့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ ကြုံနေရပြီ။ အဲဒါတွေအားလုံးကို နိုင်ငံသားတွေ အကျိုးခံစားရမယ်။ အဲလိုမဟုတ်ဘူးဆိုရင် ကျွန်တော်တို့အရင်





အမြစ်တွေကို အခြားသူတွေက အမြတ်ထုတ်သွားလိမ့်မယ်။ အမျိုးသားစည်းလုံးမှု ပြိုကွဲတဲ့ပြဿနာက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံအကျဆုံးလို့ မြင်တယ်။ နိုင်ငံတကာ ပြောင်းလဲမှုအခြေအနေမှာ ပြောရရင်တော့ ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် လုပ်ရပါမယ်။

လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်မြောက်လာတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်ပါဝင်ခဲ့တဲ့ မြန်မာ့နိုင်ငံရေးအခြေအနေနဲ့… အကယ်၍ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်သာ လက်ရှိမြန်မာ့ နိုင်ငံရေးမှာ တစ်နည်းနည်းနဲ့ ပါဝင်လာမယ်ဆိုရင်ရော ဘယ်လိုမှတ်ချက်ပေးချင်ပါသလဲ။

ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ဟာ ကျွန်တော်တို့အမြင်အရ ပြောရရင် သူဟာလည်း သားကောင်တစ်ယောက်ပါ။ သူတို့ပိတ်မိနေတဲ့ စနစ်တစ်ခုမှာ သူတို့က သားကောင်ဖြစ်သွားတာ။ ကျွန်တော်တို့က နိုင်ငံသားတစ်ယောက်ကို နိုင်ငံရေးမှာဝင်လုပ်ပါ၊ ဝင်မလုပ်ပါနဲ့လို့ စွက်ဖက်ခွင့်မရှိဘူး။ ကျွန်တော်တို့ နိုင်ငံမှာ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်မှာ လူစွမ်းအားအရင်းအမြစ်က အင်မတန် ရှားပါတယ်။

BURMESE CLASSIC

တစ်လျှောက်လုံးမှာ နိုင်ငံရေးက မစားကောင်းတဲ့အသီးလို လုပ်တဲ့လူ အင်မတန်နည်းတဲ့ အလုပ်တစ်ခုလိုဖြစ်ခဲ့တယ်။ ထောက်လှမ်းရေးဆိုတာ တပ်မတော်ထဲက နိုင်ငံရေးအင်အားစု တစ်ခုပဲ။ ပြီးခဲ့တဲ့ ကာလတုန်းကပေါ့။ သူတို့မှာ သူတို့အတွေ့အကြုံတွေ ရှိတယ်။ သူတို့တွေရဲ့ အရည်အချင်းတွေရှိတယ်။ ကန့်ကန့်ကန် ဒီမိုကရေစီဘောင်ထဲမှာ ဒီမိုကရေစီ အခြေခံမူစနစ်တွေကို လက်ခံပြီးတော့ နိုင်ငံသားတွေအတွက် နိုင်ငံတော်အတွက် အကျိုးစီးပွားကို ရှေ့ရှု ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့က သူတို့ကို ငြင်းစရာမရှိပါဘူး။ အဓိကကတော့ နိုင်ငံသားတွေကပဲ အဆုံးအဖြတ်ပေးရမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို နိုင်ငံသားတွေပေါ်မှာပဲ တည်ရမယ်ဆိုတာ ကျွန်တော်တို့ ရဲ့ မူပဲ။

အာရပ်နွေဦးလို မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းလို့မရဘူးလို့ [illegible] ပြောခဲ့တာရှိတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးကလည်း အဲ့ကြွေးတွေနဲ့ [illegible] ပြောခဲ့တယ်။ အစ်ကိုတို့အနေနဲ့ကရော ဘယ်လိုသဘောရလဲ။

သမိုင်းဖြစ်ရပ်ကိုပြန်ကြည့်ရင် ပုံတူထပ်တူဖြစ်လို့ [illegible] မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ ခေတ်ကာလမတူဘူး။ ဇာတ်ကောင်တွေမတူဘူး။ လူတွေရဲ့ စိတ်ခံစားမှုမတူဘူး။ နိုင်ငံရေးက ပုံသေနည်းထုတ်ပြီး လုပ်လို့ရတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်နဲ့ လိုက်လျောညီတွေဖြစ်တဲ့ နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်ကြရပါတယ်။ လူထုအုံကြွမှုလိုမျိုး ထိခိုက်နစ်နာစရာများတဲ့ နည်းလမ်းမျိုးကို ငြိမ်းငြိမ်းချမ်းချမ်း ပြုပြင်ပြောင်းလဲနိုင်တဲ့ ဖြစ်ပေါ်တိုးတက်နိုင်တဲ့ အခြေအနေမျိုးမှာ ဘယ်သူကမှ ရွေးချယ်မှာမဟုတ်ပါဘူး။

**အစ်ကို အမြင်ရောက်တာ ၁၄ ရက်ရှိသွားပြီနော်။ လက်ရှိ သတင်းမီဒီယာတွေရဲ့ စီဆင်မှုကို ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

ကျွန်တော်တို့ တစ်ချိန်တုန်းက သတင်းမီဒီယာ ပိတ်ပင်တားဆီးမှုတွေ များတဲ့အတွက်ကြောင့် လျှော့ပေးဖို့ ကျွန်တော်တို့ကိုယ်တိုင် တိုက်တွန်းခဲ့တယ်။ တောင်းဆိုခဲ့တယ်။ အခု ပွင့်လာပြီ။ ပွင့်လာတာနဲ့အမျှ တစ်ဖက်ကလည်း တာဝန်ယူမှုတော့ ရှိဖို့လိုတယ်။ တစ်ခါတလေကျရင် လူသိများတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် အားနည်းလာတာတော့ အမှန်ပဲ။ တစ်ချိန်တည်းမှာပဲ ကိုယ်ဖော်ပြလိုက်တဲ့ သတင်းဟာ ဘာကိုဦးတည်မှာလဲ၊ အကျိုးအမြတ်ပေါ့။ နိုင်ငံသားတွေအတွက် ဗဟုသုတဖြစ်စေသလား၊ သတင်းအချက်အလက်တစ်ခုအဖြစ် စဉ်းစားစရာဖြစ်မလား။ Yellow Journalism ဖြစ်မလားဆိုတာကိုတော့ နိုင်ငံရဲ့အခင်းအကျင်းအသစ်တစ်ခု ပြောင်းတဲ့အချိန်မှာ သတင်းမီဒီယာပါ ပြောင်းလဲလာတော့ တစ်ဖက်က မလိုအပ်ဘဲပိတ်ထားတာ မကြိုက်ဘူးဗျာ။ တစ်ဖက်ကလည်း ကိုယ့်ရဲ့သတင်းကျင့်ဝတ်တို့ တာဝန်သိမှုတို့ ဦးတည်ချက် ကောင်းကောင်းတွေကိုလည်း ပြုပြင်တည်ဆောက်ဖို့ လိုမယ်ထင်တယ်။

**ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဖမာလွတ်လပ်ရေး တိုက်ပွဲဝင်တဲ့အချိန်မှာ ဒေါ်ခင်ကြည်ကို လက်ထပ်နိုင်ခဲ့တယ်။ အဲဒီအကျိုးဆက်အနေနဲ့ ဒီနေ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်သူ ပြည်သားတွေ ရခဲ့တယ်။ ၈၈ မျိုးဆက် ကျောင်းသားတွေထဲမှာ အစ်ကိုအပါအဝင် ကိုဌေးကြွယ်၊ ကိုမင်းကိုနိုင်အစရှိတဲ့ ရှင်းသွားထဲကဖြစ်တဲ့ မျိုးဆက်ထားဖို့ အခြေအနေ ဘယ်တော့လောက် ရှိနိုင်မလဲ သိချင်ပါတယ်။**

(ရယ်ပြုံး ပြုံး၍ဖြေသည်။)





ကျွန်တော်တို့ အင်မတန်အားကျတဲ့၊ လေးစားတဲ့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့လိုက်မမီတဲ့ အထဲမှာ အဲဒီအချက်လည်းပါပါတယ်။ ဗိုလ်ချုပ်ရဲ့နိုင်ငံရေးလုပ်သက်ကို တွက်ကြည့်တော့ ၁၉၃၆ ရဲဘော်ကြီးလွှတ်နေပြီဆိုတဲ့ အိုးဝေစာစောင်ကိစ္စက စတွက်ကြည့်ရင် ၁၉၄၇ ကျဆုံးတဲ့အထိ နိုင်ငံရေးလုပ်သက် (၁၁)နှစ်အတွင်းမှာ သူလုပ်သွားတဲ့ ပမာဏတွေက အံ့မခန်းပဲ။ အခုချိန်ပြန်တွေးရင် ကြက်သီးထလောက်အောင် ခံစားရပါတယ်။ အဲဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်လည်း အခန်းကဏ္ဍတစ်ခုကပါပါတယ်။ နောက်တစ်ခုကတော့ ဗိုလ်ချုပ်တို့ခေတ်က သခင်ပေါက်စ ဆောင်ခြောက်လပေါ့။ ကျွန်တော်ဆိုရင် ၁၈ နှစ်ဆိုတော့ တော်တော်တောင် ရာထူးကြီးနေလောက်ပြီ။ ဆိုလိုတာက ကျွန်တော်တို့မှာ ဒေါ်ခင်ကြည်ရှာဖွေနိုင်တဲ့ အခွင့်အလမ်း မရခဲ့ဘူးပေါ့ဗျာ။

**ဟုတ်ကဲ့၊ အခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**


***The Messenger Journal***

*၃၀.၁.၂၀၁၂*

◆



www.burmeseclassic.com



" ကျွန်တော်တို့ ဒီ ၈၈ မျိုးဆက်ကျောင်းသားများကို လူထုရဲ့ မျှော်လင့်ချက်ကလည်းရှိတယ်။ ဒီလူတွေဟာ တောက်လျှောက်ဖြတ်သန်းလာခဲ့တယ်။ သူတို့ နိုင်ငံရေး လုပ်လာခဲ့တယ်ဆိုတဲ့ ဒီအပေါ်မှာ လူထုရဲ့တုံ့ပြန်မှုအမြင်တွေလည်း ရှိတယ်။ "



(၉)

**ပေါ်ပြူလာဂျာနယ်နှင့်အင်တာဗျူး**

**(၄.၂.၂၀၁၂)**

(ကျောင်းသားနိုင်ငံရေးပုံစံနဲ့ ဆက်သွားလို့မရတော့ဘူးဆိုတာကိုတော့ ကျွန်တော်တို့အားလုံးက နားလည်တယ်)
၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့်တွေ့ဆုံခြင်း။

၂၀၁၇ ကို ရည်မျှော်ပြီး ပါတီထောင်မယ်လို့ ကြားနေရတယ် အစ်ကို။

ကျွန်တော်တို့တစ်တွေ ထောင်ကနေပြန်လွတ်လာပြီး နောက်ပိုင်းမှာ ဆွေးနွေးဖြစ်ခဲ့ကြတာတွေတော့ အများကြီးပဲ။ သေချာတာတစ်ခုကတော့ ဒီအသက် ဒီအရွယ်တွေနဲ့ ကျွန်တော်တို့ နိုင်ငံရေးဖြတ်သန်းခဲ့တဲ့ ကာလကလည်း အနှစ် ၂၀ ကျော်ပေါ့။ ဆိုတော့ ကျောင်းသားနိုင်ငံရေးပုံစံနဲ့တော့ ဆက်သွားလို့ မဖြစ်ဘူးဆိုတာကိုတော့ ယေဘုယျပေါ့ ဆွေးနွေးဖြစ်တယ်။

ဒါပေမဲ့ ကျောင်းသားနိုင်ငံရေးမသွားရင် ဘယ်ပုံစံသွားမလဲဆိုတာ အကုန်လုံးကလည်း သိနေတယ်။ ကျွန်တော်တို့ကလည်း အရမ်းရှုပ်ထွေးတဲ့ ကာလတစ်ခုကို ကျွန်တော်တို့ ဖြတ်သန်းနေရတယ်။ အကူးအပြောင်းကာလထဲ တပ်မတော်အနေနဲ့လည်း အရပ်ဘက်အစိုးရကိုပြောင်းဖို့ သူ့ဘာသာသူ လည်ပတ် ရှိနေတဲ့ စစ်အုပ်ချုပ်ရေးအပြည့် ဖွဲ့စည်းပုံအခြေအနေကနေ အရပ်ဘက်အုပ်ချုပ်ရေး ပုံသဏ္ဌာန်တစ်ခု။ ကျွန်တော်တို့ဘက်ကလည်း အဲဒီပြောင်းလဲလာတဲ့အခြေအနေ အပေါ်မူတည်ပြီး ဥပမာ ဒေါ်အောင်ဆန်းစုကြည် ကြားဖြတ်ရွေးကောက်ပွဲဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်တဲ့အချိန်။ ဒါ ကျွန်တော်တို့ ပြန်လွတ်လာတဲ့အချိန်ပေါ့။

အဲဒီတော့ နိုင်ငံရေးကွင်းကပြောင်း နေတယ်။ ပြောင်းနေတဲ့အတွက် ကျွန်တော်တို့ ဆုံးဖြတ်ချက်က အတိမ်းအစောင်း မခံဘူး။ ကျွန်တော်တို့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်ပြီးတော့ ဒီနိုင်ငံရေးကွင်းက အထိုက်အလျောက် ပြောင်းသွားနိုင်တဲ့ သက်ရောက်မှုတွေရှိနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ အလျှင်စလို မဆုံးဖြတ်ဘူး။ ကျွန်တော်တို့ ညှိနှိုင်းနေဆဲပဲ ဖြစ်တယ်။

ကျွန်တော်တို့ ပြောနိုင်တာတစ်ခုကတော့ ခုနကပြောတဲ့ ကျောင်းသားနိုင်ငံရေးပုံစံနဲ့ ဆက်သွားလို့ မရတော့ဘူးဆိုတာကိုတော့ ကျွန်တော်တို့အားလုံးက နားလည်တယ်။ အဲဒီတော့ ရေရှည်ဆက်သွားတဲ့အခါမှာလည်း နိုင်ငံရေးလုပ်တဲ့အခါမှာ Legal ပလက်ဖောင်း တစ်ခုခုပေါ့။ သဘောက ဥပဒေအရ ဘောင်ဝင်တဲ့ ပုံသဏ္ဌာန်တစ်ခုခုဖြစ်အောင်လို့ ကျွန်တော်တို့ ရွေးချယ်သွားရမယ်။ ပုံသဏ္ဌာန် အတိအကျတော့ အခုပြောလို့မရသေးဘူး။

ဆိုလိုတာက ပြည်ပမှာရှိနေတဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတချို့ ပညာရှင်တချို့လည်း ပြန်ဝင်လာဖို့ တာစူနေတဲ့ အသံတွေလည်း ကြားရတယ်ပေါ့။ ဆိုတော့ ၈၈-၈၉ ကာလမှာရှိနေတဲ့ ပါတီတွေရဲ့အခြေအနေ၊ နောက်တစ်ခါ ပါတီတွေဖျက်သိမ်းခံရတာတို့ အချို့လည်း ကိုယ့်ဘာသာကိုယ် ဖျက်ပစ်လိုက်ရတဲ့ အခြေအနေတွေကနေပြီးတော့ အခုရောက်လာတဲ့ အခြေအနေက နည်းနည်းသိမ်မွေ့တဲ့အတွက်ကြောင့် ဘယ်လိုပုံစံနဲ့ နိုင်ငံရေးပုံစံ ဆက်သွားမလဲဆိုတာတော့ အခုချိန်ထိ တရားဝင်ဆုံးဖြတ်ခြင်း၊ ထုတ်ပြန်နိုင်ခြင်းမရှိသေးပါဘူး။

**အခုလောလောဆယ် မပြောနိုင်သေးဘူးဆိုရင် ၂၀၁၅ အတွက်တော့ ဘယ်လိုများပြင်ဆင်ထားလဲ ပြောလို့ရနေပြီပေါ့။**

နိုင်ငံရေးဆက်လုပ်ပြီဆိုရင် ကျွန်တော်တို့အသက်အရွယ်နဲ့ တရားဝင်လုပ်နိုင်တဲ့နိုင်ငံရေး ပုံသဏ္ဌာန်တစ်ခုရှိမယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ကြေညာချက်မှာပြောခဲ့သလိုပဲ ကိုယ်စားပြုဒီမိုကရေစီလို့ခေါ်တဲ့ လွှတ်တော်ယန္တရားနဲ့ တစ်ဆင့်သွားတာရှိတယ်။ နောက်တစ်ခါ တိုက်ရိုက်ဒီမိုကရေစီပုံသဏ္ဌာန်တစ်မျိုးလည်းရှိမယ်။ အဲဒီတော့ ပြောရရင်အခုအချိန်မှာ အရမ်းကြီးသိမ်မွေ့တဲ့အချိန်မို့လို့ ကျွန်တော်ထိန်းပြီးပြောနေတာ။





ဆိုလိုတာက ပါတီနိုင်ငံရေး မဟုတ်ဘဲနဲ့ လုပ်နေတဲ့ နိုင်ငံရေးလည်း ရှိတယ်။ ဥပမာအားဖြင့် အင်ဂျီအိုပဲ။ သဘာဝပတ်ဝန်းကျင် လုပ်နေတဲ့ အဖွဲ့အစည်းရှိသလို နိုင်ငံတကာမှာဆိုရင် Civil Right Movement တွေရှိတယ်။ သူက နိုင်ငံသားအခွင့်အရေးတွေကို လုပ်နေတာ။ ပါတီမဟုတ်ဘူး။ နိုင်ငံရေး အင်ဂျီအိုတစ်ခုပဲ။ အဲဒီတော့ အင်ဂျီအိုမှာကိုက ပုံသဏ္ဌာန်တွေ အများကြီးရှိတယ်။ နိုင်ငံရေးလုပ်နေတဲ့ အင်ဂျီအိုလည်း ရှိတယ်။ ဒါပေမဲ့ သူကနိုင်ငံရေးပါတီ မထောင်ဘူး။ ရွေးကောက်ပွဲဝင်တဲ့ပုံစံ မဟုတ်ဘူးဆိုတော့ ရှေ့လျှောက် အရပ်ဘက်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်လာ ဖို့ဆိုတဲ့နေရာမှာ ပုံသဏ္ဌာန်မျိုးကွဲတွေ အများကြီးရှိတယ်။ အဲဒီတော့ နိုင်ငံရေးပါတီ ဆိုတာလည်း ပုံသဏ္ဌာန်တစ်ခုရှိမယ်။ နိုင်ငံရေးပါတီဆိုတဲ့ နေရာမှာလည်း တည်ဆဲ နိုင်ငံရေးပါတီတွေရဲ့ အခြေအနေပေါ့။ ပုံသဏ္ဌာန်တစ်မျိုးနဲ့ ရှိမယ်။ ပါတီအသစ် ဖြစ်ထွန်းလာတဲ့ဟာလည်း ပုံသဏ္ဌာန်တစ်မျိုး ရှိမယ်။

နောက်တစ်ခါ တစ်ချိန်တုန်းက ပါတီအဖြစ်နဲ့ရပ်တည်ခဲ့တဲ့ အဖွဲ့အစည်းတွေ အကြောင်းကြောင်းကြောင့် မှတ်ပုံပြန်မတင်နိုင်တာ စသည်ဖြင့် ရှုပ်ထွေးနေတဲ့ အခြေအနေကြားထဲမှာ ကျွန်တော်တို့ ဒီ ၈၈ မျိုးဆက်ကျောင်းသားများကို လူထုရဲ့မျှော်လင့်ချက်ကလည်းရှိတယ်။ ဒီလူတွေဟာ တောက်လျှောက်ဖြတ်သန်းလာခဲ့တယ်။ သူတို့ နိုင်ငံရေးလုပ်လာခဲ့တယ်ဆိုတဲ့ ဒီအပေါ်မှာ လူထုရဲ့ တုံ့ပြန်မှုအမြင်တွေလည်း ရှိတယ်။ အဲဒါကြီးက တော်တော်ကြီးတယ်လို့မြင်တယ်။

ဒီတော့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ကို ပြီးစလွယ် မပြောချင်သေးတာက ကျွန်တော်တို့ ဆုံးဖြတ်ချက်တစ်ခုခုဟာ မြန်မာပြည်နိုင်ငံရေးအပေါ်မှာ သက်ရောက်မှု ပမာဏကြီးလိမ့်မယ်လို့ မျှော်လင့်ထားတဲ့အတွက်ကြောင့် အခုအချိန်မှာ နိုင်ငံရေးဆက်လုပ်မယ့်လူတွေ ဒီအထဲက [illegible] ပေါ်လာတဲ့လူ တွေဟာ အဲဒီနိုင်ငံရေးကို ခေါက်ချပြီးလုပ်မယ့် [illegible] တော့ ပေါ်လာမယ်။ ဘယ်လိုပုံစံဆိုတာကို ကျွန်တော်တို့ [illegible]

**ဒေါ်အောင်ဆန်းစုကြည်က ဦးကိုကိုကြီးတို့ကို ပါတီထဲ [illegible] NLD ထဲဝင်ဖို့ ကမ်းလှမ်းတယ်။ ဦးကိုကိုကြီးတို့က NLD ထဲမဝင်ဘူး [illegible] NLD ကို**



www.burmeseclassic.com

www.burmeseclassic.com



ဝန်းရုံမယ်လို့ပြောတယ်လို့ သိရတယ်။ ဟုတ်ပါသလား။

ကျွန်တော်တို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒုတိယအကြိမ် တွေ့ဆုံတာနဲ့ပတ်သက်ပြီး ယေဘုယျပဲ သတင်းထုတ်ပြန်တယ်။ ဒီဆွေးနွေးချက်အသေးစိတ်ကို သတင်းထုတ်ပြန်ဖို့ မရှိပါဘူးဆိုပြီး ပြောခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ ဒါကို စောင့်ထိန်းရမယ့်ကိစ္စပါ။

၈၈ မျိုးဆက် ကျောင်းသားတွေအနေနဲ့ ပါတီနိုင်ငံရေးလမ်းကြောင်းပေါ်မတက်ဘဲ တရားဝင်ရပ်တည်လို့ရမယ့် နိုင်ငံရေးပုံသဏ္ဌာန် ရှိပါသလား။ ဘယ်လိုဟာမျိုးလဲ။

အဓိကက ဒီအပြောင်းအလဲကကြီးတယ်။ ကြီးတော့ ဒီအပြောင်းအလဲကို လောလောဆယ်မှာ အဆုံးသတ်ပေးနိုင်တဲ့သူကတော့ လက်ရှိအစိုးရအဖွဲ့တာဝန်ရှိသူတွေ ဖြစ်နေတယ်။ အဲဒီတော့ သူတို့ကိုယ်တိုင်ကလည်း ပါတီစုံဒီမိုကရေစီကို ဖော်ဆောင်ဖို့အတွက်မှာ စမ်းပြီးသတိနဲ့ လုပ်နေတယ်လို့ မြင်တယ်။ မြင်တော့ ဘယ်လိုပုံစံနဲ့ရပ်တည်နိုင်မလဲဆိုတာ သူတို့က ဥပမာအားဖြင့် ဝါတီမှတ်ပုံတင် ဥပဒေတို့ အခြားအသင်းဖွဲ့စည်းမျဉ်းတွေရဲ့ ဥပဒေတွေနဲ့ ပတ်သက်တဲ့အခါမှာ ဘယ်လောက်လျှော့ပေါ့ပေးမလဲ။ ဘယ်လောက်ခွင့်ပြုမလဲ အပေါ်တွေမှာ ကျွန်တော်တို့ ချိန်ဆရမှာပေါ့လေ။

ပါတီမဟုတ်တဲ့အဖွဲ့အစည်း တွေဆို ပြည်ထဲရေးမှာ စည်းမျဉ်းဥပဒေတွေနဲ့ မှတ်ပုံတင်ရတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီဟာတွေ အကုန်လုံးကို ပြည့်ပြည့်စုံစုံ လေ့လာနေပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော်တို့ထဲမှာ ကျောင်းသားနိုင်ငံရေး၊ အမျိုးသားနိုင်ငံရေး၊ အခြားလူထု နိုင်ငံရေးတွေကိုပဲ စဉ်းစားတဲ့သူရှိနိုင်တယ်လေ။ အဲဒီတော့ တရားဝင်ရပ်တည်နိုင်တဲ့ ပုံသဏ္ဌာန်ကိုတော့ ကျွန်တော်တို့ ရွေးသွားမှာပါ။

အချို့ကလည်း ပြောနေကြတယ်။ ရွေးကောက်နိုင်ငံရေးဟာ လမ်းပေါ်ထွက်ဆန္ဒပြတဲ့ နိုင်ငံရေးသက်မဟုတ်တော့ဘူး။ အဲဒီမှာ ဦးကိုကိုကြီးတို့ရဲ့ ပုံသဏ္ဌာန်တစ်ခုက ဘယ်လိုရှိမလဲပေါ့။ အဲဒါကို သိချင်နေတဲ့သူတွေလည်း ရှိတယ်။

ကျွန်တော်တို့က ရယ်စရာပြောရရင်တော့ လမ်းပေါ်နိုင်ငံရေးဆိုပြီး သုံးနှုန်းကြတယ်။ ကျွန်တော်တို့ ဒီလိုပြောင်းဖို့ ဒီအပြောင်းအလဲကြီးကို လမ်းပေါ်နိုင်ငံရေးကစခဲ့တာ။ ကျွန်တော်တို့မှာ အဲဒီအချိန်တုန်းက ဘာပလက်ဖောင်းမှ





မရှိဘူး။ မရှိတော့ အကုန်လုံးက လမ်းပေါ်နိုင်ငံရေးနဲ့ စခဲ့ကြတာ။ စခဲ့ကြတော့ ဒီမိုကရေစီ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာလည်း လူထုဆန္ဒ လွတ်လပ်စွာဖော်ထုတ်ခွင့်ပေါ့။ ဥပဒေအရ ခွင့်ပြုထားရတာတော့ ရှိတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အခု အကူးအပြောင်းကာလမှာ လွှတ်တော်ကနေပြီးတော့ စီတန်းလှည့်လည်ခွင့်၊ ဆန္ဒပြခွင့်ဆိုတာ ရေးဆွဲနေကြတာရှိတယ်။ ပြီးပြည့်စုံမှု မရှိသေးပေမယ့်လို့ ဥပဒေတစ်ရပ်အနေနဲ့ ကျင့်သုံးဖို့ကြိုးစားလာတယ်။

အဲတော့ လူထုဆန္ဒဖော်ထုတ် တယ်ဆိုတဲ့နေရာမှာ ငါးနှစ်တစ်ကြိမ် ရွေးကောက်လိုက်တဲ့ ကိုယ်စားလှယ်တွေက တစ်ဆင့်ရှိသလို အခါအားလျော်စွာ ဖြစ်ပေါ်လာတဲ့အကြောင်းအရပ်တွေပေါ့လေ။ ဥပမာ မြစ်ဆုံလိုကိစ္စမျိုးတွေဟာလည်း လိုအပ်ရင်တော့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့် လိုအပ်လာလိမ့်မယ်။ အဲဒါအတွက်ကိုလည်း အားလုံး ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်တဲ့ ဥပဒေမျိုးတွေ ပြဋ္ဌာန်းပေးဖို့လည်း လိုအပ်တယ်။ စနစ်တကျလည်း ကျင့်သုံးဖို့လိုတယ်ပေါ့။ အဲဒီတော့ ဒီနည်းလမ်းလည်း ရှိလာလိမ့်မယ်။

ဆိုလိုတာက လူထုက ၈၈ မျိုးဆက်ကျောင်းသားကို ဒီထက်ပိုမျှော်လင့်တဲ့ဟာလည်း ဖြစ်နိုင်တယ်။ ပိုမျှော်လင့်တော့ ပိုပြီးသိချင်တယ်။

လူထုမျှော်လင့်ချက်ကို ကျွန်တော်တို့ နားလည်ပါတယ်။ နားလည်ပါတယ်ဆိုတာက ကျွန်တော်တို့ အသက်အရွယ်ကလည်း နိုင်ငံတကာ စံနှုန်းအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တောင် ရယ်စရာပြောရရင်၊ အိုဘားမားနဲ့ ကျွန်တော်တို့က အသက်အတူတူပဲ။ ယင်းလတ်ဆိုတာ ၄၄ နှစ်ပဲ ရှိသေးတာ။ ဆိုလိုတာက ကျွန်တော်တို့အသက်အရွယ်အရ ဒီထက် ကြီးလေးတဲ့တာဝန်တွေ ယူရတော့မယ်။

အဲတော့ ကျွန်တော်တို့ တတ်နိုင်သလောက် ထောင်ကျနေတဲ့ကာလည်း လက်လှမ်းမှီသလောက် ဖတ်ရှုလေ့လာတယ်။ ဒီထက်မကလည်း ဖြစ်အောင်ကြိုးစားသေးတယ်။ အဲတော့ လူထုမျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆက်ကြိုးစားသွားမှာပါ။ ကြိုးစားတဲ့နေရာမှာ ပုံသဏ္ဌာန် မပြောနိုင်သေးတာက ကျွန်တော်တို့ဆုံးဖြတ်မှုဟာ သက်ရောက်မှုကြီးမယ်လို့ ထင်တဲ့အတွက်ကြောင့်ပေါ့လေ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒုတိယအကြိမ်တွေ့တဲ့အခါမှာ ဦးကိုကိုကြီး၊ ဦးမင်းအေး

www.burmeseclassic.com



ဦးဌေးကြွယ်တို့ပဲ သွားတယ်ဆိုတော့ ဦးကိုကိုကြီးတို့အနေနဲ့ ဒီသုံးယောက်ပဲ သီးသန့်သွားတွေ့ဖို့ ဆုံးဖြတ်ခဲ့တာလား။ ဒေါ်အောင်ဆန်းစုကြည်က ဒီ သုံးယောက်ကိုပဲ ဖိတ်တာလား။

အဲဒါက ဒီလိုပါ။ ကျွန်တော်တို့မှာ ပါတီကြီးတစ်ခုလို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးဆိုတဲ့ ပုံစံမျိုးနဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘူး။ ကျွန်တော်တို့ ၈၈ ကို အတူတူလုပ်ခဲ့တဲ့ ရဲဘော်ရဲဘက်တွေအနေနဲ့ ဖွဲ့စည်းထားတာ။ အရင်တုန်းက တစ်ယောက်တစ်ဖွဲ့စီ၊ အယူအဆတစ်ခုစီနဲ့ လုပ်ခဲ့ကြပေမယ့် ပြန်လုပ်တဲ့အခါမှာ နားလည်မှု အကုန်ပြန်တည်ဆောက်နိုင်ခဲ့တယ်။ ဒါကြောင့် အချို့ကိစ္စတွေမှာ သွားပြီးပြန်ပြောလိုက်ရင် လက်ခံတယ်။ ကိုယ်စားပြုပြီး သွားတယ်လို့ သတ်မှတ်တယ်။

အဲဒီတော့ ကျွန်တော်တို့ သွားတွေ့မယ့်ကိစ္စကိုလည်း အချင်းချင်းကြားမှာ ဆွေးနွေးပြီးတော့မှ သွားတွေ့တယ်။ သွားတွေ့တော့ ပထမတစ်ကြိမ်က မိသားစုပြန်ဆုံတဲ့ပုံစံလေး သွားတွေ့တယ်။ ပထမတစ်ခေါက်မှာ အလုပ်ကိစ္စနဲ့ ပတ်သက်တာ ဘာမှ မပြောဖြစ်ဘူး။ ဒီတစ်ခေါက်သွားပြီး စအခြေခံပြောတာက ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲက သတင်းထုတ်ပြန်ချက်အပေါ် အခြေခံပြီး ကျွန်တော်တို့ သဘောထားကို ပြောဖြစ်တာပါ။

အဲဒီသတင်းစာ ရှင်းလင်းပွဲထုတ်ပြန်ချက်ရယ် ဒီကြားထဲ နှစ်ကြိမ်တွေ့တာယ်။ အဲဒီမှာ ဝန်းရံမယ့် ပုံသဏ္ဌာန်ကို ပြည်သူက သိချင်တာ။

ကျွန်တော်တို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်ကို အားဖြည့်ပေးတာ။ ဘာကြောင့်လဲဆိုတော့ ဒီဆုံးဖြတ်ချက်က အရေးပါတယ်။ တစ်ချိန်တုန်းက ကျွန်တော်တို့ဟာ ထိပ်တိုက်တိုးခဲ့တဲ့ ကာလတွေကများတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီလွှတ်တော်ကနေ ပူးပေါင်းဆောင်ရွက်ဖို့ရွေးလိုက်တာဟာ မြန်မာပြည် နိုင်ငံရေးသမိုင်းတစ်ခုရဲ့ အရေးပါတဲ့ အချိုးအကွေ့တစ်ခု ဖြစ်သွားတယ်။ အဲဒီ အချိုးအကွေ့မှာ သဘောထားမတိုင်ဆိုင်တာတွေလည်း ရှိကောင်းရှိနိုင်တယ်။ အဲဒီမတိုက်ဆိုင်မှုတွေကြောင့် သူ့ရဲ့ ဒီသဘောထား ဆုံးဖြတ်ချက်ကို အားနည်းမသွားစေချင်ဘူး။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီဆုံးဖြတ်ချက်လမ်းကြောင်းကို နိုင်ငံရေးလမ်းကြောင်း ရွေးချယ်မှုအဖြစ်နဲ့ ထောက်ခံတယ်။ ဝန်းရံတယ်။ အားပေးသွားမယ်လို့ ဆိုလိုတာ။





အထူးသဖြင့် ဒီကြားဖြတ်နဲ့ပတ်သက်လို့ ဦးကိုကိုကြီးတို့က ဒီထုတ်ပြန်ချက်ထဲ ရှိသေးတာကို။ ဆိုလိုတာက ကြားဖြတ်မှာ စည်းရုံးပေးမှာလား။


ကျွန်တော်တို့ဖြစ်ချင်တာက မဲဆန္ဒရှင်တွေရဲ့ ရွေးချယ်မှုကို သူတို့ လွတ်လွတ်လပ်လပ်ပဲ ဖြစ်စေချင်တာ။ ကျွန်တော်တို့ ပြောနိုင်တာက လူထုက ရွေးချယ်တဲ့အခါမှာ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကိုယ်စားလှယ်ဟာဖြင့် ငါတို့အကျိုးကို တကယ်ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်လိမ့်မယ်ဆိုတာကို ရွေးချယ်နိုင်ဖို့ ကျွန်တော်တို့ ပံ့ပိုးသွားခြင်းပဲ။

ဆိုလိုတာက သူတို့ရဲ့ အယူအဆတွေ ဘယ်လို ရပ်တည်ခဲ့တယ်၊ သူတို့မှာ ဘယ်လိုဖြတ်သန်းခဲ့တယ်၊ ဘယ်လူပုဂ္ဂိုလ်ဟာဖြင့် ဘယ်လိုဖြတ်သန်းခဲ့တယ်၊ အနစ်နာခံခဲ့တယ်၊ သူတို့မှာ ဘယ်လိုအရည်အချင်း တွေရှိခဲ့တယ်ဆိုတာကို လူထုက မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့ကိုပဲ မျှော်လင့်တယ်။ တကယ်တော့ ဒီ ၄၈ နေရာဆိုတာ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်နဲ့ပြောရင် မပြောပလောက်ဘူး။ ဒါပေမဲ့ ဒီထက်ပိုပြီး အနာဂတ်ကို ဖြတ်သန်းမှာဖြစ်တဲ့ အတွက် ဒီ ၄၈ နေရာမှာ ပါတီအောင်နိုင်ရေး၊ လူပုဂ္ဂိုလ် အောင်နိုင်ရေးဆိုတာထက်ကို ဒီမိုကရေစီလှုပ်ရှားမှု ခွင်ကျယ်လာဖို့ အဲဒါကို အဓိက ကြိုးစားသွားမှာပါ။

မိုးမြင့်မြတ်
(ပေါ်ပြူလာနယူးစ်ဂျာနယ်)
၉-၂-၂၀၀၂

◆

www.burmeseclassic.com



" ချစ်ရ၊ လေးစားရတဲ့ဗိုလ်ချုပ်။
ချစ်တဲ့၊ ကြည်ညိုတဲ့ပုဂ္ဂိုလ်၊
အားကျစံပြုရတဲ့ပုဂ္ဂိုလ်ပြောသမျှ၊ လုပ်သမျှအမှန်ချည်း၊
အကောင်းချည်း။
သည်လိုပဲမြင်ခဲ့သည်။ ကိုယ့်လိုပဲ အားလုံးက ချစ်ကြမည်၊
ကြည်ညိုကြမည်ဟု.... "

(၁၀)

## Messenger[illegible]
**(၁.၂.၂၀၂)**

**၈၈ မျိုးဆက် ကျောင်းသားများ၏ ဗိုလ်ချုပ်မွေးနေ့အတွက် အမှတ်တရစာစုများ**

### ရှိးတဲ့ကိုအောင်ဆန်း ရဲတဲ့ကိုအောင်ဆန်း

*ကျွန်တော်တို့ငယ်ငယ်၊ ကျောင်းနေစကတည်းက ငွေစက္ကူတွေပေါ် မှန်ပေါင်သွင်း ဓာတ်ပုံတွေကတစ်ဆင့်၊ ကဗျာတွေ၊ သီချင်းတွေကတစ်ဆင့်၊ သိကြားခဲ့ရ ချစ်ရ၊ လေးစားရတဲ့ဗိုလ်ချုပ်။ ချစ်တဲ့၊ ကြည်ညိုတဲ့ပုဂ္ဂိုလ်၊ အားကျစံပြုရတဲ့ ပုဂ္ဂိုလ်ပြောသမျှ၊ လုပ်သမျှအမှန်ချည်း၊ အကောင်းချည်း။ သည်လိုပဲ မြင်ခဲ့သည်။ ကိုယ့်လိုပဲ အားလုံးက ချစ်ကြမည်၊ ကြည်ညိုကြမည်ဟု....*

ကျွန်တော်ကိုယ်တိုင် နိုင်ငံရေးနယ်ပယ်ထဲဝင်ခဲ့သည်မှာ (၂၄)နှစ်ရှိခဲ့ပြီ။ နှိုင်းယှဉ်ကြည့်လျှင် ဗိုလ်ချုပ်၏ နိုင်ငံရေးသက်တမ်းက (၁၁)နှစ်မျှသာ စွမ်းဆောင်ခဲ့သည့် ပမာဏကကျတော့ မနှိုင်းသာလောက်အောင်ပင်။ ကျွန်တော်တို့ ကျောင်းသားလှုပ်ရှားမှုမှတစ်ဆင့် နိုင်ငံရေးထဲဝင်ခဲ့သလို ဗိုလ်ချုပ်သည် ကျောင်းသားဘဝမှစခဲ့သည်။ ၁၉၃၆ ခုနှစ် ဒို့ဗမာအစည်းအရုံး အထွေထွေ အတွင်းရေးမှူး၊ (၂၃)နှစ်အရွယ် ကျောင်းသားနိုင်ငံရေးမဟုတ်တော့။ ဗိုလ်ချုပ် အောင်ဆန်း၊ ဦးအောင်ဆန်း (၃၂)နှစ်အရွယ်။ တစ်နှစ်အတွင်း လွတ်လပ်ရေး တိုင်းပြည်ပြန်လည်ထူထောင်ရေး လမ်းညွှန်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ ချမှတ် ပြင်ဆင်ပေးခဲ့ပြီးပြီ။ ဒုတိယကမ္ဘာစစ် နိုင်ငံတကာဆက်ဆံရေး အခင်းအကျင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်း မြန်မာနိုင်ငံ၏ အနေအထားကို ပုံဖော်ပြသနေပေးခဲ့ပြီးပြီ။

နိုင်ငံရေးနယ်ပယ်တွင် လူပုဂ္ဂိုလ်တစ်ယောက် အဖွဲ့အစည်းတစ်ခု၏ လုပ်ရပ်များကို မှန်သည်၊ မှားသည် သတ်မှတ်ချက်များကို ငယ်စဉ်က အလွယ်တကူ သုံးစွဲခဲ့ဖူးသည်။ ဗိုလ်ချုပ်ကို မှန်သည်၊ မှားသည် ဝေဖန်မှု၊ တိုက်ခိုက်မှုများ ရှိခဲ့သည်။ ဗိုလ်ချုပ်သည် ယုံကြည်ရာကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ယုံကြည်ချက်ခိုင်မာသလို လက်တွေ့ကျကျဆုံးဖြတ် ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။ သေချာသည်ကတော့ ဗိုလ်ချုပ်သည် လူတိုင်း သဘောကျအောင်၊ ထောက်ခံအောင် ကြိုးစားခဲ့သူမဟုတ်။ သူ့စိတ်ကူး၊ သူ့အတွေး၊ သူ့နှလုံးသား၊ သူ့ဘဝတစ်ခုလုံး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နှစ်မြှုပ်ထားသူ။ ရင်းနှီးကျွမ်းဝင်သူများနှင့် သဘောထားကွဲလွဲခဲ့ရမှုများကိုလည်း ရင်ဆိုင်ရဲသူ။

ကျောင်းသားခေါင်းဆောင်ဘဝ လူထုကြား ထင်ရှားကျော်ကြားခဲ့သူ အဖြစ်မှ နိုင်ငံခေါင်းဆောင်ဘဝ တက်လှမ်းနိုင်ခဲ့ခြင်း၏ အဓိက အရည်အချင်းမှာ အရေးကြီးသည့် အကွေ့အပြောင်းတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့ခြင်း ဟုမြင်သည်။ ယင်းဆုံးဖြတ်ချက်များအတွက် တာဝန်ယူရဲသည့် စိတ်ဓာတ်သည် ပင် ခေါင်းဆောင်တစ်ယောက်၏ အဓိကအရည်အချင်း၊ ပုဂ္ဂလိက အကျင့်စရိုက်၊ သူ့ဂုဏ်ရမစိုက်၊ အရိုင်းဟု သမုတ်တော့လဲ ခပ်ပြုံးပြုံး။ ကာလတိုလေးအတွင်း ဆုံးဖြတ်ခဲ့ရသည့် ပမာဏ၊ ရှုထောင့်အသီးသီးမှ မှန်/မှား ရှုမြင်မှုများကိုလည်း ရင်ဆိုင်ခဲ့သည်။ ပြစ်တင်ဝေဖန်မှုများ၊ တိုက်ခိုက်မှုများ။

**ဗိုလ်ချုပ် ခြောက်ပြစ်ကင်းစင်အောင် မကြိုးစားပါ။ ရဲရဲတွေးသည်၊ ရဲရဲဆုံးဖြတ်သည်။ အလုပ်လုပ်လျှင် အမှားရှိနိုင်သည်။ ပြင်ဆင်စရာရှိလျှင် ချက်ချင်း ပြင်ဆင်ဆုံးဖြတ်သည်။ အမှားမရှိသူသည် အလုပ်မလုပ်သူပင်ဖြစ်မည်။ စေတနာအမှန်တို့နှင့် ဆင်ခြင်တုံတရားဖြင့် ရှုမြင်နိုင်ဖို့ အရေးကြီးသည်။**

ဗိုလ်ချုပ် အမှားမကင်းနိုင်ပါ။ (သို့သော် သမုတိနယ်ပယ်တွင် မှန်ခြင်း၊ မှားခြင်းသည် ရှုမြင်သူ၏ ရှုထောင့်နှင့်လည်း သက်ဆိုင်သည်)။ ဤသို့သော (အမှား)သတ်မှတ်ချက်မျိုးကို ဗိုလ်ချုပ် မကြောက်ပါ။ သမုတိနယ်ပယ်တွင် ရှုမြင်သတ်မှတ်သူများကြား ဗိုလ်ချုပ် ခေါင်းဆောင်တာဝန်ယူရဲခဲ့သည်။ သေချာ





သည်ကတော့ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေး (၆၄)နှစ်ကျော်ခဲ့ပါပြီ ရလဒ်ကောင်းဖို့ တစ်ဘဝလုံး ရင်းနှီးမြှုပ်နှံခဲ့သည့် ဗိုလ်ချုပ် (သမုတိနယ် ပယ်တွင်) ဗိုလ်ချုပ် ခြောက်ပစ်မကင်းပါ။

*The Messenger Journal*


၁၃.၂.၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com





“ လက်ရှိဖြစ်နေတဲ့၊ ကြိုးစားနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ

ကျွန်တော်တို့ ဘယ်အခန်းကဏ္ဍကပဲ ပါဝင်ရ ပါဝင်ရ

ကျွန်တော်တို့တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမယ်

ဆိုတာကို ဖိတ်ခေါ်ထားပြီး ဖြစ်ပါတယ်။ ”



## အပိုင်း(၂)

### (ဃ)

### ဒီမိုကရက်တစ်တိုင်းပြည်နှင့် ဂျာနယ်နှင့်အင်တာဗျူး

ကချင်ပြည်နယ် စစ်ဘေးသင့်ပြည်သူများဆီသို့ ၈၈ မျိုးဆက်ကျောင်းသား များသွားရောက်မည့် ခရီးစဉ်၏ရည်ရွယ်ချက်ကို Weekly Express Times မှ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးအား တွေ့ဆုံမေးမြန်းရာတွင် ပြန်လည် ဖြေကြားခဲ့သည်များကို စာဖတ်ပရိသတ်များ မျှဝေခံစားနိုင်ရန် ဖော်ပြလိုက်ပါသည်။

**ဂျာ မျိုးဆက်ကျောင်းသားများရဲ့ ကချင်ပြည်နယ်က စစ်ဘေးသင့်ပြည်သူတွေဆီ (မြစ်ကြီးနားခရီးစဉ်) မှာ အဓိကဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ သွားတာလဲ။ လူအင်အား ဘယ်နှယောက်နဲ့သွားမှာလဲ။**

အဓိကကတော့ အစဉ်လာအားဖြင့် လူကြီးတွေသွားတဲ့ ခရီးစဉ်ဆိုတာက တစ်ဖက်သတ်ပြောချင်တာတွေ သွားပြီးတော့ ကိုယ်ပြောချင်တာပဲ ပြောထား လာတက်တဲ့ပရိသတ်ကနားထောင်ဆိုတဲ့ အမူအကျင့်တိုင်းပြည်မှာ [illegible] ကျွန်တော်တို့ ကတော့ အခါက နားထောင်ချင်တာပေါ့။ တကယ့်အောက်ခြေပြည်သူတွေ၊ တိုင်းရင်းသားတွေ ဘာတွေခံစားနေရတယ်၊ သူတို့စိတ်ထဲမှာ ဘာတွေရှိသလဲဆိုတာ ကျွန်တော်တို့ သိရှိနားလည်ဖို့ ကြိုးစားမယ့်ခရီးစဉ် ဖြစ်ပါတယ်။ မြစ်ကြီးနားကို တိုက်ရိုက် သွားမယ့်ခရီးစဉ်မှာတော့ လူအင်အား [illegible] ယောက်နဲ့ သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



**စိတ်ကြားခံရတယ်လို့ ကြားတယ်။ ဘယ်အဖွဲ့အစည်းက စိတ်ကြားတာလဲမသိဘူး။**

ကျွန်တော်တို့ကဖိတ်ကြားခံရတဲ့ အဖွဲ့အစည်းအနေနဲ့ သွားမှာပါ။ သီးခြားဖိတ်ခံရတဲ့ အဖွဲ့တွေလည်းရှိတယ်။ နာရေးကူညီမှုအင်အားကလည်း တစ်ချို့ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပုဂ္ဂိုလ်တွေ၊ ဒေသခံ ကချင်လူမှုရေးအဖွဲ့အစည်းတွေ၊ ဘာသာရေး အဖွဲ့အစည်းတွေလည်း ပါကြမယ်ဆိုတော့ ရင်ခုန်သံပေါင်းစုံကို အားလုံးကြား သိရနိုင်မယ့် အခွင့်အလမ်း တစ်ခုရမယ်လို့ထင်ပါတယ်။

**စစ်ဘေးသင့် ပြည်သူတွေကို ဂဂ မျိုးဆက် ကျောင်းသားတွေအနေနဲ့ဘယ်လောက်အတိုင်းအတာအထိ ကူညီမှုများပေးနိုင်မလဲ။**

တကယ်တော့ ကျွန်တော်တို့မှာ ရုပ်ဝတ္ထုပိုင်ဆိုင်မှုမရှိပါဘူး။ ကျွန်တော်တို့ သူတို့နဲ့ထပ်တူခံစားတယ်။ ကျွန်တော်တို့ သူတို့နဲ့ထပ်တူ ရင်ဆိုင်မယ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးနိုင်မယ့်အခြေအနေကို မျှော်လင့်ပြီးသွားမှာပါ။ ရုပ်ဝတ္ထုအားဖြင့် မည်မည်ရရထောက်ပံ့ပေးနိုင်မယ့် အခြေအနေမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်အပေါ်မှာ အသိမှတ်ပြုပြီးတော့ အခုလို ပူးပေါင်းဆောင်ရွက်တဲ့ အလှူရှင်တွေလည်း အထိုက်အလျောက်ရှိလာတဲ့ အတွက်ကြောင့် ကျွန်တော်တို့ တတ်နိုင်သလောက်တော့ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဂဂ မျိုးဆက်ကျောင်းသားတွေအနေနဲ့ စစ်တွေပြီးဆုံးပြီး ငြိမ်းချမ်းရေးကိုဖော်ဆောင်ဖို့ ဘယ်အတိုင်းအတာမျိုးနဲ့ ကူညီသွားနိုင်မလဲ။**

ကျွန်တော်လည်းပြောပြီးပါပြီ။ လက်ရှိဖြစ်နေတဲ့ကြိုးစားနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ကျွန်တော်တို့ ဘယ်အခန်းကဏ္ဍကပဲ ပါဝင်ရပါဝင်ရ ကျွန်တော်တို့တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။

**ယခု ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေအပေါ် အမြင်လေးကိုပြောပါဦး။**

ကျွန်တော်တို့နားလည်တာက များသောအားဖြင့် ဆွေးနွေးမှုတွေဆိုတာက လက်နက်ကိုင်ခေါင်းဆောင်တွေရဲ့ ထိပ်ပိုင်းဆိုင်ရာနွေးထွေးမှုတွေသာဖြစ်နေပြီးတော့ အောက်ခြေလူထုပါဝင်မှုအားနည်းတယ်လို့ ထင်ပါတယ်။ အဲဒီ





တော့ အောက်ခြေလူထုတွေကြားထဲမှာ ဥပမာအားဖြင့် ဗမာအောက်ခြေပြည်သူတွေနဲ့ ကချင်အောက်ခြေပြည်သူတွေ ရှမ်း၊ ကချင် အခြားတိုင်းရင်းသားအောက်ခြေပြည်သူတွေကြားထဲမှာ ရင်းနှီးနွေးထွေးမှုကို တည်ဆောက်ဖို့ကာလကြာရှည် ဆက်ပြီး လုပ်ရမယ့်လုပ်ငန်းတွေလို့ ထင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ထိပ်တန်းမှာရှိတဲ့ ထိပ်ပိုင်းပုဂ္ဂိုလ်တွေချင်း ဆွေးနွေးမှုကနေပြီးတော့ အောက်ခြေပြည်သူတွေကြားထဲမှာ ဆက်ဆံထိတွေ့ရင်းနှီးနိုင်တဲ့ အခွင့်အလမ်းတွေကိုပါ ဆက်ပြီးရှာဖွေသွားသင့်ပါတယ်။

**ငြိမ်းချမ်းရေးလက်မှတ်ထိုးတာထက် ဘယ်လိုအခန်းကဏ္ဍထိဆောင်ရွက်ရမယ်၊ နောက်ပြီး အားလုံးအဆင်ပြေနိုင်ဖို့ အစိုးရသစ်ဘက်ကနေ ဘယ်လိုအတတ်နိုင်ဆုံး လိုက်လျောပြီးလုပ်ပေးရနိုင်မလဲ။**

တိုင်းရင်းသားပြဿနာဆိုတာက ပြောရရင် လွတ်လပ်ရေးနဲ့အတူသန္ဓေတည်လာတာပါ။ အဲဒီတော့ နှစ်ပေါင်း ၆၀ လောက်ဖြစ်လာတဲ့ပြဿနာကို တစ်ထိုင်တည်းနဲ့ဖြေရှင်းနိုင်မယ်လို့တော့ မျှော်လင့်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးဆိုတာကို စစ်ရေးရှုထောင့်တစ်ခုထဲကပဲကြည့်မယ်။ နောက်တစ်ခါ တိုင်းရင်းသားပြဿနာဆိုတာ ဒေသဖွံ့ဖြိုးရေးလုပ်လိုက်ရင်ပြီးသွားမှာပဲလို့ စီးပွားရေးရှုထောင့်သက်သက်ကပဲ ကြည့်မယ်ဆိုတဲ့အမြင်တွေနဲ့မလုံလောက်ပါဘူး။

တကယ့်တကယ်က သူတို့ရဲ့ယဉ်ကျေးမှုဆိုင်ရာရှုထောင့်၊ စာပေရှုထောင့်၊ အနုပညာ၊ သူတို့ရဲ့သမိုင်းကြောင်းဆိုင်ရာ ရှုထောင့်အသီးသီးကပါ ရှုမြင်ပြီးတော့သုံးသပ်မှ အားလုံး ရှုထောင့်အသီးသီးက ပါဝင်နိုင်တဲ့ ကျယ်ပြန့်တဲ့ ဆွေးနွေးမှုတွေဖြစ်လာဖို့ ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်။

*အိပ်(စ်)ပရက်(စ်)ဝိုင်း(စ်)*


◆



www.burmeseclassic.com

www.burmeseclassic.com





“ ကလေးတွေရဲ့အတွေးတွေမှဖြစ်ပေါ်လာတဲ့မေးခွန်းတွေကို ဆရာဆရာမတွေကလည်းဖြေပေးဖို့၊ မဖြေနိုင်ရင်လည်း ဖြေနိုင်အောင်ကြိုးစားဖို့၊ ဒါမှသာ ဆရာတွေရော ကလေးတွေပါ အသိတွေ ရပ်မနေဘဲ တိုးတက်လာမယ် ”



(၁၂)

**ကုမုဒြာသတင်းဂျာနယ်နှင့် အင်တာနက်**

**(၆.၃.၂၀၁၂)**

ဂဂ မျိုးဆက်ကျောင်းသား ကိုကိုကြီးပြောတဲ့
ကလေးတွေစဉ်းစားတတ်ဖို့

နေ့စဉ်တွေ့နေရတဲ့ ပတ်ဝန်းကျင်ကအရာတိုင်းကို တွေးကြည့်ဖို့၊ တွေးတတ်အောင်သင်ယူကြဖို့ ဂဂ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက မန္တလေးမြို့ ဘဝအလင်းပရဟိတအဖွဲ့ရဲ့ ပညာရည်ချွန်ဆုပေးပွဲမှာ ကျောင်းသားလေးတွေကို ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ကိုကိုကြီးက စည်းလုံးခြင်းရဲ့အင်အားကြီးပုံကို ပြောပြခဲ့သလို ကလေးတွေနဲ့ အပြန်အလှန်မေးမြန်းရင်း ကလေးတွေပါ ပါဝင်နိုင်တဲ့ စဉ်းစားပုံလေးတွေကိုလည်း သင်ကြားပြောပြခဲ့ပါသေးတယ်။ ကလေးငယ်သုံးယောက်ကို ခေါ်ပြီး ‘သားတစ်ယောက်တည်းဆို အားနည်းမယ်၊ နောက် သမီးတစ်ယောက် ပေါင်းလိုက်ရင် ပိုအားရှိသွားမယ်၊ နောက်တစ်ယောက် ထပ်ပေါင်းရင် ပိုပြီးအားရှိသွားမယ်။ ဒီလိုပဲ တစ်ယောက်ချင်းပေါင်းရင်အားရှိတယ်၊ အားလုံးပေါင်းရင် ပိုပြီးအားရှိသွားမယ်’ လို့ ကိုကိုကြီးက ပြောပြခဲ့ပါတယ်။

ကလေးတွေရဲ့အတွေးတွေဟာ လှပပြီး လူကြီးတွေမတွေးတတ်တာတွေ တွေးတတ်ကြပါတယ်။ ဒါကြောင့် တွေးကြည့်ကြဖို့ တွေးလို့ရလာတဲ့

www.burmeseclassic.com



မေးခွန်းတွေကိုလည်း မေးကြဖို့လိုအပ်တယ်လို့ ကိုကိုကြီးက ကလေးတွေကို ပြောပြပါတယ်။

'များများမေးရင် များများတတ်လာရင် ဗဟုသုတတွေရလာမယ်၊ စာအုပ်ထဲက အတတ်ပညာတင်မဟုတ်ဘဲ ဘဝထဲကအေးပတ်ဝန်းကျင်က ဗဟုသုတတွေရပြီး ဘယ်ဟာမှန်တယ်ဆိုတာ ခွဲခြားတတ်မယ်' လို့ ကိုကိုကြီးက ကလေးတွေကို မေးခွန်းတွေများများမေးကြဖို့ ပြောပါတယ်။

ကျောက်စရစ်ခဲလေးတွေက ဘယ်ကဖြစ်လာတယ်ဆိုတာကိုလည်း ဥပမာပေး ပြောပြခဲ့ပါသေးတယ်။

'သားတို့သမီးတို့ ကျောက်တောင်ကြီးတွေ တွေ့ဖူးလား၊ အဲဒီ ကျောက်တောင်ကြီးက မိုးတွေရွာ လေတွေတိုက်တော့ ပဲ့ကျလာပြီး ရေတွေနဲ့ တလိမ့်ခေါက်ရွေးကျလာတယ်၊ ပြီးတော့ စီးဆင်းရင်း တစ်ခုနဲ့တစ်ခုတိုက်ပြီး အစွန်းတွေကပဲ့၊ ကျောက်တုံးကြီးကနေပဲ့ပြီး ကျောက်တုံးလေးတွေဖြစ်ပြီး အဲဒီကနေ ကျောက်စရစ်ခဲလေးတွေအဖြစ်နဲ့ တွေ့ရတယ်၊ ဒီကျောက်စရစ်တွေက အရင်ကတည်းက ကျောက်စရစ်ခဲလေးတွေဖြစ်နေတာမဟုတ်ဘူးနော်၊ ကျောက်စရစ်ခဲလေးတွေကိုတောင်မှ လေ့လာတတ်ရင် သူဘယ်ဘဝဖြစ်လာတယ်ဆိုတာ ပြောပြနေတယ်' လို့ ကိုကိုကြီးက ဆိုပါတယ်။

ကလေးတွေရဲ့အတွေးတွေမှ ဖြစ်ပေါ်လာတဲ့မေးခွန်းတွေကို ဆရာ ဆရာမတွေကလည်း ဖြေပေးဖို့၊ မဖြေနိုင်ရင်လည်း ဖြေနိုင်အောင်ကြိုးစားဖို့၊ ဒါမှသာ ဆရာတွေရော ကလေးတွေပါ အသိတွေရပ်မနေဘဲ တိုးတက်လာမယ် လို့လည်း ဦးကိုကိုကြီးက ဆရာမတွေအတွက်လည်း ပြောကြားသွားပါတယ်။

*ထက်မြတ်*
*(ကမ္ဘာ့အသတင်းဂျာနယ်)*

◆

www.burmeseclassic.com



❝ ဘယ်သူ့ဘက်ကပဲဖြစ်ဖြစ် ဒီကိစ္စဟာ

မှန်မှန်ကန်ကန်တော့ ဖော်ထုတ်ဖို့လိုတယ်။ ဒီလူတွေဟာ

ခေတ်ဆိုး စနစ်ဆိုးတစ်ခုထဲမှာ သူတို့ ဓားစာခံဖြစ်ခဲ့ကြတယ်။

အဲဒါကိုပေါ်လွင်ဖို့လိုတယ်။ ❞



(သူ)

The Messenger ဂျာနယ်နှင့်အင်တာဗျူး

အတွဲ(၂)၊အမှတ်(၅)

ကိုထွန်းအောင်ကျော်အပါအဝင် ကျောင်းသားခေါင်းဆောင်များ သတ်ဖြတ်ခံရမှုအပေါ်
ကိုကိုကြီး(ဂုဏ်ထူးဆောင်ကျောင်းသား)၏မှတ်ချက်

အခိုက်က သေတဲ့လူကသေပြီးသွားပြီ။ သေတဲ့လူကပြန်မရှင်တော့ဘူး။ ဒါပေမယ့် ဖြစ်ရပ်အမှန်ကတော့ အမှန်အတိုင်း ပေါ်ပေါက်စေချင်တယ်။ ဒါ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒပါ။ ကျဆုံးသွားတဲ့လူတွေက မြေပေါ်မှာရှိခဲ့ကတည်းက လက်တွဲခဲ့ဖူးတဲ့လူတွေ၊ သူတို့ကကျောင်းသားလှုပ်ရှားမှုမှာ တကယ်ဦးဆောင်ပါဝင်ခဲ့သူတွေ။ အခိုကက ဘာကြောင့်ဖြစ်လဲဆိုတော့ ပိတ်ဆို့ထားတဲ့ကာလတစ်ခုမှာ သူ့ကိုယ်မယုံ၊ ကိုယ့်သူမယုံနဲ့ သံသယတွေနဲ့ အလုပ်တူလုပ်နေချင်းတူတာတောင် ဘယ်သူက ထောက်လှမ်းရေးဖြစ်နိုင်တယ်လို့၊ ဘယ်သူက သတင်းပေးဖြစ်နိုင်တယ်လို့ဆိုတဲ့ဟာကို မြေပေါ်မှာလည်း တစ်ယောက်နဲ့ တစ်ယောက် သဘောထားကွဲလွဲမှုတွေ ဖြစ်ခဲ့ကြတယ်။ တောတွင်းမှာ လက်နက်ကိုင်တဲ့အခြေအနေမှာဆိုတော့ ပိုဆိုးတယ်။ သံသယရဲ့ ဓားစာခံတွေ သားကောင်တွေ ဖြစ်သွားတယ်။ ပိတ်ဆို့ထားတဲ့ စနစ်ဆိုးကြီးတစ်ခုကြောင့်မို့လို့ စတေးခံလိုက်ရတဲ့ သားကောင်တွေအဖြစ်နဲ့ ကျွန်တော်တို့ မြင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကြီးကျယ်တဲ့ ပြဿနာကြီးဟာ ဒီကိစ္စမှာ ပါဝင်ပတ်သက်ခဲ့တဲ့ သူတွေအနေနဲ့ ဖြေရှင်းရမှာအမှန်ပဲ။ ဒါ သူတို့တာဝန်ယူမှာ။ ကျွန်တော်တို့ မြင်တာတော့ သူတို့ကကျောင်းသားတွေပဲလေ။ လူတွေပါ ဒီလောက်ဆိုးဆိုးဝါးဝါး ခံစားခဲ့ကြရပြီးပြီ။ သေဆုံးခဲ့ကြရပြီးပြီ။ နောက်ပိုင်းမှာ ဖောက်ပြန်လို့၊ ထောက်လှမ်းရေးမို့လို့ ဖြစ်ပါတယ်ဆိုတဲ့ နိုင်ငံရေးအရ ထပ်ပြီး လုပ်ကြံခံရတာကိုတော့ မဖြစ်သင့်ဘူးလို့မြင်တယ်။ အဓိက ကတော့ ဒီလောက်အကျယ်တဝင့် ဖြစ်ဖို့တောင်မလိုဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး နင့်နင့်နည်းနည်း ခံစားခဲ့ကြရတဲ့လူတွေက၊ ဒီလူတွေကထောက်လှမ်းရေးမဟုတ်ဘူး။ ခေတ်ကာလအခြေအနေမှာ မှားယွင်းမှုဖြစ်ခဲ့တယ်။ အဲဒီအတွက် သူတို့တွေဟာ စတေးခံခဲ့ကြရတယ်ဆိုတာလောက် အသိအမှတ်ပြုခဲ့ရင်တောင်မှ သူနဲ့ရင်းနှီးတဲ့ သူတွေအားလုံးက နည်းနည်းသက်သာမယ့်၊ စိတ်ခံစားမှုဖြေလျော့မယ့်သဘောရှိတယ်။

ဒီအပေါ်မှာ ကျွန်တော်တို့ဟာ ဘယ်သူ့ဘက်ကပဲဖြစ်ဖြစ် ဒီကိစ္စဟာ မှန်မှန်ကန်ကန်တော့ ဖော်ထုတ်ဖို့လိုတယ်။ ဒီလူတွေဟာခေတ်ဆိုး စနစ်ဆိုးတစ်ခုထဲမှာ သူတို့ ဓားစာခံဖြစ်ခဲ့ကြတယ်။ အဲဒါကိုပေါ်လွင်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူလည်းသေသေး၊ နာမည်လည်းသေ၊ နိုင်ငံရေးလည်း အသတ်ခံရတဲ့ဟာမျိုးက တကယ်အသတ်ခံရတာထက် ပိုဆိုးတယ်။ အဲဒါမျိုးက မဖြစ်သင့်ဘူးလို့မြင်တယ်။

ကျွန်တော်တို့ကတော့ ဖြစ်နိုင်ရင် ဘယ်သူ့ဘယ်သူကိုမှ နစ်နာတာ၊ ထိခိုက်တာကို မလိုလားဘူး။ အဓိက အဖြစ်အမှန်ပေါ်ပေါက်ဖို့ပဲ။ ပေါ်ပေါက်ဖို့ကလူ့အဖွဲ့အစည်းမှာ ကျွန်တော်တို့က တချို့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေနဲ့ပတ်သက်ပြီးတာတောင်မှခွင့်လွှတ်နိုင်တယ်။ ဒါပေမယ့် ဒါတွေက မေ့ပစ်ဖို့တော့မဟုတ်ဘူးဆိုတဲ့ Forgive လုပ်နိုင်တယ်။ Forget လုပ်လို့မရဘူး။

ဒါတွေက သမိုင်းမှာဒါတွေဖြစ်ခဲ့တယ်ဆိုတာတော့ မှတ်တမ်းမှတ်ရာတွေကျန်ခဲ့ဖို့ ကြိုးစားနေတယ်။ အားလုံးက ဆန္ဒရှိတယ်။ ကိုယ့်ဘက်မှာဖြစ်နေ





တဲ့ဟာကျမှ ဒါကြီးကိုဖုံးကွယ်ပစ်လိုက်ဖို့ မဖြစ်သင့်ဘူး။ ကိုယ်တွေဖြစ်ခဲ့တာ
ပတ်သက်ပြီး ရဲရဲရင့်ရင့်ဖော်ထုတ်တာမျိုး၊ တာဝန်ယူတာမျိုးတော့ ကိုယ်တ
နမူနာဖြစ်သင့်တယ်လို့ မြင်တယ်။

*The Messenger Journa*

အတွဲ (၂)၊ အမှတ်(၅)


◆



www.burmeseclassic.com

www.burmeseclassic.com





“ နောက်တစ်ခုက ဒီအဖွဲ့အစည်းတွေက အရင်ကိစ္စတွေ တုန်းက လုံခြုံရေးရှုထောင့်တစ်ခုထဲက လွှန်လွှန်ကဲကဲ အကဲခတ်ကြတယ်။ ဒါတွေ တော်တော်လေး အရှိန်ရလာတော့ အရပ်ဘက် လူ့အဖွဲ့အစည်းပုံစံမှာ အပြောင်းအလဲတွေ ဖြစ်လာတဲ့အခါ သူတို့ ကိုယ်တိုင်က အတွေ့အကြုံ မရှိကြပါဘူး။ အဲဒီ အပြောင်းအလဲကို နည်းနည်းလေး စိုးရိမ်သောက ဖြစ်လာတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြောင်းလဲဖို့ကိစ္စတွေမှာ သူတို့လက်ခံလာအောင် ဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။ ”



## (၁၄)

## Hot News ဂျာနယ်နှင့် အင်တာဗျူး

၂၂.၃.၂၀၁၂

(ကိုကိုကြီးဆက်လုပ်သွားမယ့်နိုင်ငံရေးရည်မှန်းချက်ဆိုတာ)

ကိုကိုကြီး အခုတစ်ခေါက် အကျဉ်းထောင်ကလွတ်မြောက်လာတဲ့အခါ အပြောင်းအလဲတွေ ဖြစ်လာတယ်။ ဒီအပြောင်းအလဲတွေဟာ ဘာကြောင့် ဖြစ်ပေါ်လာသလဲလို့ သုံးသပ်မိပါသလဲ။

ကျွန်တော်တို့မြင်တာကတော့ ဒီနေ့နိုင်ငံကိုဦးဆောင်နေတဲ့ပုဂ္ဂိုလ်တွေက ပြုပြင်ပြောင်းလဲမှုတွေ မလုပ်ရင်မဖြစ်တော့ဘူးဆိုတာလို့ သူတို့ကိုယ်တိုင် တကယ်နားလည်သဘောပေါက်လာလို့ဖြစ်တယ်ထင်ပါတယ်။ အရင်တုန်းက နိုင်ငံရေးအပြောင်းအလဲတွေမှာ အဓိကကျတဲ့အဖွဲ့အစည်းတွေကို ဆွဲထုတ်ပြီး ပြုပြင်ပြောင်းလဲဖို့ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် တကယ့်တကယ် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ကြိုးစားမယ်ဆိုရင် ဒီအဖွဲ့အစည်းတွေ ဒီပုဂ္ဂိုလ်တွေရဲ့ အခန်းကဏ္ဍတွေ မပါဘဲနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တွေကို လုပ်နိုင်ဘူးဆိုတာကို သူတို့ကိုယ်တိုင် တကယ်နားလည်သဘောပေါက်လာလို့ ထင်ပါတယ်။

ဒီအပြောင်းအလဲတွေမှာ ၈၈ ခေါင်းဆောင်တွေက ဘယ်လိုအခန်းကဏ္ဍမှာ ထိုင်ကိုင်ဆောင်သွားမယ်လို့ သုံးသပ်ထားပါသလဲ။

ကျွန်တော်တို့စလုပ်ခဲ့တာက ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီး

www.burmeseclassic.com



မတိုင်ခင်ကတည်းက စလုပ်ခဲ့တာဆိုတော့ ဒီအပြောင်းအလဲတွေကို ၈၈ အရေးတော်ပုံကြီးရဲ့ အခန်းကဏ္ဍမပါဘဲနှင့် စလုပ်လို့တော့မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ထင်ပါတယ်။ ကျွန်တော်တို့မျိုးဆက်ဟာ နယ်ပယ်အသီးသီးမှာ ပြန့်နှံ့နေတာများပါတယ်။ ဒီအပြောင်းအလဲမှာ ကျွန်တော်တို့ နိုင်ငံရေးနယ်ပယ်တွင်သာမကဘဲ အခြားနယ်ပယ်အသီးသီးမှာ လူမှုရေးလုပ်ငန်းနယ်ပယ်၊ မီဒီယာနယ်ပယ်၊ ဝန်ထမ်းကဏ္ဍအသီးသီးမှာပါ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေက ပြန့်နှံ့နေတာပါ။

အဲဒီတော့ ဒီအင်အားစုတွေအားလုံးက နားလည်မှုရှိရှိနှင့် စုစည်းတည်ဆောက်ကြမယ်ဆိုရင် ကျွန်တော်တို့ကို လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှုမှာ အရှိန်အဟုန် ဖြစ်လာမယ်လို့ မြင်ပါတယ်။

**၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ ရွေးကောက်ပွဲမှာ မပါဝင်ဘူးလို့ ကျွန်တော်သိထားပါတယ်။ ၂၀၁၅ မှာတော့ ရည်မှန်းချက်ရှိပါသလား။**

၂၀၁၅ မှာတော့ ကျွန်တော်တို့အထဲက နိုင်ငံရေးနယ်ပယ်ထဲမှာ ခဲယဲဝင်ဝင် ဝင်ရောက်ဆောင်ရွက်မှုတွေ ပေါ်လာမှာပါ။ သေချာတာကတော့ ကျွန်တော်တို့ အသက်အရွယ်အရ ကျောင်းသားနိုင်ငံရေးဆိုတာ ရေရှည်သွားလို့ရနိုင်တာမဟုတ်ပါဘူး။ နိုင်ငံရေးကိုဖောက်ချပြီးလုပ်မယ့် အင်အားစုတစ်ခုပေါ်လာမှာပါ။ နိုင်ငံရေးပုံသဏ္ဌာန်သစ်တစ်ခု ပေါ်လာမှာ။

**အကျဉ်းထောင်ထဲမှာ နှစ်တွေအကြာကြီးနေလာခဲ့တာဖြစ်လို့ အပြင်နိုင်ငံရေးလောကမှာ လှုပ်ရှားလာတဲ့ ကြည်ညိုလေးစားမှုတွေ ရထားတာမှန်ပေမယ့် ကိုကိုကြီးတို့အခက်အခဲတွေ မရှိဘူးလား။**

ရှိပါတယ်။ အမှန်က ကျွန်တော်တို့ ဟိုတုန်းကဆိုရင် အာကာသယာဉ်တွေပြန်ဆင်းတဲ့အခါ ကြားမှာ ချိန်ဘာတစ်ခုထားပြီးတော့ ဒီကမ္ဘာမြေပြင်ရဲ့ လေထုဖိအားတွေ၊ ဆွဲငင်အားတွေနှင့် ညှိသွားတဲ့အချိန်ကာလတစ်ခု ရှိပါတယ်။

ကျွန်တော်တို့လည်းပဲ ထောင်ထဲမှာနှစ်တွေ အကြာကြီးနေလာပြီးတော့ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ တကယ်တကယ်ကြွကြွ ပါဝင်ဆောင်ရွက်ကြမယ်ဆိုတဲ့အခါ ကျွန်တော်တို့အနေနှင့် အချိန်ကာလတစ်ခု ပြန်ပြီးလေ့လာဖို့၊ သုံးသပ်ဖို့ လိုပါတယ်။ လွတ်လာပြီး တစ်ပတ်ကျော်ကျော်ကာလတစ်ခုမှာ လုပ်တဲ့ကိစ္စက ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအကြောင်း အမြန်ဆုံးသိဖို့၊ နားလည်ဖို့ ခြုံငုံမိအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့





လက်တွေ့ကျ ထိရောက်မှုရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာပါ။

**၈၈ ကျောင်းသားခေါင်းဆောင်ဟောင်းတွေမှာ အရွယ်က ဒုတိယအရွယ်ဆိုတော့ ၈၈ ကျောင်းသားခေါင်းဆောင်တွေကို ၈၈ မျိုးဆက်အချင်းချင်းကပဲ ထောက်ခံနေတာမျိုး၊ ဒါမှမဟုတ်ရင် ဒီကျောင်းသားခေါင်းဆောင်တွေ ထောင်ထဲမှာအကြာကြီးနေခဲ့ရလို့ ကျောင်းသားလူငယ်များမှ ခါးသက်ခြင်းတွေများနိုင်ဘူးလား။**

ကျွန်တော်တို့ အခုနယ်ဒေသအသီးသီးကို ခရီးစဉ်တွေထွက်ခဲ့တုန်းက ဒီကိစ္စကရှင်းသွားပါတယ်။ ကျွန်တော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတဲ့သူတွေက ကျောင်းသားတွေချည်းမဟုတ်ဘူး။ ဒေသအသီးသီးက အလွှာအသီးသီးကပြည်သူတွေ၊ အဖွဲ့အစည်းတွေ အားလုံးပါဝင်ကြပါတယ်။ မျိုးဆက်သစ်ကျောင်းသားတွေပါ ပါတယ်။ လူထုဟာ မျှော်လင့်ချက်ထားပါတယ်။ အပြောင်းအလဲကိုမျှော်လင့်နေပါတယ်။ ကျွန်တော်တို့ကလည်း ဒါကိုတာဝန်ကြီးတစ်ခုသဖွယ်ခံယူပြီး အောင်မြင်အောင် အကောင်းအထည်ဖော် ကြိုးစားဆောင်ရွက်သွားမှာပါ။

**အစိုးရပိုင်းထဲက သဘောထားတင်းမာသူများကြောင့် နောက်ပြောင်းပြန်လှည့်သွားနိုင်တယ်ဆိုတဲ့ သဘောထားမှတ်ချက် ကြားနေရပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ ဖြစ်နေတာတွေဟာ မှန်မှန်ကန်ကန် ဖြစ်နေသွားနေတယ်။ ဘယ်လိုအခက်အခဲတွေ ရှိနေပါသလဲ သိချင်ပါတယ်။**

အဖွဲ့အစည်းဆိုတော့ တစ်သဘောတည်း မရှိနိုင်ပါဘူး။ လက်ရှိအစိုးရအဖွဲ့ထဲမှာကြည့်ကြည့်၊ လွှတ်တော်ထဲမှာကြည့်ကြည့် သဘောထားကွဲလွဲမှုအနည်းအများရှိမှာပါ။ ဆိုလိုတာက တကယ်ပြုပြင်ပြောင်းလဲမယ်ဆိုရင်တောင်မှ ဘယ်လောက် ဘယ်လို အရှိန်အဝါနှင့် ပြောင်းလဲမှာလဲဆိုတာတွေမှာ သဘောထားအမြင်တွေ ကွဲလွဲနိုင်ပါတယ်။

နောက်တစ်ခုက ဒီအဖွဲ့အစည်းတွေက အရင်ကိစ္စတွေတုန်းက လုံခြုံရေးရှုထောင့်တစ်ခုထဲက လွန်လွန်ကဲကဲ အကဲခတ်ကြတယ်။ ဒါတောင် တော်တော်လေးအရှိန်ရလာတော့ အရပ်ဘက် လူ့အဖွဲ့အစည်းပုံစံမှာ အပြောင်းအလဲတွေဖြစ်လာတဲ့အခါ သူတို့ကိုယ်တိုင်က အတွေ့အကြုံ မရှိကြပါဘူး။ အဲဒီအပြောင်းအလဲကို နည်းနည်းလေးစိုးရိမ်သောက ဖြစ်လာတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြောင်းလဲဖို့ကိစ္စတွေမှာ သူတို့ပါလက်ခံလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။

**လွှတ်တော်အမတ်ဖြစ်ခဲ့ရင် ဘာကိုအရင် ပြောင်းလဲအောင်ဆောင်ရွက်မှာပါလဲ။**

နည်းပညာအရ ဥပဒေအချက်အရ ပြောင်းလဲရမှာမှန်ပေမယ်လို့ အခြေခံအကျဆုံး (Mind Set) လူတွေရဲ့ စိတ်နေစိတ်ထားပြောင်းလဲဖို့လိုပါတယ်။ အဲဒါကလည်း ကျွန်တော်တို့က ရာစုနှစ်ဝက်လောက် အသားကျလာတဲ့ ပုံစံတွေရှိနေတာကိုး။

သဘောကတော့ ပိတ်ဆို့ခံထားရတဲ့အခြေအနေကိုး။ အဲဒီကနေ ကျွန်တော်တို့က ပွင့်လင်းတဲ့လူ့အဖွဲ့အစည်းကိုသွားမယ်ဆိုရင် **အုပ်ချုပ်နေသူရဲ့ စိတ်နေစိတ်ထား** အဲဒါတွေအမြန်ဆုံး ပြုပြင်ပြောင်းလဲဖို့အတွက် နိုင်ငံရေးနိုးကြားဖို့၊ အသိအမြင်ပွင့်လင်းဖို့၊ ဆော်ဩဖို့၊ နှိုးဆော်ဖို့တွေက တော်တော်အရေးပါပါတယ်။

**ကိုကိုကြီး လွှတ်တော်အမတ်အဖြစ်ရှိနေရင် အခြားမလုပ်မဖြစ် လုပ်ဆောင်ရမယ့်ကိစ္စတွေ ဘာရှိမယ်လို့ထင်ပါသလား။**

လွှတ်တော်ထဲမှာ ဥပဒေရေးရာကိစ္စတွေ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဖို့တွေ၊ လုပ်ငန်းဆောင်တာတွေ ရှိပါတယ်။ တကယ်တမ်း အဲဒီဥပဒေတွေဖြစ်ပေါ်လာဖို့ ထပ်ရှိပြီးသား ဥပဒေတွေအသက်ဝင်ဖို့လုပ်ရတာ တော်တော်ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ လွှတ်လပ်စွာပြောဆိုခွင့် စီတန်းလှည့်လည်ခွင့်ကို လွှတ်တော်က အတည်ပြုလိုက်ပြီ ဒါပေမယ့် လက်တွေ့မှာ တကယ်ဖြစ်လာဖို့၊ အလုပ်ဖြစ်ဖို့၊ အသက်ဝင်ဖို့ လိုပါတယ်။

**လူအများစုဖြစ်နေတဲ့ လယ်သမားတွေဘက်က ရပ်တည်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါသလား။**

နစ်နာနေတာဟာ အများစုဖြစ်နေခဲ့တာမျိုးဆိုရင် အများဘက်က ရပ်တည်ဆောင်ရွက်သွားမှာပါ။

**အလုပ်သမားတွေအတွက်လည်း လိုအပ်ချက်ရှိလာရင် ရပ်တည်ပေးနိုင်တယ်ဆိုတဲ့ သဘောပါလား။**

တခြားလယ်ယာ အလုပ်သမားအဖွဲ့အစည်းဥပဒေတို့ လယ်ယာဥပဒေတို့ ဒါတွေကိုပြောတာပါ။ ရပ်တည်ပေးနိုင်ရမှာပေါ့။



**ကိုယ့်နိုင်ငံရဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်ကို ပြောပြပေးပါ။**

ဥပဒေကိုအကောင်အထည်ဖော်တာထက် အသက်ဝင်အောင်လုပ်တာ တော်တော်ခက်ပါတယ်။ နောက်တစ်ခုက သမ္မတကြီးဦးဆောင်တဲ့ အဆင့်ဆင့် အုပ်ချုပ်ဆောင်ရွက်တဲ့သူတွေရဲ့ အမူအကျင့်တွေ ပြုပြင်ပြောင်းလဲကြဖို့ အတော်လိုပါတယ်။ ကျွန်တော်တို့နယ်ထွက်တဲ့အခါတွေ့ရပါတယ်။ သမ္မတကြီး ဦးဆောင်တဲ့ အထက်ပိုင်းကပြုပြင်ပြောင်းလဲဖို့ ကြိုးစားအားထုတ်နေတဲ့အချိန်မှာ အသခံအောက်ခြေအဖွဲ့အစည်းတွေက ပြုပြင်ပြောင်းလဲဖို့ အဆင်သင့်ဖြစ်မနေသေးပါဘူး။

**ကိုကိုကြီးပြောချင်တဲ့အဓိပ္ပာယ်က လွှတ်တော်အမတ်အဖြစ်ရှိနေရင် ဘာကိုအရင် အဓိက ပြောင်းလဲအောင် ဆောင်ရွက်မှာလဲ။**

ကျွန်တော်ဆိုလိုတာ တည်ဆဲဥပဒေတွေပြင်ဆင်တာ အတည်ပြုတာတွေထက် လူတွေရဲ့စိတ်ထဲက အမူအကျင့်တွေ ပြောင်းလဲကြဖို့ ပိုအရေးကြီးတယ်ထင်ပါတယ်။

**ကိုကိုကြီးရဲ့နိုင်ငံရေးရည်မှန်းချက် ဘယ်လိုပုံစံနှင့် ဆက်လုပ်သွားဖို့ဆိုတာ တိတိကျကျ သိလိုပါတယ်။**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားများအနေနှင့် တစ်လျှောက်လုံး ကျွန်တော်လုပ်လာခဲ့ပြီးပြီ။ နောင်လာမယ့် နိုင်ငံရေးပုံသဏ္ဌာန်သစ်တစ်ခုမှာ နိုင်ငံရေးကို ထဲထဲဝင်ဝင်ဆောင်ရွက်မယ့်ပုံသဏ္ဌာန်နဲ့ ကျွန်တော်ကိုယ်တိုင်လည်းပဲ နိုင်ငံရေးကိုပဲ ရွေးချယ်မှာပါ။

အဲဒီတော့ နိုင်ငံရေးကို ထဲထဲဝင်ဝင်လုပ်ဖို့ဆိုတာ ပါတီနိုင်ငံရေးပုံစံရှိတယ်။ အဲဒီတော့ ဒီနေရာမှာ ပါတီအသစ်ထောင်မှာလား၊ ပါတီထဲဝင်မှာလား။ ဒါတွေက ပုံသဏ္ဌာန်ကိစ္စတွေပါ။ ဆိုလိုတာက အသေးစိတ်တွေပြောချင်သေးပေမယ့်လို့ ကျွန်တော်ကရှေ့ကို နိုင်ငံရေးကို ကိုယ့်ရဲ့တာဝန်ကို ဆောက်ချလုပ်ရမယ့်အလုပ် အဖြစ်ရွေးချယ်သွားမှာပါ။

**တိုင်းပြည်ရဲ့အနာဂတ်ကောင်းတစ်ခုကို တည်ဆောက်မယ်ဆိုရင် ဘယ်လို စိတ်ထားမျိုးရှိရမယ်လို့ သဘောပေါက်ပါသလဲ။**



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးစနစ်တစ်ခု မှားယွင်းပြီဆိုရင် အုပ်ချုပ်တဲ့သူတွေရော အုပ်ချုပ်ခံရတဲ့ ပြည်သူတွေပါ နစ်နာဆုံးရှုံးတာ အနာဂါတ်ကိုတည်ဆောက်ဖို့ ဆိုတာ အတိတ်ကိုလေ့လာဖို့ လိုတယ်။ သင်ခန်းစာယူဖို့လိုတယ်။ စနစ်ကို လူကဖန်တီးတယ် နောက်တော့ အဲဒီစနစ်ထဲမှာ လူတွေပြန်ပိတ်မိနေတတ်တယ်။ သမိုင်းဆိုတာက ဒါတွေဒါတွေဖြစ်ခဲ့တယ်။ လူ့အဖွဲ့အစည်းဆိုတာက ဒီလိုခံစားမှုတွေ၊ ဒီလိုဆုံးရှုံးနစ်နာမှုတွေ ဖြစ်ခဲ့တယ်ဆိုတဲ့ မှတ်တမ်းတွေရှိဖို့လိုပါတယ်။ သို့သော် အတိတ်ကို ဝန်ထုပ်ဝန်ပိုးတွေအဖြစ် မမြင်ဖို့လိုပါတယ်။

*အယ်ဒီတာတစ်ဦး*

***(Hot News Journal)***

***22.3.2012***


◆



www.burmeseclassic.com

www.burmeseclassic.com





" အဲဒီတော့ ပြုပြင်ပြောင်းလဲမှုတွေအားလုံးရဲ့အခြေခံ အကျဆုံးကလက်နက်ကိုင်စစ်မက်ဖြစ်ပွားနေတဲ့တိုင်းရင်းသား ကိစ္စနဲ့ လူထုနိုင်ငံသားတွေ ကြားထဲမှာ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တဲ့၊ မိမိသဘောထားကို ထုတ်ဖော်တင်ပြ နိုင်တဲ့ဒီမိုကရေစီအခွင့်အရေးတွေ၊ တိုင်းရင်းသားတန်းတူညီမျှ ရေးတွေ အဲဒီဟာတွေက အခြေခံကျကျ ပြုပြင်ပြောင်းလဲ သွားရမယ့် ကိစ္စတွေလို့မြင်ပါတယ်။ "



(၁၅)

# Internet မှ သင်ခန်းစာများ

## ၈၈ မျိုးဆက်ခေါင်းဆောင်တွေရဲ့ နိုင်ငံရေးရှေ့ခရီး

ဒီတစ်ပတ် မြန်မာ့မျက်မှောက်ရေးရာဆွေးနွေးခန်းမှာ ဦးကျော်ဇံသာက ကြောသေးခင်ကမှ အစိုးရအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သူ ၈၈ မျိုးဆက်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကိုကြီးကိုဆက်သွယ်ပြီး ၈၈ မျိုးဆက်ခေါင်းဆောင်တွေဟာ လောလောဆယ်မှာ နိုင်ငံရေးပါတီတစ်ရပ် ထူထောင်လိမ့်မည် မဟုတ်ကြောင်းပြောဆိုပါတယ်။ ဒီလိုဆို သူတို့စတင်ခဲ့တဲ့ ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံရှေ့ခရီးမှာ သူတို့တစ်တွေ ဘယ်ပုံစံနဲ့ ပါဝင်ကြမလဲ စတဲ့ အကြောင်းအရာများကို ဆက်သွယ်မေးမြန်းဆွေးနွေး သုံးသပ်ထားပါတယ်။

**ဦးကျော်ဇံသာ။** ။ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့လို ၈၈ မျိုးဆက်တွေဟာ မြန်မာနိုင်ငံဒီမိုကရေစီတောင်းဆိုတဲ့ လူထုအုံကြွမှုကို စတင်ဖော်ဆောင်ခဲ့ကြတဲ့ လမ်းကြောင်းကို ဆက်ပြီး ဘယ်လိုအကောင်အထည်ဖော်ကြမလဲဆိုတာကို ကျွန်တော် အဓိကသိချင်ပါတယ်။

ဘာကြောင့် ဒီစကားကိုစမေးရသလဲဆိုတော့ ကျွန်တော်တို့ကြားရတဲ့ သတင်းတွေအရ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေအနေနဲ့ အခု အခါမှာ နိုင်ငံရေးပါတီထူထောင်ဖို့ ရည်ရွယ်ချက်မရှိဘူးလို့ ကြားသိရပါတယ်။

အဲဒါကြောင့် မေးရခြင်းဖြစ်ပါတယ်။ စခဲ့တဲ့ဇာတ်လမ်း မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းကို ဘယ်လိုခရီးဆက်ကြမလဲ။ နိုင်ငံရေးပါတီ မထောင်ရင်။

**ကိုကိုကြီး။ ။** ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ခံယူထားတာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ၁၉၄၈ အရေးပါတဲ့ကွေ့တစ်ခု၊ ၁၉၆၂ နောက်ထပ် အရေးပါတဲ့ကွေ့တစ်ခု၊ နောက်တစ်ခါရှစ်လေးလုံး အရေးတော်ပုံဖြစ်တဲ့ ၁၉၈၈ အရေးပါတဲ့ကွေ့တစ်ခုဆိုပြီး ကျွန်တော်ကတော့ မြန်မာနိုင်ငံရေးသမိုင်းမှာ ဒီလိုကွေ့ကြီး (၃)ခုအဖြစ်နဲ့မြင်ပါတယ်။

အဲဒီတော့ တစ်ပါတီအာဏာရှင်စနစ်၊ ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးစနစ် အောက်ကနေ အခု ဦးတည်နေတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင် နိုင်ဖို့အတွက် စတင်ပြီးတော့ အပြောင်းအလဲကြီးတစ်ခုကို ဖန်တီးခဲ့တာဟာ ဒီရှစ်လေးလုံးအရေးတော်ပုံကြီးပါပဲ။ အဲဒီ ရှစ်လေးလုံးအရေးတော်ပုံကြီးမှာလည်း ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေရဲ့ အခန်းကဏ္ဍဟာ သမိုင်းအရ အင်မတန် အရေးပါတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ အခု (၂၃)နှစ်ကြာတဲ့အထိ ကျွန်တော်တို့ စဉ်ဆက်မပျက် နိုင်သလောက် ဆက်ပြီးကြိုးစားနေကြတာဟာ ဒီအပြောင်းအလဲကြီးပြီးဆုံးတဲ့အထိ ကျွန်တော်တို့ သက်တမ်းကုန်တဲ့အထိ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ လေးလေးနက်နက် ခံယူထားပါတယ်။

အဲဒီတော့ အခုဒီတစ်ခေါက် ထောင်က လွတ်လာတဲ့အခါမှာလည်း မြန်မာ့နိုင်ငံရေးရှေ့ခရီးကို ဘယ်လိုခရီးဆက်ကြမလဲ ဆိုတာကို လွတ်လာတဲ့ ထောင်အသီးသီးက ၈၈ မျိုးဆက်ကျောင်းသားတွေ အားလုံးပြန်ဆုံပြီးတော့ သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ခဲ့ပါတယ်။ တရားဝင် သတင်းထုတ်ပြန်ချက်မှာလည်း ကြားဖြတ်ရွေးကောက်ပွဲဝင်ဖို့၊ ဒေါ်အောင်ဆန်းစု ကြည်ရဲ့ဆုံးဖြတ်ချက်ကို ထောက်ခံတယ်။ ဝန်းရံအားပေးသွားမယ်ဆိုတာကို လတ်တလော နိုင်ငံရေးနဲ့ ပတ်သက်တဲ့သဘာထားအဖြစ် ထုတ်ပြန်ခဲ့ပါတယ်။

အဲဒီတော့ တကယ့်တကယ်ကတော့ ကျွန်တော်တို့ ကျောင်းသားလို့ ကိုယ့်ကို ကိုယ်ပြောနေပေမယ့် ကျွန်တော်တို့အသက်အရွယ်က ကျွန်တော်ဆိုရင်





၅၀ တန်းဖြစ်လာပါပြီ။ အဲဒီတော့ မြန်မာနိုင်ငံရေးကို ရှေ့ဆက်မယ့်ကိစ္စမှာ ထဲထဲ ဝင်ဝင်၊ ထိထိရောက်ရောက် လုပ်နိုင်တဲ့ပုံသဏ္ဌာန်တစ်ခုကို ပြောင်းရတော့မယ် ဆိုတာကိုလည်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။

**ဦးကျော်စံသာ။ ။** လူထုကလည်း အဲဒါကိုပဲ မျှော်လင့်နေကြတယ်ထင်ပါတယ်။ ဘယ်လို ထဲထဲဝင်ဝင် လုပ်လာကြမလဲဆိုတာကို။ အဲဒီတော့ ရှေ့ဆက်ရမယ့်ခရီးထဲမှာ ထဲထဲဝင်ဝင် လုပ်လာနိုင်မယ့်လမ်းစဉ်အဖြစ် ဘယ်လိုလမ်းစဉ်မျိုးကို ရွေးထားကြပါသလဲ။ အခု ပါတီမထောင်ကြဘူးဆိုတော့။

**ကိုကိုကြီး။ ။** အခုဟာက ကျွန်တော်တို့ကလွတ်လာတာ ရက်သားပဲရှိပါသေးတယ်။ အဲဒီတော့ ဒီရက်ပိုင်းအတောအတွင်းမှာ အရင်ဆုံးဖြစ်နေတဲ့အခြေအနေတွေနဲ့ ကျွန်တော်တို့ လက်တွဲဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ အခြေအနေတွေကို ခြုံငုံမိအောင် အမြန်ဆုံးကြိုးစားနေပါတယ်။ ကြိုးစားပြီးတဲ့အချိန်မှာ ၈၈ မျိုးဆက်ကျောင်းသားတွေကိုယ်တိုင်က ကိုယ်သန့်ရာသန့်ရာ စိတ်ဝင်စားရာနယ်ပယ်တွေရှိပါတယ်။ အဲဒီတော့ အဲဒီအထဲမှာ လူမှုကူညီရေးလုပ်ငန်းတွေ၊ အန်ဂျီအိုလုပ်ငန်းတွေကို စိတ်သန်တဲ့လူတွေရှိသလို၊ နိုင်ငံရေးကို ထဲထဲဝင်ဝင် ဆက်ပြီးလုပ်မယ့် အင်အားစုတွေလည်း ကျွန်တော်တို့ထဲမှာရှိပါတယ်။

အဲဒီတော့ ပုံသဏ္ဌာန်မျိုးစုံနဲ့ကွဲသွားမှာပါ။ အဲဒီလို ကွဲသွားတယ်ဆိုတာကလည်း ဘစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ယောက်နှင့် တစ်ယောက် နားလည်မှုမရှိ၊ ဒီလုပ်ငန်းတွေကို ဘုံလုပ်ငန်း၊ ဦးတည်ချက်တူလုပ်ငန်းတွေအနေနဲ့ ရှေ့ဆက်မယ့်ပုံသဏ္ဌာန်တစ်ခုကို ကျွန်တော်တို့အချင်းချင်းကြားထဲမှာ ရေရှည်နိုင်ငံရေးအမြင်အပေါ်မှာ သုံးသပ် ဆွေးနွေးနေတာတွေ ရှိပါတယ်။ သေချာတာကတော့ ကျွန်တော်တို့ဟာ အရေးပါတဲ့ နိုင်ငံရေးအင်အားစု ပုံသဏ္ဌာန်တစ်ခုအဖြစ် ကျွန်တော်တို့ ပေါ်ထွက်လာမှာပါ။

**ဦးကျော်စံသာ။ ။** ပါတီအနေနဲ့ပေါ့ဗျာ။ ပါတီအနေနဲ့လား။

**ကိုကိုကြီး။ ။** ဟုတ်ကဲ့။ အဲဒါကို ကျွန်တော်တို့ တိတိကျကျ ထုတ်ပြီးမပြောသေးတာက ကျွန်တော်တို့ ဒီရက်ပိုင်းအတောအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နိုင်ငံရေးအလားအလာနဲ့ပတ်သက်ပြီး ဆွေးနွေးဖြစ်ခဲ့ကြတာရှိတယ်။ အဲဒီတော့ အခုကာလကတော့ ကြားဖြတ်ရွေးကောက်ပွဲ ပြီးတဲ့အထိကာလဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အရေးတကြီး လောလောဆယ်မှာ ဆုံးဖြတ်နိုင်လောက်အောင် မလိုသေးဘူးလို့မြင်ပါတယ်။ သို့သော် ရေရှည်အတွက်ကတော့ ဘယ်လိုပုံစံနဲ့ သွားမယ်ဆိုတာကို ကျွန်တော်တို့အချင်းချင်း ညှိနှိုင်းပြီးတော့ဆုံးဖြတ်သွားမှာပါ။

အဲဒီတော့ သချာတာ၊ အာမခံနိုင်တာတစ်ခုကတော့ တိုင်းပြည်က မျှော်လင့်နေသလိုမျိုး ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေဟာ နိုင်ငံရေးပုံသဏ္ဌာန်တစ်ခု၊ ကျောင်းသားနိုင်ငံရေးထက် ကျော်လွန်တဲ့ နိုင်ငံရေး ပုံသဏ္ဌာန်တစ်ခုကိုတော့ ပြောင်းလာမှာအသေအချာပါပဲ။

**ဦးကျော်စံသာ။** ။ အခု မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးလမ်းစကို မြင်နေရပြီ။ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်ကို ရောက်နေပြီလို့ လူတော်တော်များများ က သုံးသပ်ကြပါတယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲရေးစကားကလွဲရင် ဘယ် အရာကို စကိုင်ပြီးတော့ပြုပြင်ရမလဲ။

စီးပွားရေးကြည့်မလား၊ နိုင်ငံရေးကြည့် မလား၊ ပညာရေးကြည့်မလား၊ ရုံးအုပ်ချုပ်ရေးစနစ်ကိုကြည့်မလား စသဖြင့် ယိုယွင်းနေတာက နှစ်ပေါင်းများစွာ ရှိခဲ့ပါပြီ။ ဒီ ၈၈ မျိုးဆက်ကိုကိုကြီးတို့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။ တိုင်းပြည်မှာ ပထမဦးဆုံး စကိုင်သင့်တဲ့ ပြုပြင်ရေးလုပ်ငန်းဟာ ဘယ်လုပ်ငန်းကို စတင် ကိုင်တွယ်သင့်တယ်လို့ ထင်ပါသလဲ။

**ကိုကိုကြီး။** ။ ပြုပြင်ပြောင်းလဲရေးလို့ဆိုလို့ရှိရင် ဘယ်ဟာကိုဦးစားပေး၊ ဘယ် ဟာကို အရင်လုပ်ရမယ်ဆိုတာမျိုး ကျွန်တော်တို့ တစ်ခုပြီးမှတစ်ခု လုပ်လို့မရဘူး လို့ ကျွန်တော်တို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ လုပ်စရာ တွေကအများကြီးပါ၊ အဲဒါတွေအားလုံးဟာ ဟန်ချက်ညီညီနဲ့ တစ်ချိန်တည်းမှာ လုပ်သွားရမှာပါ။

သဘောက လူ့အဖွဲ့အစည်း လူမှုရေးအပြောင်းအလဲတွေကလည်း နိုင်ငံရေးအပြောင်းအလဲ၊ စီးပွားရေးအပြောင်းအလဲတွေပေါ်မှာ မူတည်ပြီးတော့ နေထိုင်ဖို့ပုံသဏ္ဌာန်တွေ၊ စားသောက်ဖို့ပုံသဏ္ဌာန်တွေကစပြီး ပြောင်းနေပါပြီ။ အဲဒီပြောင်းတာတွေနဲ့အညီ နိုင်ငံရေးအဆောက်အအုံ၊ စီးပွားရေးအဆောက် အအုံတွေကိုလည်း ဟန်ချက်ညီညီနဲ့ပြောင်းဖို့ ကြိုးစားကြရမှာပါ။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ တို့လိုဟာမျိုးကတော့ အနာဂတ်နိုင်ငံတော်အတွက် အခြေခံ





အကျဆုံးရင်းနှီးမြှုပ်နှံမှုပါ။ ဒီဟာကလည်း ကျွန်တော်တို့အနေနဲ့ မလွဲမသွေ ဆုပ်ကိုလုပ်ရမယ့်ကိစ္စပါ။

အဲဒီမှာ ကျွန်တော်တို့မြင်တာက ပြုပြင်ပြောင်းလဲ မှုတွေရဲ့အခြေခံဟာ နိုင်ငံတော်ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးပါပဲ။ အဲဒီနေရာမှာ ရှုထောင့်နှစ်ခုရှိနေ တာက တည်ငြိမ်ရေးကို လုံခြုံရေးရှုထောင့်ကနေ လွန်လွန်ကဲကဲ ရှုမြင်သုံးသပ် တဲ့ ပုံသဏ္ဌာန်က တစ်ခု။ နောက်တစ်ခုက တစ်ယောက်နှင့် တစ်ယောက် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးကို ကြိုးစားတဲ့အခါမှာ ဆွေးနွေးညှိနှိုင်း ပြီးတော့ နိုင်ငံရေးအရ အဖြေရှာခြင်းဖြင့် တည်ဆောက်တဲ့နည်းက တစ်နည်းပါ။

အဲဒီတော့ ကျွန်တော်တို့ ယုံကြည်တာကတော့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ဖို့ နယ်ပယ်အသီးသီးမှာ ပြုပြင်ပြောင်းလဲဖို့လုပ်ဖို့ဆိုရင် အဓိကကျတဲ့ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တွေ့ဆုံဆွေးနွေးဖြေရှင်းတဲ့ နည်းနဲ့သာ ဖြေရှင်း နိုင်တယ်လို့ မြင်ပါတယ်။ အဲဒီတော့ ပြုပြင်ပြောင်းလဲမှုတွေအားလုံးရဲ့ အခြေခံ အကျဆုံးက လက်နက်ကိုင်စစ်မက်ဖြစ်ပွားနေတဲ့ တိုင်းရင်းသားကိစ္စနဲ့ လူထု နိုင်ငံသားတွေ ကြားထဲမှာ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တဲ့၊ မိမိ သဘောထားကို ထုတ်ဖော်တင်ပြနိုင်တဲ့ ဒီမိုကရေစီအခွင့်အရေးတွေ၊ တိုင်းရင်း သား တန်းတူညီမျှရေးတွေ အဲဒီဟာတွေက အခြေခံကျကျ ပြုပြင်ပြောင်းလဲ သွားရမယ့် ကိစ္စတွေလို့ မြင်ပါတယ်။

**ဦးကျော်စံသာ။** ။ တိုင်းရင်းသားတန်းတူညီမျှရေးဟာ ကိုကိုကြီးက အဲဒါကို ဖော်ပြတဲ့အတွက် အဲဒီကိစ္စကိုမေးချင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံ ရေးသမားထဲကလည်း တချို့က တိုင်းရင်းသား တန်းတူညီမျှရေးကို အပြည့်အဝ လက်ခံတယ်၊ ကိုကိုကြီးတို့လက်ခံသလို၊ နားလည်သလို နားလည်လက်ခံကြ တယ်လို့ ထင်ပါသလား။

**ကိုကိုကြီး။** ။ အခုဟာက ကျွန်တော်တို့မြင်နေတာက အခြေအနေ တစ်လျှောက်လုံးမှာ ကျွန်တော်တို့ကိုယ်တိုင် [illegible] တွေကတစ်ဆင့် သိလာခဲ့တဲ့ကိစ္စက တိုင်းရင်းသားတန်းတူညီမျှရေး [illegible] ဖက်ဒရယ်ကိစ္စကို နားလည်မှုလွဲမှားနေတာကို အဓိကထားတွေ့ရပါတယ်။

အဲဒါတော့ ဖက်ဒရယ်ဆိုတာ ပြည်ထောင်စုကြီးပြိုကွဲတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းဖို့အတွက် တပ်မတော် အင်အားရှိဖို့လိုတယ် ဆိုတာက သမိုင်းဆိုင်ရာအယူအဆတစ်ခု၊ နိုင်ငံရေးဆိုင်ရာ အယူအဆတစ်ခုကို ကျွန်တော်တို့ မျိုးဆက်တွေကြားထဲမှာ အခိုင်အမာ တည်ဆောက်နေတာ တွေ့ရပါတယ်။

အဲဒီတော့ တကယ့်တကယ်တော့ တိုင်းရင်းသားတန်းတူညီမျှရေးလို့ ပြောရင် ပြည်ထောင်စုစစ်စစ်ဖြစ်လာရေးအတွက်ကို ကျွန်တော်တို့က အခြေခံ ကောင်းတွေကို အုတ်မြစ်ချရမှာပါ။ အခု ကျွန်တော်တို့တွေ့ဆုံဆွေးနွေးနေတဲ့ ကိစ္စဟာကလည်း တကယ့်အရင်းအမြစ်ဖြစ်တဲ့ပြဿနာကို မဖြေရှင်းနိုင်ဘဲနဲ့ အပစ်အခတ်ရပ်စဲရုံသက်သက်နဲ့ကတော့ ပစ်လိုက်၊ ရပ်လိုက်၊ ပစ်လိုက်၊ ရပ်လိုက်နဲ့ ဆိုးသွမ်းသံသရာပဲ ဖြစ်နေမှာပဲ။

အဲဒီတော့ အမိုက အခြေခံအကျဆုံး ပြဿနာက တိုင်းရင်းသား တန်းတူညီမျှရေးကို အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲတွေကတစ်ဆင့် တကယ်ကို အဓိပ္ပါယ်ပြည့်ဝတဲ့ နိုင်ငံရေးဆွေးနွေးမှုတွေဖြစ်အောင် ကျွန်တော်တို့ဆက်ပြီး ကြိုးပမ်းသွားကြရမှာပါ။ အဲဒီကမှတစ်ဆင့် ရလာတဲ့ရလဒ်တွေကို ဒီဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ ထည့်သွင်းပြင်ဆင်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ စိတ်ရှည် လက်ရှည်နဲ့ ကြိုးပမ်းသွားကြရမှာဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

**ဦးကျော်ဇံသာ။** ။ ဟုတ်ကဲ့ အင်မတန်ကောင်းတဲ့အမြင်ပါပဲ ကိုကိုကြီး။ ဒါပေမဲ့ ဖက်ဒရယ်စနစ်ဆိုတာ ပြည်ထောင်စုပြိုကွဲရေးမဟုတ်ဘူး၊ ပြည်ထောင်စု စည်းလုံး ခိုင်မာရေးဖြစ်တယ်ဆိုတဲ့ အမြင်မျိုး အသိမျိုးပေးဖို့ လွယ်ကူမလား။

**ကိုကိုကြီး။** ။ ကျွန်တော်တို့က တစ်လျှောက်လုံးမှာ ဒီအကြပ်အတည်းကို ရင်ဆိုင်လာခဲ့ရတာပါ။ဒီဟာကိုအကြောင်းပြုပြီးတော့ပဲ ၆၂ အာဏာသိမ်းမှုဖြစ်ခဲ့ တယ်။ အဲဒီတော့ ဆိုလိုတာက **ပြဿနာကို အရင်ဆုံးက ပြဿနာတစ်ခုဖြစ် နေတာကို** အသိအမှတ်ပြုဖို့လိုပါတယ်။ အဲဒီပြဿနာက ဖြေရှင်းဖို့နည်းလမ်း တွေစဉ်းစားတဲ့အခါကျရင်တော့ သမားရိုးကျ စဉ်းစားတဲ့နည်းလမ်းတွေကနေ ဖောက်ထွက်ဖို့လိုတယ်။

လက်ရှိ တပ်မတော်ခေါင်းဆောင်တွေကလည်း မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် အင်မတန် အရေးပါတဲ့အင်အားစုတွေ ဖြစ်နေတယ်။





ဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် သံသယတွေလျှော့ဖို့လိုတယ်။ယုံကြည်မှု ထားဖို့လိုတယ်လို့ အဲဒီလိုမြင်ပါတယ်။

ဒါကြောင့်မို့လည်း အခုနပြောတဲ့ တိုင်းရင်းသား တန်းတူညီမျှရေးလို့ ပြောရင် ကျွန်တော်တို့က တိုင်းရင်းသား တန်းတူညီမျှရေးကို တစ်ထိုင်တည်း ဆွေးနွေးရုံကတော့ ပြီးပြည့်စုံတဲ့အဖြေ မရနိုင်ဘူး။ အဲဒီတော့ ဆက်ပြီး ဆွေးနွေး ရင်းနဲ့ တဖြည်းဖြည်း ရင့်ကျက်လာတဲ့ ပြည်ထောင်စု စစ်စစ်အခြေအနေကို ရောက်အောင် တိုင်းရင်းသားတွေ ဘက်ကလည်း နှစ်ဘက်အမြင်ရှိဖို့ လိုတယ်။ စစ်တပ်ဘက်ကလည်း အခုနပြောတဲ့ ဘက်အားလုံးကို ခြုံငုံမြင်တဲ့အမြင် ရှိဖို့လိုတယ်လို့ မြင်ပါတယ်။

**ဦးကျော်ဇံသာ။** ။ နောက်တစ်ခုက ၈၈ မျိုးဆက်ခေါင်းဆောင်တွေရဲ့ နိုင်ငံရေး ရှေ့ခရီးကို နည်းနည်းပြန်ကောက်ချင်ပါတယ်။ အဲဒီမှာ ကိုကိုကြီးပြောသွားတာ က ထဲထဲဝင်ဝင် တကယ့် တိုင်းပြည်နဲ့အဝှမ်းလွှမ်းခြုံတဲ့ နိုင်ငံရေးလမ်းကြောင်း တစ်ခုကိုချမှတ်မယ်။ နိုင်ငံရေးအားသန်တဲ့လူတွေ လုပ်မယ်လို့ဆိုပါတယ်။

အဲဒီလမ်းစဉ်ဟာ ၈၈ မျိုးဆက်ခေါင်းဆောင်တွေကြီးပဲစုထားတဲ့ အဖွဲ့အစည်း ဖြစ်မလား။ ပြည်သူထဲကို ထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလာတဲ့ လှုပ်ရှားမှုမျိုး ဖြစ်လာနိုင်မလား။

**ကိုကိုကြီး။** ။ ကျွန်တော်တို့ရည်ရွယ်တာကတော့ ကျွန်တော်တို့ ၈၈ မျိုးဆက် ကျောင်းသားလို့ အမည်ခံနေတာ ကိုယ်တိုင်ကတကယ့်ရေခဲတောင်ကြီးရဲ့ ထိပ်ဖျားလေးပါ။ တကယ့်တကယ်က ၈၈ လှုပ်ရှားမှုကြီးမှာဝါဝင်ခဲ့တဲ့၊ ကျွန်တော်တို့နဲ့ အတန်းတူ၊ ကျွန်တော်တို့နဲ့ မရှေးမနှောင်း ကျောင်းတက်ခဲ့တဲ့ ကျောင်းသားတွေ အင်အားစုကြီးက ရောမအင်အားစုကြီးပါ။

အခုဆိုရင် ဝန်ထမ်းနယ်ပယ်အသီးသီး နောက်ဆုံး တပ်မတော်ထဲမှာ တခြားလူမှုရေး social work လုပ်နေတဲ့ အန်ဂျီအိုတွေ၊ တခြားအီးဗော လောကတွေ၊ ပြည်တွင်းမှာသာမက နိုင်ငံတကာမှာ ရောက်နေတာတွေ အဲဒီ အင်အားစုကြီးက အကြီးကြီး။ အဲဒါကြီးက တစ်ယောက်နှင့် တစ်ယောက်ကြား မှာ နေရာဒေသတွေ ကွဲချင်ကွဲမယ်။ ကျွန်တော်က ဒီအင်အားစုကြီးက အခု ၅၀ နားပတ်ဝန်းကျင် ရောက်နေတဲ့ အင်အားစုကြီးဟာ တိုင်းပြည်ရဲ့ ကျောရိုး



www.burmeseclassic.com

www.burmeseclassic.com



ခါးဆက်လို့ ကျွန်တော် မြင်ပါတယ်။

အဲဒီတော့ ဒီလူတွေကြားထဲမှာ နားလည်မှုတည်ဆောက်နိုင်ရင် ကျွန်တော်တို့သွားမယ့် နိုင်ငံရေးပုံသဏ္ဌာန်ကလည်း အားလုံးကိုခြုံငုံနိုင်တဲ့၊ ချိတ်ဆက်နိုင်တဲ့ နိုင်ငံရေးအပြောင်းအလဲကြီးကို ဖန်တီးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးကျော်ဇံသာ။** ။ ဟုတ်ကဲ့ အဲဒါမှန်ပါတယ်။ ကိုကိုကြီးတို့အင်အားစုကို ပြည်သူတွေကလည်း အထူးအားကိုးတယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။

ကျွန်တော်သိချင်တာက အဲဒီလိုဖွဲ့စည်းလာရင် အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း လူထုထောက်ခံမှု အရှိန်အဟုန်အများကြီးရရှိထားတဲ့ အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ အဲဒီအဖွဲ့နဲ့ ယှဉ်ပြိုင်အင်အားစုတစ်ခု ဖြစ်လာနိုင်မလား။

**ကိုကိုကြီး။** ။ အခုအချိန်မှာ ကျွန်တော်တို့ပြောနေတာက ရှိဆဲတည်ဆဲနိုင်ငံရေး အဆောက်အအုံတွေကို အားကောင်းလာအောင်လို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒီတော့ကျွန်တော်တို့ တစ်ခုခုရွေးချယ်လိုက်တဲ့နည်းလမ်းဟာ တည်ဆဲနိုင်ငံရေး အဆောက်အအုံတွေကို အန္တရာယ်ဖြစ်သွားစေနိုင်တဲ့ ပုံသဏ္ဌာန်မျိုးကိုတောင် ကျွန်တော်တို့ အဓိကထားပြီး ရှောင်ရှားမှာပါ။ အဲဒီတော့ ကျွန်တော်တို့ ပုံသဏ္ဌာန်ကို အတိအကျ မပြောနိုင်သေးပေမယ့်လို့ ကျွန်တော်တို့ တည်ဆဲနိုင်ငံရေးအဆောက်အအုံကို ဘယ်လို အားဖြည့်သွားကြမလဲ ဆိုတာကို အဓိကထား စဉ်းစားသွားပါမယ်။

***Ref: Internet***

◆



www.burmeseclassic.com

www.burmeseclassic.com





“ သူတို့ထိုင်နေတာတော့ လွှတ်တော်နစ်ရပ်ပေါင်းရင်

၆၀၀ ကျော်ပဲ၊ ဒါပေမဲ့ တကယ် တက်တက်ကြွကြွ ဆွေးနွေးတာ

ပြောဆိုတဲ့ အရေအတွက်က လက်ချိုးရေလို့ရတယ်... ”



## (၁၆)

## The Messenger ဂျာနယ်နှင့် အင်တာဗျူး

### ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း

**ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ NLD ပါတီနှင့် လွှတ်တော်ထဲမှာ နိုင်ငံ့အရေး ဘာတွေ ဆောင်ရွက်နိုင်မလဲဆိုတာနဲ့ [illegible] မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့် The Messenger ဂျာနယ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**NLD အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိလိုက်တဲ့အပေါ်မှာ ဘယ်လို သုံးသပ်လဲ။**

ဖြေ ။ ။ ကျွန်တော်ကတော့ ခဏခဏပြောဖူးတယ်လေ။ နိုင်ငံရေးကို အချိုးညီညာမျှတစွာ အကဲဖြတ်တဲ့ပါက သိသာမြင်သာတဲ့ အချက်အလက် ကိန်းဂဏန်းတွေအပေါ်မှာ အားပြုပြီးတော့ တွက်ကြချက်ကြတာ။ တကယ်က နိုင်ငံရေးက ထိုင်တွက်ချက် တိုင်ပြလို့မရတဲ့ သိပ်သိမ်မွေ့တဲ့ကိစ္စ အထူးသဖြင့် လူတွေရဲ့ စိတ်ခံစားမှုပဲ။ အခု ရွေးကောက်ပွဲဆိုရင် တော်တော်များများပေါ့လေ။ အဲဒီလောက်ကြီး ၉၄ နေရာဝင်တယ်၊ ၄၃ နေရာရလိမ့်မယ်လို့ မမျှော်လင့်ဘူး၊ တော်တော်များများက အဲဒါ [illegible] လူတွေရဲ့ သိပ်သိမ်မွေ့တဲ့စိတ်ခံစားမှုကိုပြတာပဲ။ မဲပေးမှာ ချို့ယွင်းချက်တွေ အားနည်းချက်တွေ ရှိတဲ့ကြားက ဒီလိုမျိုး လူထုရဲ့ဆန္ဒကို ထုတ်ဖော်ပြသလိုက်တာ ဆိုတာက ဒါဟာ လွှတ်တော်ကိုယ်စားလှယ် အနိုင်ရတဲ့ [illegible] တကယ်လို့သာ ၄၅ နေရာ မဟုတ်ဘဲနဲ့ နေရာ ၄၅၀ ကျော်အထက်ဆိုရင် ဘယ်လို ဖြစ်မလဲဆိုတာတွေက ကျွန်တော်တို့ထည့်တွက်ရမယ့် နိုင်ငံတွင်း [illegible] တွေ ပေါ်လာတယ်လို့ ကျွန်တော်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လူထုက ရွေးချယ်တာကြောင့် NLD က လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်တွင်း လှုပ်ရှားနိုင်မယ့် အနေအထားကို ဘယ်လိုသုံးသပ်လဲ။

ကျွန်တော်က အခု ဒီရွေးကောက်ပွဲမှာ ၂၀၁၀ ဖြစ်စဉ်ကို အရင်ဦးဆုံး လေ့လာခဲ့တာဆိုတော့ လွှတ်တော်ထဲမှာ တကယ်အဆိုပြုတာ၊ ဆွေးနွေးတာ၊ အရေအတွက်က ဘယ်လောက်မှ မပြောပလောက်ပါဘူး။ သူတို့ထိုင်နေတာတော့ လွှတ်တော်နှစ်ရပ် ပေါင်းရင် ၆၀၀ ကျော်ပဲ၊ ဒါပေမဲ့ တကယ် တက်တက်ကြွကြွ ဆွေးနွေးတာ ပြောဆိုတဲ့ အရေအတွက်က လက်ချိုးရေလို့ရတယ်။ ကျွန်တော်တို့က လွှတ်တော်ထဲမှာ ထိုင်နေတဲ့အရေအတွက်နဲ့ ကျွန်တော်မကြည့်ချင်ဘူး။

လူပုဂ္ဂိုလ်တွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့ပဲ ကြည့်ချင်တယ်။ အဲဒီတော့ ခုလည်းပဲ ၄၃ နေရာဆိုတာ လွှတ်တော်နှစ်ခုပေါင်းနဲ့ နှိုင်းယှဉ်ကြည့်ရင် မပြောပလောက်ပါဘူး။ အခါက ကတော့ သိပ်သိမ်မွေ့တဲ့ ဆုပ်ကိုင်လို့မရတဲ့ အရည်အသွေးပါ။ အဲဒါက အရေအတွက်ထက် ပိုအရေးကြီးမယ်ထင်တယ်။

အရေအတွက်ထက် အရည်အချင်းကတော့အရေးကြီးတယ်။ ဒါပေမဲ့ NLD လွှတ်တော်ထဲမှာ ရှိတဲ့ ရာခိုင်နှုန်းနည်းတဲ့ အခါကျတော့ တချို့ဟာတွေမှာ အလုပ်လုပ်လို့ အဆင်ပြေနိုင်ပါ့မလား။

ဖြေ။ ။ကျွန်တော်ကနိုင်ငံရေးဟာ အနုပညာတစ်ရပ်လို့ မြင်ထားတာ လက်ခံထားတာလေ။ ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေနဲ့ တွက်နေတာက ဒီထက် သိမ်မွေ့တဲ့ အရေးပါတဲ့ အချက်တွေကို မေ့ထားသလိုဖြစ်နေတယ်။ အရေအတွက်အားဖြင့် နည်းတော့ ဘာမှလုပ်လို့မရဘူး။ အဲဒီ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်နဲ့ ဆိုရင်တော့ ငုတ်တုတ်ထိုင်ဖို့ပဲ ရှိတယ်၊ မဲခွဲရင် ရှုံးမှာပဲ၊ ဒါပေမဲ့ ဒီထက်ပို သိမ်မွေ့တဲ့ကိစ္စ၊ ဥပမာ - တိုင်းရင်းသားပြဿနာ အခုဖြစ်နေတဲ့ တိုင်းရင်းသားနယ်ပယ်တွေက ဒီ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်း ခေါင်းဆောင်ကိုယ်စားလှယ်တွေ မပါဘူး။ တိုင်းရင်းသား ပြဿနာဖြေရှင်းတော့မယ်ဆိုရင် လွှတ်တော်ပြင်ပ အပစ်အခတ်ရပ်စဲရေး လုပ်တာဖြစ်ဖြစ်၊ တိုင်းရင်းသားပြဿနာကို တကယ်အရေးပါတဲ့ ဆွေးနွေးပွဲတွေလုပ်တာဖြစ်ဖြစ်၊ လွှတ်တော်ပြင်ပမှာလုပ်ကြတော့မယ်ဆိုတာ နောက်ဆုံး သမ္မတမိန့်ခွန်းတိုကရှင်းတယ်။

ကျွန်တော်တို့ကိုလည်း မေးနေတာရှိတယ်။ ဘာကြောင့် ရွေးကောက်ပွဲမဝင်တာလဲ၊ လွှတ်တော်နိုင်ငံရေးကို ဘာကြောင့် မလုပ်တာလဲဆိုတဲ့ မေးခွန်းကိုပါ ရောဖြေမယ်။ လွှတ်တော်နိုင်ငံရေးသက်သက်နဲ့ ဖြေရှင်းလို့မရတဲ့ လွှတ်တော်ပြင်ပမှာ





လုပ်ရမယ့် လုပ်ငန်းစဉ်တွေက အများကြီးကျန်သေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကိုယ်တိုင် လွှတ်တော်ထဲမဝင်တာ။ အဲဒါ လွှတ်တော်နိုင်ငံရေးကို ဆန့်ကျင်တာ မဟုတ်ဘူး။ ကျွန်တော်ဆိုလိုတာက ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲသွားထိုင်ရင် ထိုင်ခုံတစ်ခုပဲ။ ဒါပေမဲ့ သူက သာမန် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်နဲ့ တူသလား ဆိုတော့ သူ့အပေါ်မှာ လူထုရဲ့ မျှော်လင့်အားကိုးမှုက တခြား လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အပေါ်မှာရှိတဲ့ ယုံကြည်မှုကို ကုစားပေးမှုနဲ့က လုံးဝမတူဘူး။

နိုင်ငံရဲ့ ပြဿနာတွေကို ကုစားပေးတော့မယ်ဆိုရင် သမားရိုးကျ လွှတ်တော် လုပ်ငန်းစဉ်တွေနဲ့ မတူတဲ့ ထူးခြားဖြစ်စဉ်တွေကို အသိအမှတ်ပြု လေးစားရလိမ့်မယ် ဆိုလိုတာက ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်အတွင်းမှာသာမကဘဲ လွှတ်တော် ပြင်ပမှာပါ ထိပ်တန်းတာဝန်ရှိတဲ့ သူတွေနဲ့ သီးခြားဆွေးနွေးရမယ့်၊ ဖြေရှင်းရမယ့် ကိစ္စတွေ ရှိလာလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ဖို့ ဆုံးဖြတ်ချက်ကိုက လွှတ်တော်ထဲမှာ တစ်စားပွဲတည်းထိုင်ပြီး တစ်ချိန်က တပ်မတော် ခေါင်းဆောင်ဟောင်းတွေ၊ လက်ရှိတပ်မတော်ရဲ့ ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ ကြိုးစားတဲ့ ခြေလှမ်းတစ်ခုလို့ ကျွန်တော်က မြင်ထားတာ။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လွှတ်တော်ထဲမရောက်ခင် ပြောတဲ့ အချက်ရှိတယ်။ အခြေခံ ဥပဒေကို ပြုပြင်ရမယ်ပေါ့။ အဲဒါတွေကို ပြင်ဖို့ဆိုရင် အချိန်ဘယ် လောက်ယူရမယ်လို့ထင်လဲ။

နိုင်ငံက အသွင်ကူးပြောင်းရေး ဖြစ်စဉ်တစ်ခုမှာ သွားနေတယ်။ အဲဒီလိုသွားနေ တော့ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်မှာ၊ ဒီမိုကရေစီအင်အားစုတွေနှင့် တစ်ချိန်တုန်းက တပ်မတော်အင်အားစုပေါ့လေ၊ တပ်မတော်၊ တပ်မတော်နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တွေနဲ့ပဲ လွှတ်တော်မှာ လွှမ်းမိုးထားတာပေါ့။ အဲဒီအင်အားစုတွေရော ဒီမိုကရေစီ[illegible] တွေရော နှစ်ဖက်စလုံးက ပြုပြင်ပြောင်းလဲရေးလမ်းစဉ်မှာ [illegible] တည်ဆောက်ပြီး ပြောင်းလဲရတော့မယ်ဆိုတဲ့ အသိပေါ့။ အဲဒါ [illegible] ကြိုးစားရဦးမယ်။

တစ်ဖက်နှင့်တစ်ဖက် သူ့ဘက် ကိုယ့်ဘက်ဆိုတဲ့ အမြင်နဲ့ဆိုရင်တော့ [illegible] ၄၀ ကျော်သွားပြီ။ ဟိုအထဲမှာ ငြင်းကြခုံကြ [illegible] သွားတဲ့ ရည်ရွယ်ချက်ကိုက ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲဝင်ပြီး သူ့ရဲ့ စိတ်ကောင်း စေတနာကောင်းပေါ့။ တိုင်းပြည်အပေါ် ဖြစ်စေချင်တဲ့ [illegible] ကို တစ်ဖက်လူတွေ နားလည်လက်ခံလာအောင် ကြိုးစားမှာပဲ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဖြစ်စဉ် လွှတ်တော်ဖြစ်စဉ်တွေမှာ သူတို့ပါဝင်ဆောင်ရွက်နေရတဲ့ အခန်းကဏ္ဍကိုလည်း ဒေါ်အောင်ဆန်းစုကြည် နားလည်အောင် အပြန်အလှန် ကြိုးစားကြရမှာပဲ။ အဲဒီအပေါ်မှာ နားလည်မှု ဘယ်လောက် ရနိုင်မလဲအပေါ်မှာ မူတည်တယ်။

တစ်ခါတလေကျတော့ ဒီမိုကရေစီဖြစ်စဉ်မှာ တစ်ယောက်နှင့်တစ်ယောက် အကြောင်းအရာ အချက်အလက်အပေါ်မှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားတွေအပေါ်မှာ အခြေမခံဘဲ ဘက်တွေနဲ့ စဉ်းစားမယ်ဆိုရင် ဒီဘက်ကတင်တဲ့ အကြောင်းအရာက မဲ ၄၀ ရမယ်၊ ဟိုဘက်ကတင်တဲ့ အကြောင်းအရာက မဲ ၆၀၀ ကျော်ရမယ်ဆိုရင်၊ ဒါ ဒီမိုကရေစီ မဟုတ်ဘူး။ တကယ့်တကယ်မှာ ဟိုဘက်က မဲတွေအားလုံးက ဒီဘက်က ဆန့်ကျင်နေရမယ်လို့ဆိုတဲ့ သဘောမျိုးဆိုရင်တော့ လွှတ်တော်ထဲ မသွားတာအကောင်းဆုံးဘဲ။

ကျွန်တော်တို့ တင်ပြတဲ့အချက်က တိုင်းပြည်အတွက် လိုအပ်တယ်။ ဒီမိုကရေစီ စံနှုန်းတွေနဲ့ မညီညွတ်ဘူးဆိုတာ တစ်ဖက်က နားလည်လာရင် ဘက်အနေနဲ့ စဉ်းစားတာမဟုတ်ဘဲ အကြောင်းအရာအနေနဲ့စဉ်းစားတာ ဖြစ်လာရင်တော့ ကျွန်တော်တို့ အလားအလာ အရမ်းကောင်းတယ်။ ကျွန်တော်တို့ အခုလည်းပဲ အချို့ အချက်အလက်တွေမှာ တပ်မတော်သား ကိုယ်စားလှယ်တွေက ထောက်ခံဆွေးနွေးတာမျိုးတို့ လွှတ်လွှတ်လပ်လပ် အဆိုတင်သွင်းတာမျိုးတွေတော့ ကျွန်တော်တို့ မျှော်လင့်ထားတယ်။

ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်က ကျွန်တော်တို့နိုင်ငံသမိုင်းမှာ အထူးသဖြင့် ၈၈ နောက်ပိုင်း ၂၄ နှစ် ဖြတ်သန်းပြီးတဲ့ အချိန်မှာ လွှတ်တော်ထဲမှာ တစ်စားပွဲတည်းထိုင်ပြီး ဆွေးနွေးကြမယ်လို့ ဆုံးဖြတ်တာကိုက တစ်ဖက်က အင်အားစုတွေအနေနဲ့ ဒါကြီးက ထိတ်လန့်စရာကြီး၊ သူတို့ ၄၄ နေရာဝင်တာ ၄၃ နေရာ ရသွားတယ်ဆိုတာကြီးက စိုးရိမ်စရာဖြစ်တယ်လို့ မယူဆဘဲ၊ သဘောမထားဘဲ ဒါ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းပေါ်လာတယ်လို့ အမြင်မျိုးရှိရင်တော့ ကျွန်တော်တို့ နိုင်ငံအတွက် အင်မတန် ကောင်းတဲ့ အလားအလာပါပဲ။

တချို့လူတွေက ပြောကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အခြေခံဥပဒေကို ပြင်ဖို့ပြောတာ စောလွန်းတယ်လို့ ကိုကိုကြီးအနေနဲ့ရော ဘယ်လိုသုံးသပ်မိလဲ။

ကိုယ့်ရဲ့ ရည်မှန်းချက်ဆိုတာကိုတော့ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ဆုပ်ကိုင်ထားရမှာပဲ။ လက်ရှိ ဖွဲ့စည်းပုံမှာပါတဲ့ အချက်အလက်တွေ အကုန်လုံးကို ကြိုက်လို့ ဒါကိုလက်ခံတာ မဟုတ်ဘူး။ ကျွန်တော်တို့ သဘောမတူတာ အများကြီး





ပါတယ်ဆိုတာ ကျွန်တော်တို့ရဲ့ ရိုးသားမှု၊ ပွင့်လင်းမှုပဲ။ ကျွန်တော်တော့ ကျေနပ်တယ်။ ဒါက ပြဿနာမဟုတ်ဘူး။ နောက်ဆုံး သမ္မတကရော၊ လွှတ်တော်ဥက္ကဋ္ဌကရော အခြားတာဝန်ရှိသူတွေကပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့ပြောပြီးသားပဲ။ ဒါကို ကျွန်တော်ကတော့ ပြဿနာလို့မမြင်ဘူး။ ကျွန်တော်တို့က ဦးတည်ချက်၊ ရည်မှန်းချက်တွေကို နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောကို ပြောရမှာပဲ။

အခုလို အပြောင်းအလဲတွေ ဖြစ်ပေါ်နေတဲ့ အချိန်မှာ ၈၈ အနေနဲ့ရော လာမယ့် ၂၀၁၅ မှာ ရွေးကောက်ပွဲဝင်ဖို့ အခြေအနေရှိလား။

ရပ်ရှင်မှာ စာတန်းထိုးသလို ပြောရရင်တော့ မျှော်လို့ပဲ ပြောရမှာပေါ့။ ခုချိန်မှာတော့ တိတိကျကျ မပြောချင်သေးဘူး။

နောက်တစ်ချက်က ၈၈ အနေနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းဆိုတာတွေ လုပ်နေတာသိပါတယ်။ ဘာတွေဆောင်ရွက်ပြီးပြီလဲ။ အချို့ကတော့ ၈၈ မျိုးဆက် ကျောင်းသားတွေက ပြည်သူတွေ မျှော်လင့်သလို အလုပ် လုပ်ပေးနိုင်ရဲ့လား။ အဲဒါနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။

လက်တွေ့ဆောင်ရွက်မှုတွေနဲ့ အကဲဖြတ်ပါလို့ ကျွန်တော်တို့လွှတ်ခဲ့တာ ၂ လကျော်ပေါ့။ ကျွန်တော်တို့လုပ်ခဲ့တဲ့ အပေါ်မှာ ကြည့်ပြီးတော့ အကဲဖြတ်ပါလို့ပြောချင်တယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းအားကောင်းဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့ရဲ့ ဆိုရိုးစကားတစ်ခုအဖြစ်နဲ့ ချိတ်ထားပါတယ်။ အရပ်ဘက် အဖွဲ့အစည်းများသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဆိုတာ ဟုတ်တယ်၊ အဲဒီတော့ ကျွန်တော်တို့က ပြောစရာတော့ရှိတယ်။ နိုင်ငံရေးဘက်က ဒီမိုကရေစီအုတ်မြစ် မခိုင်မာဘဲ အရပ်ဘက် အဖွဲ့အစည်းတွေ အောင်မြင်လားဆိုတော့ အပြန်အလှန်အမှီသဟဲပြုနေတဲ့ကိစ္စ။ နိုင်ငံမှာ ဒီမိုကရေစီ မရှိဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေ ရှင်သန်နိုင်သလားဆိုတော့ ဒါ လေးလေးနက်နက် စဉ်းစားရမယ့် အတွေးအခေါ်တစ်ခုလို့ ထင်တယ်။

အချို့ အာဏာရှင်နိုင်ငံတွေမှာ အရပ်ဘက်အဖွဲ့အစည်းတွေ အကြီးအကျယ် ရှင်သန်နေတာရှိလား၊ အရမ်းကို အကန့်အသတ်ထားပြီးတော့ ဒီ အာဏာရှင်အစိုး အစိုးရတွေက ခွင့်ပြုသလောက် ဆောင်ရွက်ရမှာပဲ အရပ်ဘက်အဖွဲ့အစည်းတွေ ရှင်သန်လို့ရမယ်။ ဒီမိုကရေစီ ရေခံမြေခံမရှိရင်လည်း အရပ်ဘက် အဖွဲ့အစည်းတွေဟာ ရှင်သန်လို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့ နိုင်ငံရေးကို ဇောက်ချပြီးဆောင်ရွက်မယ့် အင်အားစုတစ်စု ပေါ်လာလိမ့်မယ်။ တစ်ဖက်ကလည်း အရပ်ဖက်အဖွဲ့အစည်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ တက်တက်ကြွကြွဆောင်ရွက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ပေါ်လာလိမ့်မယ်။ ဒီနှစ်ခုက တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်အမှီပြုမယ်။

အဲဒါ ၈၈ မျိုးဆက်ကျောင်းသားများအနေနဲ့မဟုတ်ဘူး၊ နိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်မှုပဲ။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုပဲ။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်အောင်မလုပ်ဘဲနဲ့ အရပ်ဘက်ဖွံ့ဖြိုးအောင်လုပ်လို့မရဘူး။ အရပ်ဘက် အဖွဲ့အစည်းတွေ အားမကောင်းဘဲနဲ့လည်း ဒီမိုကရေစီက မဖွံ့ဖြိုးနိုင်ဘူး။ ဒါ ဟန်ချက်ညီ လုပ်ရမယ့်ကိစ္စပဲ။

ဘယ်လိုအခြေအနေတွေပဲ ရှိခဲ့ပါစေ၊ ၂၀၁၀ မှာ ကြံ့ခိုင်ရေးက နိုင်ခဲ့တယ်။ ကြားဖြတ်မှာ NLD က နိုင်တယ်။ ၂၀၁၅ မှာ အဓိကပါတီကြီး နှစ်ပါတီကပဲ လွှမ်းမိုးမယ့်သဘောဆိုတော့ ကျွန်တော်တို့ နိုင်ငံအတွက် ဘယ်လိုသုံးသပ်မလဲ။

ဒီမိုကရေစီကို ယုံကြည်တဲ့သူတစ်ယောက်အနေနဲ့ ပြိုင်ဆိုင်မှုကို အားပေးရမယ်။ ပြိုင်ဆိုင်မှုမရှိရင် တစ်ပါတီတည်း ပြန်ဖြစ်သွားမယ်။ ပြိုင်ဆိုင်တဲ့အခါမှာ လွတ်လွတ်လပ်လပ်နဲ့ သမာသမတ်ရှိစွာ ပြိုင်ဆိုင်နိုင်ဖို့ပဲ အရေးကြီးတယ်။ သွေးထွက်သံယို အကြမ်းပတမ်းလုပ်ရတဲ့ လက်ဝှေ့ပွဲမျိုးတောင် စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ တစားပွဲစည်းမျဉ်းစည်းကမ်းတွေကတော့ အများသဘောတူ လက်ခံတဲ့ မျှတတဲ့ပြိုင်ပွဲမျိုး စည်းမျဉ်းစည်းကမ်းမျိုး ဖြစ်သင့်တာပေါ့။ ပြိုင်ဆိုင်မှုကို အားပေးရမယ်။

အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အပြောများတာက ဒေါ်အောင်ဆန်းစုကြည်ကြောင့် နိုင်တယ်၊ မဲပေးတဲ့ မဲဆန္ဒရှင်တွေကို မေးကြည့်တော့ NLD ကို မဲပေးတာ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ NLD အနေနဲ့ အကယ်၍ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်လာခဲ့ရင် ဘယ်လိုဆက်သွားမလဲ။ ဘယ်လို ပြင်ဆင်သင့်သလဲ။

ကျွန်တော်တို့က အဲ့ဒီအရာကိုတော့ လက်ခံရမှာပဲ။ ကျွန်တော်တို့လို နိုင်ငံမျိုးရဲ့ သဘာဝပေါ့လေ။ အထူးသဖြင့် အာရှပစိဖိတ်လို နိုင်ငံတွေပေါ့။ ဥပမာ – ဘင်္ဂလားဒေ့ရှ်တို့ တို့အားကောင်းတာမျိုး။ ဂန္ဒီအားကောင်းတာမျိုး၊ ရှိတ်ဟာဆီနာတို့ စသဖြင့်ပေါ့လေ။ ဒါက ကျွန်တော်တို့ပတ်ဝန်းကျင်မှာလည်း ဒီပြဿနာရှိတယ်။ အဲဒီဟာက နိုင်ငံရဲ့အရေးပါတဲ့ အရင်းအမြစ်တစ်ခုလည်း ဖြစ်နေတယ်။ အရေးကြီးဆုံးပုဂ္ဂိုလ်ပေါ့။

အနောက်နိုင်ငံ ဒီမိုကရေစီနဲ့ နှိုင်းယှဉ်ရင်တော့ သမ္မတတစ်ယောက် ပြုတ်သွားလည်း ဘာမှမဖြစ်ဘူး။ သူတို့နိုင်ငံမှာ ဝန်ကြီးချုပ် နုတ်ထွက်သွားလည်း ဘာမှမဖြစ်ဘူး။ သူတို့နိုင်ငံက ဒီမိုကရေစီ အသားကျနေပြီ။ လူတစ်ဦးချင်းရဲ့ နိုင်ငံရေးနိုးကြားမှုက အားကောင်းတယ်။ သူတို့ ရွေးချယ်မှုက ရင့်ကျက်တဲ့ သဘောရှိတယ်။ ကျွန်တော်တို့ နိုင်ငံမှာက ဒီအဆင့်က ဖြတ်ကို ဖြတ်ရဦးမှာပဲ။





ဒီလူပုဂ္ဂိုလ်တွေရဲ့ ဆင်ခြင်တုံတရား၊ အမြော်အမြင်ပေါ်မှာ နိုင်ငံရဲ့ကံကြမ္မာတာ တော်တော်များများမှီနေတာကိုး။ သို့သော် ဒီပုံစံအတိုင်း မဖြစ်ဖို့ကတော့ ကိုယ့်ဘာသာ ကိုင်းသန်းတာတွေ၊ လိုအပ်တဲ့နေရာတွေမှာ ဝိုင်းဖြည့်တာတွေ လုပ်ရပါမယ်။ ရှေ့လျှောက်ပြီး ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ထဲသွားပြီး အပြင်မှာ ကျွန်တော်တို့ ဘာလုပ်မလဲ။ ဘာဖြည့်နိုင်မလဲဆိုတဲ့ အမြင်နဲ့ကြိုးစားမယ်။ အဲဒီလိုပဲ အခြားအဖွဲ့အစည်း အသီးသီးက လည်း ကိုယ့်အသိစိတ်ဓါတ်နဲ့ ကိုယ်ပေါ့။ ကိုယ့်ကိုယ်ကို နေရာချမယ်။ ဘယ်နေရာမှာဝင်ဖြည့်ရင်ကောင်းမလဲ ဆိုတဲ့အသိနဲ့ပဲ လုပ်သင့်တယ်။

ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ဝင်သွားပြီဆိုတာနဲ့ လွှတ်တော်ကိစ္စတာ တစ်လ ကိုးသီတင်း ပြောဆိုဆွေးနွေးရမယ်ဆိုတဲ့ အချိန်မှာ လူထုနဲ့ထိတွေ့ဖို့ လူထုကို မြှင့်တင်ဖို့၊ လူထုကို ဆွေးနွေးဖလှယ်တဲ့ တာဝန်တွေကို ကျွန်တော်တို့က ဝင်ဖြည့်ပေးမယ်လို့ စဉ်းစားထားတယ်။

ကျွန်တော်တို့နိုင်ငံမှာ ရာစုတစ်ဝက်လောက် လွှမ်းမိုးခဲ့တဲ့ ဘာမှန်းမသိတဲ့ နိုင်ငံတော်ဆိုတဲ့ဟာကြီးက ရောမကြီးဖြစ်ပြီး နိုင်ငံသားတွေက ပျောက်နေတယ်။ အဲဒီ အယူအဆ ဖွံ့ဖြိုးလာအောင် ကျွန်တော်တို့ ကြိုးစားမယ်။ ဒေါ်အောင်ဆန်းစုကြည် တစ်ယောက်တည်းအပေါ်မှာ မှီခိုသလားဆိုရင် သူ့ အရေးကြီးတယ်။ သူ့အခန်းကဏ္ဍ ဘယ်လောက် အရေးပါတယ်ဆိုတာ အားလုံးက အသိအမှတ်ပြုပြီးသား။ သို့သော် တစ်ဦးချင်းလုပ်နိုင်တဲ့ နယ်ပယ်တွေရှိတယ်။ အဲဒါတွေမှာ ဝင်ဖြည့်ကြဖို့၊ တည်ဆောက်ကြဖို့ လုပ်သွားရင်တော့ ဒါကျွန်တော့်နိုင်ငံရဲ့ စိုးရိမ်သောကတွေကို ဖြေလျှော့နိုင်ပါ လိမ့်မယ်။

၂၀၁၀ ရွေးကောက်ပွဲတုန်းက အစ်ကိုက ထောင်ထဲမှာ။ အခု ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသွားတဲ့ အခြေအနေကို ဘယ်လိုသုံးသပ်မလဲ။

လူထုကတော့ နိုင်ငံရေးပွင့်လင်းမှု အထိုက်အလျောက် သိလာတဲ့အချိန်မှာ ခါတိုင်းထက်စာရင် သူတို့ဆန္ဒကို ရဲရဲတင်းတင်းထုတ်ဖော်တဲ့ အခြေအနေကို တွေ့ရပါတယ်။ ဒါတိုးတက်တဲ့အခြေအနေမို့လို့ အသိအမှတ်ပြုရပါမယ်။ တစ်ချိန်တည်းမှာပဲ မဲပေးတဲ့နေရာ၊ မဲရုံဝန်ထမ်းတွေနဲ့ ပါတီအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့လို စောင့်ကြည့်တဲ့ သူတွေမှာပါ အားနည်းချက်တွေ ရှိပါတယ်။ အဲဒါတွေကိုတော့ မဲထောက်မညာဘဲ ပြောဖို့ ထုတ်ဖော်ရေးသားဖို့ လိုမယ်လို့ ထင်တယ်လေ။

ဒါက ကျွန်တော်တို့နိုင်ငံနဲ့ ပတ်သက်တဲ့ ကိစ္စဆိုတော့ အဓိကထားရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပြည်ပ စောင့်ကြည့်သူလား၊ ပြည်တွင်း စောင့်ကြည့်သူလား၊ ကိုယ့်နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအနေနဲ့ ပြောမယ်ဆိုရင် နိုင်ငံခြားကလာတာ ဂုဏ်ယူပါတယ်။ သို့သော် ကျွန်တော်တို့မှာ တာဝန်မရှိဘူးလား။ ဒီပြဿနာတွေက ကျွန်တော်တို့ဖြေရှင်းရမှာပါ။ ကျွန်တော်တို့ရဲ့ တာဝန်သိစိတ်အရ ရွေးကောက်ပွဲကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် စနစ်တကျဖြစ်အောင်လုပ်ဖို့က ကျွန်တော်တို့ နိုင်ငံသားတွေတာဝန်ပါ။ ကိုယ့်နိုင်ငံပြဿနာကို ကျွန်တော်တို့တွေ ဖြေရှင်းရမှာပါ။ အဆုံးအဖြတ်ပေးရမှာက ကျွန်တော်တို့ နိုင်ငံသားတွေပါ။ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကိုရော ကျွန်တော်တို့ နိုင်ငံသားတွေကိုပါ ထောက်ပြသင့်ပါတယ်။

**မဲဆန္ဒရှင်တွေကတော့ NLD အမတ်တွေကို တစ်ခဲနက်မဲပေးခဲ့ပြီ မဲဆန္ဒရှင်တွေရဲ့ လိုအပ်ချက်တွေ အမှန်တကယ် ဖြစ်မဖြစ်နဲ့ ပတ်သက်ပြီး အစ်ကိုတို့ ဘာတွေလုပ်ဖို့ အစီအစဉ်ရှိလဲ။**

ကျွန်တော်တို့လုပ်ချင်တာက စိတ်ကူးပဲရှိသေးတယ်။ အဲဒီစိတ်ကူးကိုလုပ်ဖို့ နည်းပညာလိုတယ်။ အခြားအရင်းအမြစ်တွေလိုတယ်။ စိတ်ကူးအနေနဲ့ မိတ်ဆက်ချင်သေးတယ်။ အဲဒါကတော့ နိုင်ငံသားတော်တော်များများရဲ့အသိမှာ ဒီမိုကရေစီဆိုတာ ရွေးကောက်ပွဲ၊ မဲပေးတာ၊ အဲဒီလောက်ပဲသိရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ အခန်းကဏ္ဍက တစ်မနက်မဲထည့်ရုံနဲ့ ပြီးသွားပြီလား။ ငါးနှစ်လုပ်ချင်တာလုပ်ကြဆိုရင်တော့ ကျွန်တော်တို့နိုင်ငံသားတွေရမယ့် ဒီမိုကရေစီကတော့ အဲသလောက်ပဲရမယ်။

ကျွန်တော်တို့က စဉ်ဆက်မပြတ် စောင့်ကြည့်ဖို့လိုတယ်။ ကျွန်တော်တို့ ရွေးလိုက်တဲ့ ကိုယ်စားလှယ်က လွှတ်တော်ထဲမှာ ဘာတွေဆွေးနွေးနေလဲ။ ဘယ်ကိစ္စတွေမှာ ထောက်ခံသလဲ၊ ဘယ်ကိစ္စတွေမှာ ကန့်ကွက်သလဲ။ ဒါ ကျွန်တော်တို့က စဉ်ဆက်မပြတ် စောင့်ကြည့်ဖို့လိုတယ်။ ဒါ ကျွန်တော်တို့မဲဆန္ဒရှင်ရဲ့ အပိုင်းချည်းပဲ မဟုတ်ဘူး။ လွှတ်တော်ကိုယ်စားလှယ်လောင်းမှာလည်း တာဝန်ရှိတယ်။ လွှတ်တော်တက်ပြီး ပြန်လာတာနဲ့ လွှတ်တော်အတွေ့အကြုံ ပြန်ရှင်းပြရမယ်။ နောက် သူ့မဲဆန္ဒရှင်တွေရဲ့ သဘောထားက ဘာတွေပြောစေချင်လဲ။ သူ့မဲဆန္ဒနယ်မှာ ဘာတွေလိုအပ်သလဲ ဆိုတာ အမြဲကြားနာရမယ်။ အဲဒါမှ မဲဆန္ဒရှင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဆက်ဆံမှုက အသက်ဝင်နေမှာပေါ့။ တက်ကြွနေမှာပါ။

အဲဒါမှ လွှတ်တော်ကြီးကလည်း နိုင်ငံသားတွေရဲ့ အရေးအရာကို ဆွေးနွေးနေတာဖြစ်မှာပေါ့။ အဲဒီလိုမဟုတ်ဘဲ လွှတ်တော်ထဲသွားပြီး ငိုက်နေရင် ကျွန်တော်တို့ မဲပေးလိုက်ရတာ ငါးနှစ်စာဘဝတွေ၊ ပုံပေးလိုက်ရတာက ငါးနှစ်စာ၊ ကျွန်တော့်ကိုယ်စား





လုပ်ချင်တာလုပ်ပါ ဆိုတာကတော့ ဒီမိုကရေစီမဟုတ်ဘူး။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ် ရွေးပြီးရင် စောင့်ကြည့်ရမယ်။ ဒါတွေကိုလုပ်ဖို့အတွက် ၈၈ မျိုးဆက်အနေနဲ့ မဟုတ်ဘဲ စိတ်ဝင်စားတဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့ ပေါင်းပြီး လုပ်ရမယ့် အိုင်ဒီယာတစ်ခုပါ။ လုပ်ဖို့တော့ လိုအပ်ချက်တွေ အများကြီးရှိတယ်။ အိုင်ဒီယာ ရှိပြီဆိုရင် လုပ်ဖို့တော့ နည်းလမ်းရှာရမှာပေါ့။

**ကြားဖြတ်ရွေးကောက်ပွဲပြီးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နောက်ထပ်တွေ့ဖြစ်သေးလား သိချင်ပါတယ်။ အခု NLD ရဲ့ အနိုင်ရရှိမှုအပေါ် ၈၈ အနေနဲ့ ဘယ်လိုဆက်သွယ် ပြောဆိုတာမျိုး ရှိပါသလဲ။**

ကျွန်တော်တို့ ဝမ်းမြောက်ကြောင်း အင်္ဂလိပ် - မြန်မာ နှစ်ဘာသာနဲ့ ရေးထုတ်ထားပါတယ်။ ပါတီကိုလည်း သွားပေးထားပါတယ်။ ဆက်သွယ်မေးမြန်းတဲ့ မီဒီယာတွေကိုလည်း ရှင်းပြထားပါတယ်။ ရွေးကောက်ပွဲ အနိုင်ရရှိခြင်းနဲ့ ပတ်သက်ပြီး ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ၈၈ မျိုးဆက်ကျောင်းသားများအနေနဲ့ ပေးပို့ထားပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်ကရော အစ်ကိုတို့ကို ဘယ်လိုသတင်းစကား ပြောတာမျိုးရှိပါသလဲ။**

အခုကတော့ သူလည်း ရွေးကောက်ပွဲ အနိုင်ရရှိမှုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေ၊ အခြားဧည့်သည်တွေ၊ နိုင်ငံခြားဧည့်သည်တွေများတော့ အချိန်လည်း မအား၊ ကျွန်တော်တို့လည်း မအားဖြစ်နေတော့ ပြီးရင်တော့ အချိန်နဲ့တွေ့ပြီး ဆွေးနွေးသွားဖို့ရှိပါတယ်။ နယ်ခရီးစဉ်လည်းရှိနေတော့ ဒါတွေပြီးသွားရင်တော့ အချိန်နဲ့တွေ့ဖို့ စီစဉ်သွားမှာပါ။

**လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လွှတ်တော်တွင်း [illegible] စောင့်ကြည့်သင့်တယ် ဆိုပေမဲ့ သတင်းစာ ရုပ်မြင်သံကြားတို့ စိတ်ဝင်စား [illegible]**

နိုင်ငံရေး နိုးကြားတက်ကြွမှု ရှေ့ကိုရောက်နေတဲ့အလွှာ [illegible] ငါတို့နဲ့ မပတ်သက်ဘူးဆိုတဲ့ နောက်ကျကျန်ရစ်နေတဲ့ အလွှာ [illegible] စိတ်ဝင်စားနိုင်တဲ့ ပြည်သူတွေရှိတယ်။ နောက်တစ်လွှာ [illegible] သူက အမြဲတမ်းတော့ နိုင်ငံရေးမှာ စိတ်ရောကိုယ်ပါ [illegible] မဟုတ်ဘူး။ အမြဲတမ်းတော့ နားစွင့်နေတယ်။ အဲဒီအလွှာ [illegible] အလက်ပေးဖို့၊ စည်းရုံးဖို့၊ အဲဒီကမှ နောက်ရောက်ကျန်နေတဲ့ အလွှာ [illegible] ဝါလာအောင် စည်းရုံးဖို့ဆိုတာ တော်တော်တာဝန်ကြီးတဲ့ အလွှာတော့ နိုင်ငြား



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွတဲ့ အလွှာပေါ့။

နိုင်ငံရေးမှာ အယူအဆတစ်ခုရှိတယ်။ Top to Bottom, Bottom to Top ဆိုတဲ့ အယူအဆတစ်ခု ရှိတယ်။ ဟိုထိပ်ဆုံးက စပြောင်းတာနဲ့ အောက်ခြေက စပြောင်းတာ။ အဲဒါကတော့ တော်လှန်ရေး နည်းနည်းဆန်တယ်။ အောက်ခြေကပြောင်းတဲ့ဖြစ်စဉ်တွေမှာ ကသောင်းကနင်း ဖြစ်တတ်တယ်။ ထိပ်ဆုံးပြောင်းတာကျတော့ သူတို့ရဲ့ စိတ်စေတနာပေါ်မှာ မူတည်တယ်။ မှီခိုနေရတဲ့သဘောရှိတယ်။ သူတို့ မပြောင်း မဖြစ်ဘူးဆိုတဲ့ အသိရအောင် အလယ်လွှာက လုပ်ပေးရတယ်။ ကျွန်တော်ကတော့ အပေါ်ကရော အောက်ခြေရော တံတားထိုးပေးတဲ့ အခြေအနေမျိုး လုပ်ပေးနိုင်မယ် မျှော်လင့်တယ်။

**၈။ မျိုးဆက်နိုင်ငံရေးရော အရပ်ဘက်အဖွဲ့အစည်းရော လုပ်မယ်ဆိုတော့ နှစ်ခု ခွဲသွားမှာလား။**

ကျွန်တော်တို့နိုင်ငံမှာ လက်ခံထားတဲ့ အယူအဆတွေက လွဲနေတယ်။ ဥပမာ အားဖြင့် နိုင်ငံရေးလုပ်ချင်ရင် နိုင်ငံရေးပါတီထောင်၊ နိုင်ငံရေးလုပ် NGO လုပ်ချင်ရင် နိုင်ငံရေးကင်းရမယ်ဆိုပြီး စည်းခြားထားတာရှိတယ်။ အဲဒီအယူအဆက ဟုတ်သလို ယူဆထားကြတာ။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီအကြောင်း လူ့အခွင့်အရေး အကြောင်း ပြောမယ်ဆိုရင် နိုင်ငံရေးပါတီထောင်ရမလို ဖြစ်နေတယ်။ တကယ့် တကယ် ဒီထက် ပိုပြီး နားလည်ဖို့လိုတယ်။

အခြားတစ်ဖက်မှာ ပါတီထောင်ပြီး လွှတ်တော်တွင်းမှာ တစ်နေရာ ဆွေးနွေး နိုင်ဖို့ လုပ်တယ်။ ဒီအလုပ်တွေက သီးခြားခွဲလို့မရဘူး။ အရပ်ဘက် အဖွဲ့အစည်း နိုင်ငံရေး မလုပ်ရဘူးဆိုတာ ဟုတ်ကိုမဟုတ်ဘူး။ ကျွန်တော်တို့က လူထုကို ပညာပေးတဲ့ အလုပ်ကိုပါတီထောင်မှ လုပ်ခွင့်ရတာမဟုတ်ဘူး။ ပါတီထောင်ရင် ပါတီအကျိုးစီးပွား အောင်နိုင်ရေးနဲ့ ရောနေဦးမယ်။ ပါတီမဟုတ်တဲ့ အဖွဲ့ကလုပ်တော့ လွှတ်တော်တွင်း နေရာရမှုဆိုတာ မဟုတ်တော့ဘဲနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်ဖို့ လိုတယ်။

**၉။ မျိုးဆက်အငနနဲ့ ထောင်ကလွတ်ပြီး နှစ်လကာကာလအတွင်းမှာ ဘာတွေများ စိတ်ကျေနပ်အောင် လုပ်ခဲ့ရလဲ။**

နှစ်လကျော်အတွင်းမှာ ကချင်ဒေသကို သွားတဲ့ခရီးစဉ်က စိတ်ကျေနပ်မှု အရှိဆုံးပဲ။ နောက်တစ်ခုထူးခြားတာပြောရရင် ၈၈ ဆိုရင် ထိပ်တိုက်ရင်ဆိုင်တဲ့ အဖွဲ့လို့ ယူဆခဲ့တာကနေ လွှတ်တော်နဲ့ ပူးပေါင်းလုပ်နိုင်ခဲ့တယ်။ ဒါက အရှေ့ဒဂုံက မြေယာ





ကိစ္စပါ။

**ကြားဖြတ်ရွေးကောက်ပွဲရဲ့ လွှတ်လပ်ပြီးတရားမျှတမှု ရှိ မရှိဆိုတာမှတည်ပြီး အနောက်နိုင်ငံတွေက အန်ရှင်ရုပ်သိမ်းမယ် ပြောထားတယ်။ အခုရွေးကောက်ပွဲ ပြီးသွားပြီဆိုတော့ အနောက်နိုင်ငံတွေ အန်ရှင်ရုပ်သိမ်းဖို့ ဘယ်လိုဖြစ်လာမယ် ထင်လဲ။**

တရားမျှတသလား၊ မမျှတသလားဆိုတာ ခုန ပြောပြီးပြီ၊ နိုင်ခြင်း၊ ရှုံးခြင်း အပေါ်မှာမတည်ပါဘူး။ အတိုက်အလျောက်တော့ တော်တော်များများ ရွေးကောက်ပွဲက ကျေနပ်လောက်တဲ့ ဆောင်ရွက်မှုတွေရှိပါတယ်။ အထူးသဖြင့် လူထုရဲ့လွှတ်လပ်စွာ ထုတ်ဖော်ထုတ်ခွင့် ဒါကတော့ အသိအမှတ်ပြုရမှာပဲ။ အားနည်းချက်အနေနဲ့က လူထုက အလေ့အကျင့် အားနည်းတဲ့အခါကျတော့ သွေးရိုးသားရိုး မှားယွင်းတယ်။ ဒါတွေက ပြုပြင်လို့ရတယ်။ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တာလည်းတွေ့ရပါတယ်။

ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံချိန်မှာလည်း ပြောတယ်။ ဒီကိစ္စက ကျွန်တော်တို့ပြည်သူတွေ ဘယ်လောက် ဒီမိုကရေစီ အခွင့်အလမ်းတွေကို ကျင့်သုံးခွင့် ရသလဲ ခံစားနိုင်သလဲဆိုတဲ့ အချက်ကိုတိုင်းရမှာပေါ့။ စီးပွားရေးပိတ်ဆို့မှုနဲ့ ပတ်သတ်လို့ စဉ်းစားရာမှာလည်း စီးပွားရေးကိစ္စသက်သက်၊ နိုင်ငံရေးကိစ္စသက်သက် မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူထုရဲ့ လွှတ်လပ်ပွင့်လင်းမှု၊ ဒီမိုကရေစီခံစားခွင့် အပေါ် ပါဝင်ပတ်သက်တယ်။

ခုဆိုရင် ပထမဆုံး အခွင့်အလမ်းကောင်း တစ်ခုအနေနဲ့ ပါဝင်သွားပြီ။ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်ပြီဆိုရင် နိုင်ငံခြားအထောက်အပံ့တွေ၊ အကူအညီတွေ ရင်းနှီးမြှုပ်နှံမှုတွေကို ကျွန်တော်တို့ ပြည်သူတွေကို တကယ် ထိထိရောက်ရောက် အကျိုးရှိအောင် ဘယ်လို စီမံခန့်ခွဲမလဲဆိုတာ ဆွေးနွေးတိုင်ပင်လို့ရမယ်။ Common Ground ဘုံလုပ်ငန်းစဉ် တစ်ခုပေါ်ထွက်လာဖို့ မျှော်လင့်တယ်။

ပိတ်ဆို့ထားတဲ့ နိုင်ငံတွေကလည်း အဲဒီလို ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ ဘယ်လောက်ရမလဲ။ ဒီအတိုင်းသွားရင် အကျင့်ပျက်ခြစားမှုတွေ နိုင်ငံတော်ဘဏ္ဍာတွေ အရင်းအမြစ်တွေ၊ စီမံခန့်ခွဲမှုမှာ တကယ်လိုအပ်တဲ့ ပညာရေး ကျန်းမာရေးတွေမှာ ဘယ်လောက် သုံးစွဲသလဲ ကျွန်တော်တို့ ဘဏ္ဍာငွေကြေး ခွဲဝေမှုအစ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရမယ့်ကိစ္စတွေ။

နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ ငွေလဲလှယ်မှုနှုန်းတို့ အခွန် အကောက်စနစ် ရင်းနှီးမြှုပ်နှံမှုဥပဒေ စတဲ့အချက်တွေ အများကြီး ပူးပေါင်းဆောင်ရွက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တူညီတဲ့ အခြေခံကောင်းတွေ ပေါ်ထွက်လာဖို့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီမိုကရေစီအင်အားစုတွေ၊ တစ်ဖက်က အများစုအနိုင်ရထားတဲ့ ပြည်ခိုင်ဖြိုးပါတီနဲ့ တပ်မတော်အစုရှိတွေ၊ ပူးပေါင်းဆောင်ရွက်မှု လုပ်နိုင်တဲ့ အခြေအနေပေါ်မှာ မူတည်ပြီး တော့ စီးပွားရေးပိတ်ဆို့မှုနဲ့ ပတ်သက်ပြီး ကာယကံရှင်နိုင်ငံတွေက ဆုံးဖြတ်သွားပါ မယ်။

**အစ်ကို့ အနေနဲ့ရော ဆန်ရှင်ရုပ်သိမ်းမယ် မထင်ဘူးလား။**

ကျွန်တော်က ဆန်ရှင်အားလုံး ရုပ်သိမ်းမယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ ဒီပြုပြင်ပြောင်းလဲမှုတွေကို အသိအမှတ်ပြုတဲ့ လိုက်လျောမှုတွေ အသိအမှတ်ပြုမှုတွေ ဖြစ်လာလိမ့်မယ် မျှော်လင့်တယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေး ပညာရေးကဏ္ဍတွေမှာ နိုင်ငံတကာအကူအညီပေးမှုနဲ့ ပတ်သက်လို့ သဘောတူတယ်။ အဲဒီဟာတွေ ထိထိရောက်ရောက် ဖြစ်ဖို့အတွက် သင့်တင့်လျော်ကပ်တဲ့ စောင့်ကြည့် စစ်ဆေးနိုင်တဲ့ ယန္တရားစနစ်တစ်ခု လိုအပ်တယ်။ ပွင့်လင်းမြင်သာမှုရှိဖို့ လိုတယ်။ အကူအညီတွေ ပေးဖို့ကျတော့ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အတွက် အကူအညီတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ သဘောတူတယ်။

**ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ထူးခြားမှုထားတယ် ထင်လား။**

ကျွန်တော်ကတော့ တော်တော်လေး၊ ပွင့်လင်းလွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့် ရခဲ့တဲ့ ရွေးကောက်ပွဲ သို့သော် ထောက်ပြစရာ၊ ပြင်ဆင်စရာ အားနည်းမှုတွေလည်း ရှိခဲ့တဲ့ ရွေးကောက်ပွဲ အကောင်းအဆိုးဒွန်တွဲပြီး ရှိနေတယ်လို့ ပြောချင်တယ်။

Messager ဂျာနယ်

◆





**ထုတ်ဝေပြီးစာအုပ်**


၁။ ကိုကိုကြီး ပြောချင်လို့ပြောခဲ့တာတွေ အင်တာဗျူးများ(၁)


**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**


၁။ ရဲအောင်မင်း ဖဆပလအကွဲအပြဲ

၂။ ဒေါက်တာရန်မျိုးသိမ်း နိုင်ငံရေးအခင်းအကျင်းများ




www.burmeseclassic.com